မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်　၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၇ ရက်၊ ကြာသပတေးနေ့　အတွဲ (၅၉)၊ အမှတ် (၃၂၉)

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ပြည်သူသို့ ပန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ ပြည်သူသို့ ပန်ကြားချက်
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စိစစ်တွေ့ရှိမှုအရ ရခိုင်ပြည်နယ်တွင် ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID-19 ရောဂါ အတည်ပြုလူနာ (၁၈၁) ဦးရှိခဲ့ပြီး ၎င်းတို့မှ ဆင့်ပွားကူးစက်သူ အချို့သည်လည်း အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သို့ပါ၍ ၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ရခိုင်ပြည်နယ်အတွင်းမှ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများ၊ အခြားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ ရခိုင်ပြည်နယ် အတွင်းသို့ သွားလာခဲ့ပြီး မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် သက်ဆိုင်ရာ တာဝန်ရှိသည့်ဌာန၊ အဖွဲ့အစည်းများသို့ သတင်းပို့ကြရန်၊ ကျန်းမာရေးစစ်ဆေးမှုကို ကြည်ဖြူစွာခံယူပြီး သတ်မှတ်ထားရှိသော ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ Community Based Facility Quarantine နေရာများတွင် ၂၁ ရက် နေထိုင်ကြရန်နှင့် ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာကြပါရန် ပန်ကြားအပ်ပါသည်။

၃။ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူဆောင်ရွက်ခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ရခိုင်ပြည်နယ်အတွင်းနေထိုင်သော ပြည်သူများသို့ ပန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ ရခိုင်ပြည်နယ်အတွင်းနေထိုင်သော
ပြည်သူများသို့ ပန်ကြားချက်
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

၁။ ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါ ခေတ်ခွဲအတည်ပြုလူနာဦးရေ များပြားလာသဖြင့် ပြည်နယ်တစ်ခုလုံးအား ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ၂၆-၈-၂၀၂၀ ရက်နေ့တွင် အမိန့်အမှတ် ၉၇/၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရခိုင်ပြည်နယ်အတွင်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ စားနပ်ရိက္ခာထောက်ပံ့မှုများနှင့် ရောဂါ ကာကွယ် တားဆီး ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များအား နိုင်ငံတော်အစိုးရက အပြည့်အဝဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအနေဖြင့် မိမိနေရပ်တွင်သာ နေထိုင်ကြပါရန်နှင့် ပြည်နယ်အတွင်း ခရီးသွားလာခြင်းနှင့် ပြည်နယ်ပြင်ပ အခြားဒေသများသို့ ခရီးထွက်ခွာခြင်းကို မလိုအပ်ဘဲ မပြုလုပ်ကြရန် ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❀

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)အား ပြည်ထောင်စုလွှတ်တော်က အတည်ပြု

နေပြည်တော် ဩဂုတ် ၂၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ထံမှ ပေးပို့ထားသော ပြည်ထောင်စုသဘာတူစာချုပ် အစိတ်အပိုင်း(၃)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အဆိုပါ သဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု

စာမျက်နှာ ၇ ကော်လံ ၁ ❑

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ရောဂါကာကွယ်ရေးနှိုးဆော်ချက်များ တိတိကျကျလိုက်နာနေထိုင်ကြဖို့လို

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အတည်ပြုလူနာအရေအတွက် ရုတ်တရက် များပြားလာသည်။ အတည်ပြုလူနာများမှာ ပြည်တွင်းကူးစက်မှုများဖြစ်နေခြင်းကလည်း စိုးရိမ်ဖွယ်ရာပင် ဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စောစောပိုင်းကတည်းကပင် ပြည်တွင်း၌တွေ့ရှိရသည့် အတည်ပြုလူနာ ၆၀ ရာခိုင်နှုန်းကျော်ကျော်တွင် မည်သည့်ရောဂါလက္ခဏာမှ ပြသခြင်းမရှိဘဲ လူကောင်းပကတိအတိုင်း တွေ့မြင်ရခြင်းကြောင့် ကူးစက်လူနာများ ရုတ်တရက်အမြောက်အမြား ပေါ်လာနိုင်ကြောင်း သတိပေးထားခဲ့ရာ ယခုရင်းအခြေအနေသို့ ရောက်ရှိနေပြီလားဟု ယူဆစရာဖြစ်သည်။

ကိုဗစ်-၁၉ ပြည်တွင်းကူးစက်မှု အများအပြားတွေ့ရှိလာခြင်းကြောင့် ရောဂါထိန်းချုပ်ရေး အစီအမံများကို ကြပ်ကြပ်မတ်မတ် ပြန်လုပ်ရန် ပြည်သူတစ်ယောက်ချင်းစီကလည်း မိမိကိုယ်ကိုယ် ကာကွယ်ရေးနှင့် မိမိပတ်ဝန်းကျင်အသိုက်အဝန်းကို ကာကွယ်နိုင်ရေးအတွက် မိမိကိုယ်ကိုယ် တာဝန်ယူရန် လိုအပ်လာသည်။ လက်တွေ့အားဖြင့် တွေ့မြင်နေရသည့် အများစုမှာမူ ကူးစက်ရောဂါနှင့် အတူယှဉ်တွဲနေထိုင်မှု နေသားကျလာသည့်သဘော သို့မဟုတ် အလေးအနက်မပြုတော့သည့်သဘောနေထိုင်သွားလာနေကြခြင်းပင် ဖြစ်သည်။ မိမိတို့နိုင်ငံတွင် ခတ်ခွဲအတည်ပြုလူနာအရေအတွက် ရာဂဏန်းအနည်းငယ်နှင့် ရောဂါကြောင့် သေဆုံးသူ ခြောက်ဦးမျှသော ကိန်းဂဏန်းတို့ကိုကြည့်ကာ ကိုဗစ်-၁၉ ရောဂါအပေါ် ပေါ့ပေါ့ဆဆနှင့် လျှော့မတွက်မိကြရန်လည်း နှိုးဆော်လိုသည်။ မိမိတို့နိုင်ငံထက် ခနအင်အား ကြီးမားတောင့်တင်းပြီး နည်းပညာမြင့်မားသည့် ကမ္ဘာ့နိုင်ငံကြီးအချို့တို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သန်းနှင့်ချီ၍ ရောဂါဝေဒနာ ခံစားကြရပြီး သိန်းနှင့်ချီ၍ အသက်ဆုံးရှုံးမှုများ ရှိနေသည်ကို သတိပြုကြဖို့ သင်ခန်းစာယူနိုင်ကြဖို့လိုသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးအတွက် လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးကြရမည့် အချက်များကို လျစ်လျူရှုပြီး ကိုယ့်လွတ်လပ်ခွင့်နှင့်ကိုယ် နေချင်သလိုနေခဲ့ကြရာမှ ယင်းအခြေအနေသို့ ဆိုက်ရောက်ခဲ့ကြရခြင်းဖြစ်သည်။

ကိုဗစ်-၁၉ရောဂါ ပြည်တွင်းကူးစက်မှုနှုန်း မြန်ဆန်ခြင်းနှင့် အရေအတွက်များပြားလာခြင်း အခြေအနေသစ်ကြောင့် ရောဂါကူးစက်မှု ထိန်းချုပ်ရေးဆိုင်ရာ နှိုးဆော်ချက်များကို တာဝန်ရှိသူတို့က ပြန်လည်ဆော်ဩ တိုက်တွန်းမှုများ ပြုလုပ်လာကြသလို စေတနာ့ဝန်ထမ်း လူမှုအဖွဲ့အစည်းများကလည်း ကိုဗစ်-၁၉ ကာကွယ်ရေးတွင် ပူးပေါင်းပါဝင်မှုများ ပြန်လည်စတင်လာကြသည်ကိုလည်း တွေ့လာရသည်။ တစ်ဖန် ကိုဗစ်-၁၉ ကူးစက်မှု အစပိုင်းကကဲ့သို့ပင် ပါးစပ်၊ နှာခေါင်းစည်းဈေးကစားမှုများကို ဝိသမလောဘသား မသမာသူအချို့က ပြုလုပ်လာကြသည်ကိုလည်း ကြားသိရသည့်အတွက် ဝိုင်းဝန်းဖော်ထုတ်အရေးယူမှု ပြုလုပ်နိုင်သည်နှင့်အမျှ မသမာမှုများ လျော့ပါးသွားမည်ဟု ယုံကြည်မိသည်။

မည်သို့သော အခြေအနေသို့ ရောက်စေကာမူ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမှ ရှောင်ရှားနိုင်ရေးအတွက် လူစုလူဝေးကို ရှောင်ရှားရန်၊ ပြင်ပသို့ မဖြစ်မနေသွားရမည်ဆိုပါက ပါးစပ်၊ နှာခေါင်းစည်းကို မပျက်မကွက် တပ်ဆင်ကြရန်၊ လက်နှစ်ဖက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် စနစ်တကျဆေးကြောမှု မကြာမကြာ ပြုလုပ်ရန်၊ တစ်ယောက်နှင့်တစ်ယောက်အနည်းဆုံး ခြောက်ပေအကွာတွင် နေကြရန်၊ တတ်နိုင်သမျှ အိမ်ထဲမှာသာ နေကြရန် ပင်ဖြစ်ပါကြောင်း။ ။

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့် အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထု တစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -

COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၅-၈-၂၀၂၀) ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ

စဉ်	အလှူရှင်အမည်	ကျပ်(သိန်းပေါင်း)
၁။	မလေးရှားနိုင်ငံ သီရိမင်္ဂလာ ဓမ္မာရုံကျောင်းနှင့် ရန်ကုန်မြို့ ရာပြည့်မစိုးရိမ်ကျောင်း ဆရာတော် အရှင်ကောသလ္လ (သာသနဇဓ ဓမ္မာစရိယ)	5.00
၂။	နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစု	36.00
၃။	ဦးခင်မောင်ဝေအား ရည်စူး၍ ဒေါ်လှလှမြင့်၊ ရန်ကုန်မြို့	500.00
၄။	ဦးသန်းမြင့် + ဒေါ်တင်မာ၊ ကောင်းကြွယ်လှ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ အင်းစိန်မြို့	10.00
၅။	ဒေါ်ခင်လေးညိုနှင့် ငွေစာရင်းမိသားစု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးရုံး	1.36
၆။	ကိုနေထက်အား ရည်စူး၍ ဦးတင်မို + ဒေါ်ခင်အုံးမြင့် မိသားစု၊ ပြည်မြို့	1.00
၇။	ဒေါ်တင်ကြည်မိသားစု၊ သာကေတမြို့	1.00
၈။	ဒေါ်မြတ်နီလာ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးရုံး	0.50
	စုစုပေါင်း	554.86

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွင့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ပျိုးမည့်တောင်သူများအား ထောက်ပံ့

လားရှိုး ဩဂုတ် ၂၆

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ဟူးမွန်ကျေးရွာအုပ်စု ဟူးမွန်စိုက်ပျိုးရေး ရှင်းလင်းဆောင်၌ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက နိုင်ငံတော်၏ ထောက်ပံ့ပေးမှုဖြင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP) အရ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ Rs-Cs မျိုးသန့် မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား ဒုတိယအရစ်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနား၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွင့်က ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် တစ်ကမ္ဘာလုံးစိန်ခေါ်မှုများ ရင်ဆိုင်နေရချိန်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းများ ထပ်ဆင့်ဖြစ်ပေါ်လာနိုင်မှုကြောင့် အခြားထိခိုက်မှုများအပြင် စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်လာနိုင်သည်ကို ကြိုတင်မျှော်တွေးပြီး တောင်သူဦးကြီးများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ ဖြေရှင်းနိုင်မည့် အစီအမံများချမှတ်ရန် လိုအပ်နေပြီး တောင်သူများအနေဖြင့် နိုင်ငံတော်မှ ပေးအပ်သော ထောက်ပံ့ငွေများကို မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းမှာ အလေအလွင့်မရှိအောင် အသုံးချ၍ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင် ဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း တောင်သူများနှင့်အတူ ပညာပေး ကွင်းဆင်းဆောင်ရွက်ကြရန်၊ မျိုးကွဲပယ်သည့်အချိန်များတွင်လည်း ကျွမ်းကျင်ပညာရှင်များနှင့်အတူ တောင်သူများ အမြဲထိတွေ့ရန် လိုအပ်ကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခုလုံးတွင် ခရိုင်ခြောက်ခရိုင်အတွင်း တောင်သူ ၅၇၆ ဦးတို့ စိုက်ပျိုးသော အဆိုပါ မျိုးစပါးမျိုးစေ့ထုတ်ထောက်ပံ့ငွေကေ ၁၄၅၅

ဧကေ အတွက် ပေးအပ်ထောက်ပံ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့သည် မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား လားရှိုးခရိုင်အတွက် ငွေကျပ် ၂၅၀၂၅၀၀၀၀ ၊ မူဆယ်ခရိုင်အတွက် ငွေကျပ် ၈၄၅၀၀၀၀၀ ၊ကျောက်မဲခရိုင်အတွက် ငွေကျပ် ၂၁၄၅၀၀၀၀၀၊ မိုးမိတ်ခရိုင်အတွက် ငွေကျပ် ၂၂၁၀၀၀၀၀၀၊ လောက်ကိုင်ခရိုင်အတွက် ငွေကျပ် ၁၃၀၀၀၀၀၀၀ ၊ ဟိုပန်ခရိုင်အတွက် ငွေကျပ် ၄၅၅၀၀၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၉၄၅၇၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ (အပေါ်ပုံ)

ဟန်ဌေး(လားရှိုး)

ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ်အတွက် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်

စစ်တွေ ဩဂုတ် ၂၆

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်က ဩဂုတ် ၂၆ ရက်တွင် ငွေကျပ်သိန်း ၆၀၀ ခန့် တန်ဖိုးရှိ ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ခုနစ်မျိုးကို ပြည်နယ်အစိုးရထံသို့ Air KBZ အရေးပေါ်ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

Air KBZ အရေးပေါ်ကယ်ဆယ်ရေး အထူးလေယာဉ်တွင် ကိုဗစ်-၁၉ ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်အိတ် ၃၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်မှန် ၂၀၀၊ နိုင်ငံတကာအဆင့်မီ PPE ဝတ်စုံ ၂၀၀ နှင့် အပူချိန်တိုင်းစက် ၁၀၀ စသည်တို့ ပါဝင်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်မှ လှူဒါန်းသည့် ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ခုနစ်မျိုးကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်သို့ ပို့ဆောင်နိုင်ရန် ပျံသန်းပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဩဂုတ် ၂၄ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုထံသို့ ကမ္ဘောဇဘဏ်က အသွားအလာကန့်သတ်ထိန်းချုပ်မှု ဝင်ရောက်နေကြသည့် စောင့်ကြည့်လူနာများ အနက်မှ နေ့စဉ်စားသောက်စရိတ်ခက်ခဲနေသော ပြည်သူတစ်ဦးကို တစ်ရက်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန် အလှူ ငွေကျပ် သိန်း ၃၀၀ ကို ကြိုတင်ပေးအပ် လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှ ယနေ့အချိန်ထိ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၀၄၂ သိန်းလှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။ ကိုကျော်

ပြည်သူသာလျှင် အဓိက

❁ *ရှေ့ဖုံးမှ*

၃။ ရခိုင်ပြည်နယ်အတွင်း နေထိုင်သော ပြည်သူများအနေဖြင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်နှင့် အခြားအရေးပေါ်ကိစ္စရပ်များအတွက် မဖြစ်မနေ ခရီးသွားရောက်ရန် ရှိပါကလည်း သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူပြီးမှသာ သွားရောက်ကြရန်နှင့် ရောက်ရှိသည့်နေရာ၌ သက်ဆိုင်ရာ တာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ကျန်းမာရေးစစ်ဆေးမှုကို ကြည်ဖြူစွာခံယူပြီး ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ သတ်မှတ်ထားရှိသော Community Based Facility Quarantine နေရာများတွင် ၂၁ ရက် နေထိုင်ကြရန်နှင့် ထုတ်ပြန်ထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြပါရန် ပန်ကြားအပ်ပါသည်။

၄။ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူဆောင်ရွက်ခြင်း ခံရမည်ဖြစ်ကြောင်း အသိပေး ပန်ကြားအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာတင်မ်အန်ဒါလင် ဦးဆောင်သော အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စံသတ်မှတ်ချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct) ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု၊ ကျင့်ဝတ်စာအုပ်များ ပုံနှိပ်ဖြန့်ဝေရေးအတွက် ဆွစ်ဇာလန်သံရုံး က အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများက ကျင့်ဝတ်အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လေ့လာမည့်ကော်မတီ ဖွဲ့စည်းဆောင်ရွက်မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆွစ်ဇာလန်သံရုံးမှ လေ့လာသွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့သွားလာလျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ၊ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စများအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှ လည်းကောင်း ဝင်/ထွက်ခွင့် မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၇-၈-၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင် သက်ရောက်သည်။

၇။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၂၀-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၉၃/၂၀၂၀ နှင့် ၂၅-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၉၆/၂၀၂၀ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၃/၂၀၂၀
၁၃၈၂ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၂၆ရက်)

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်း ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (င)၊(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး ကျော်လင်းအောင် ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID- 19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၉-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

မြစ်ငယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ သတိပြုနေထိုင်ရန်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ငယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြင်ဆင်ချက်အဆို တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယအမှုဆောင်အရာရှိနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းဥပဒေပြုစုရေးဆွဲမှုအပေါ် အကူအညီပေးရေး အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၆

လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်း ရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းဥပဒေ ပြုစုရေးဆွဲမှုအပေါ် အကူအညီပေးရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ Virtual Meeting စနစ်ဖြင့် ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ILO (ရန်ကုန်ရုံး) မှ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Mr. Donglin Li ၊ ILO Vision Zero Fund မှ Senior Technical Advisor Ms. Mariana ၊ နိုင်ငံတကာ အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ Mr. Kevin Myers ၊ အထွေထွေအတွင်းရေးမှူး Mr. Ho Siong Hin ၊ စင်ကာပူနိုင်ငံ လူ့စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအတွက် အထူးသဖြင့် အလုပ်သမားများအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေမူဘောင် အဆင့်မြှင့်တင်ရန် နည်းဥပဒေများ ပြုစုရေးဆွဲရေးကို ILO အဖွဲ့ဝင်များ၊ နိုင်ငံတကာ ကျွမ်းကျင်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြမည့် လုပ်ငန်းစဉ်အပေါ် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်ကို လုပ်ငန်းကဏ္ဍတစ်ခုချင်းစီအလိုက် သီးခြားဥပဒေ၊ နည်းဥပဒေများနှင့် သီးခြားအဖွဲ့အစည်းတို့က အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ပုံစံ (Fragmented System) ဖြစ်ကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ မရရှိသေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားအဆင့် မူဝါဒနှင့် လုပ်ငန်းစီမံချက်များ ချမှတ်ရန် လိုအပ်ခြင်းကြောင့် အလုပ်သမားများအပေါ် မှန်မှန်နှင့် ပြည့်ပြည့်ဝဝ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ပေးနိုင်ရန် အားနည်းချက်များ တွေ့ကြုံနေရကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်များဖြစ်ပေါ်ရန်၊ အကျိုးဝင်မှု မရှိသေးသည့် လုပ်ငန်းကဏ္ဍများ အကျိုးဝင်လာရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဖွဲ့အစည်းတစ်ခုက ဦးဆောင်ပြီး တာဝန်ယူ အကောင်အထည်ဖော်သည့် အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာစေဖို့ ရည်ရွယ်ချက်များနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနမှ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအသစ်တစ်ရပ်ကို ပြုစုရေးဆွဲခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ၂၀၁၉ ခုနှစ် မတ်လတွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း။

ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးသည် လူတိုင်းအတွက် သက်ဆိုင်သည့် အရေးကိစ္စဖြစ်၍ ILO ၏ ကူညီပံ့ပိုးမှုသည် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် များစွာ အထောက်အကူပြု အကျိုးရှိစေမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူများက မိမိတို့၏ အတွေ့အကြုံ ဗဟုသုတများအပေါ် အခြေခံပြီး တက်ကြွစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မှ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Mr. Donglin Li က နည်းဥပဒေပြုစုရေးဆွဲမှုအပေါ် ILO မှ လိုအပ်သည့် နည်းပညာအကူအညီများ ထောက်ပံ့ပေးရန် ကတိကဝတ်ပြုပါကြောင်း အမှာစကားပြောကြားပြီး ILO အဖွဲ့ဝင်များနှင့် နိုင်ငံတကာအလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ (IALI) တို့မှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ဆောင်ချက်များကို မိတ်ဆက်တင်ပြခဲ့ကာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက ဦးစီးဌာနအနေဖြင့် လက်ရှိရေးဆွဲလျက်ရှိသည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးရာ တက်ရောက်လာသည့် ILO အဖွဲ့ဝင်များ၊ နိုင်ငံတကာ ကျွမ်းကျင်သူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သောကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သော ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ဩဂုတ် ၂၅ ရက်တွင် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ အာရှရေးရာဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တို့က Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu နှင့် ကိုယ်စားလှယ် သုံးဦးတို့သည် နေပြည်တော်မှလည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ အာရှရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun နှင့် ကိုယ်စားလှယ် (၁၂) ဦးတို့သည် ပေကျင်းမြို့မှလည်းကောင်း Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသ၌ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေး၊ နယ်စပ်ကုန်သွယ်မှုအများဆုံး ဆောင်ရွက်လျက် ရှိသည့် မူဆယ်-ရွှေလီဒေသ၌ ယာဉ်ကြောကျပ်တည်းမှုအား နှစ်ဖက်အတူတကွ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရေး၊ နယ်စပ်ဒေသမှ ဆန်၊ ပြောင်း၊ သစ်သီးဝလံများနှင့် ရေထွက်ကုန်များ ပိုမိုလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် အဓိကတာဝန်ယူ ဆောင်ရွက်နေသည့် ယူနန်ပြည်နယ်နှင့် အနီးကပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ဘိန်းအစားထိုးသီးနှံနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ငါးနှစ်ဖွံ့ဖြိုးမှုစီမံကိန်း (Five-Year Development Program for Economic and Trade Coopera-tion) အား နှစ်ဖက်သက်ဆိုင်ရာဌာနများမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသတွင်းကုန်သွယ်မှုအတွက် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံများနှင့် ရေထွက်ကုန်ပစ္စည်းများ လွယ်ကူစွာတင်ပို့နိုင်ရန်အတွက် နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ရောဂါပိုးမွှားကင်းစင်ရေးဆိုင်ရာ သဘောတူစာချုပ်များ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရေး၊ မြန်မာနိုင်ငံမှ တင်ပို့လိုသည့် ကုန်စည်အမယ်အသစ်များအား ဦးစားပေးအမယ်အလိုက် စာရင်းပြုစု၍ တရုတ်နိုင်ငံ၊ GACC သို့ ပေးပို့သွားရန်နှင့် GACC မှ အမြန်ဆုံး ဦးစားပေးဆောင်ရွက်သွားရန် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား သဘောတူထားပြီးဖြစ်သည့် ဟိုဆောင်အမှတ်(၄)ဂိတ်နှင့် ကျိုက်စမ်းကျော့ (မန်းမန်-နွှမ်းရင်) ဂိတ်တို့အား အပြန်အလှန်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဂိတ်အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုတိုးတက်စေရေးအတွက် 3rd CIIE, 17th CAEXPO အပါအဝင် ကုန်စည်ပြပွဲများကို ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်စေရေးအတွက် နှစ်ဖက်ကုန်သည်များအကြား တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားရန်၊ ကုန်သွယ်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးများအား အပြန်အလှန်ကျင်းပရေး၊ နှစ်နိုင်ငံအကြား e-Commerce ဆိုင်ရာ MOU တစ်ရပ်အား မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးနိုင်ရေးနှင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဘဏ်ငွေကြေးဆိုင်ရာလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာဗဟိုဘဏ်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၂၁ ခုနှစ် မတ်လအတွင်း ကျင်းပဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ယခုအစည်းအဝေး ကျင်းပရခြင်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့်ကာလအတွင်း ဇန်နဝါရီ ၁၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) ဝန်ကြီး Mr. Zhong Shan တို့ လက်မှတ်ရေးထိုးခဲ့ကြသော ချောမွေ့သောကုန်သွယ်မှု မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူများအနေဖြင့် လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရယူသည့်နည်းတူ မြေခွန်တော်များကို ဥပဒေနှင့်အညီ ပေးအပ်ရန် တာဝန်ရှိပါကြောင်း၊ ပေးအပ်ခြင်းမပြုပါက အစည်းအဝေးများတွင် အတည်ပြုဖွဲ့စည်းထားသည့် အထူးအဖွဲ့များဖြင့် ကွင်းဆင်းစိစစ်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး က အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများအလိုက်တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လက်ရှိအစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် အမှုတွဲများအား စိစစ်တင်ပြခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၅/၂၀၂၀) နှင့် (၂၄/၂၀၂၀) အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ယခင် ဗဟိုအဖွဲ့က ခွင့်ပြုထားသည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာခြင်း ကိစ္စရပ်များ၊ ယခုအစိုးရကာလ သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထားမှတ်ချက် ပြန်ကြားလာသည့် အမှုတွဲများ စိစစ်တင်ပြခြင်းကိစ္စရပ်များ၊ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများသည် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး ပေးဆောင်ရမည့် မြေခွန်များကို ပေးဆောင်ရန် ပျက်ကွက်နေမှုအား ဥပဒေပုဒ်မ ၂၁ နှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပေးထားသည့် အထူးအဖွဲ့များအား အစားထိုးပြင်ဆင်ဖွဲ့စည်းပေးခြင်း ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် အသုံးပြုခွင့်၊ လုပ်ပိုင်ခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စရပ်များ နှင့် ကျေးရွာသုံး ထင်းစိုက်ခင်းနယ်မြေ သတ်မှတ်ရေးကိစ္စ၊ ဒေသခံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်နယ်မြေများ ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တရုတ်-မြန်မာ ပူးတွဲသုတေသနစီမံကိန်းများ စတင်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၂၆

တရုတ်-မြန်မာ ပူးတွဲသုတေသန စီမံကိန်းများ စတင်ခြင်းအခမ်းအနားကို ယနေ့ညနေ ၄ နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ ကောင်စစ်ဝန် Ms. Yang Chenceng နှင့် သံရုံးအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပခဲ့သော ပထမအကြိမ် သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တရုတ်-မြန်မာ ပူးတွဲကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ရွေးချယ်ထားသော ပူးတွဲသုတေသနစီမံကိန်း ၁၀ ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တရုတ်ယွမ်ငွေ ၁၅ သန်း ထောက်ပံ့မည့် အစီအစဉ် စတင်ခြင်းအထိမ်းအမှတ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ရာစုနှစ်ရှည်လျားစွာ တည်တံ့ခိုင်မြဲခဲ့သော တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာကျောင်းသားများအတွက် နှစ်စဉ်ပညာသင်ဆုများ ချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ပထမအကြိမ် တရုတ်-မြန်မာ ပူးတွဲသုတေသန စီမံကိန်းများတွင် စိုက်ပျိုးရေးကဏ္ဍ၊ သောက်သုံးရေသန့်ရှင်းလုံခြုံရေးကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ တိုင်းရင်းဆေးပညာကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ကာကွယ်ရေး ကဏ္ဍနှင့် တိကျစွာ တိုင်းတာခြင်းနည်းပညာနှင့် စံချိန်စံညွှန်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး ကဏ္ဍတို့မှ လျှောက်လွှာခေါ်ဆိုခဲ့ပြီး စီမံကိန်း ၆၃ ထဲမှ ၁၀ ခုကို ရွေးချယ်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ တရုတ်ယွမ် ၁၅ သန်းထက်မပိုသော ထောက်ပံ့ငွေဖြင့် တရုတ်နိုင်ငံ၏ တက္ကသိုလ်များ၊ သုတေသနဌာနများ၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ၏ တက္ကသိုလ်များ၊ သုတေသနဌာနများ ပူးတွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၁၉၅၀ ပြည့်နှစ်မှစ၍ ထူထောင်ခဲ့သော တရုတ်-မြန်မာ သံတမန်ဆက်သွယ်ရေး နှစ် ၇၀ ပြည့်မြောက်သော ယခု ၂၀၂၀ ပြည့်နှစ်မှ စတင်၍ ပူးတွဲသုတေသန၊ လူငယ်သိပ္ပံပညာရှင်များ လည်ပတ်ရေး အစီအစဉ်နှင့် နည်းပညာဖလှယ်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်နယ်ပယ်အသီးသီးမှ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုလေးနက်ခိုင်မာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမေရိကန်သံရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ Distance Learning Capacity အတွက် အထောက်အကူပြုပစ္စည်းများပေးအပ်

နေပြည်တော် ဩဂုတ် ၂၆

အမေရိကန်သံရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ Distance Learning Capacity အတွက် အထောက်အကူပြုပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. George Sibley က Distance Learning Capacity အတွက်အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ရသည့် ရည်ရွယ်ချက်နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယင်းအထောက်အကူပြု ပစ္စည်းများသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ Distance Learning Capacity ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ကူးစက် ရောဂါ ထိန်းချုပ်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းများနှင့် ဥပဒေအရာရှိများ အရည်အသွေး မြှင့်တင်ရေးအတွက် အလွန်အသုံးဝင်ပါကြောင်း၊ ယင်းပစ္စည်းများသည် ကိုဗစ်-၁၉ အလွန် ကာလတွင်လည်း ဥပဒေအရာရှိများ အရည်အသွေး မြှင့်တင်ရာတွင် အဝေးရောက်သင်ကြားရေးစနစ်ကို အထောက်အကူပြုပါကြောင်း၊ ဥပဒေအရာရှိများ၏ အရည်အသွေး မြှင့်တင်ရေးတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များသာမက ယခုကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များအား အမေရိကန်သံရုံးမှ ထောက်ပံ့ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါပစ္စည်းများကို နေပြည်တော်အပြင် တောင်ကြီး၊ လှိုင်ကော်၊ မကွေး၊ ဟားခါး၊ ဘားအံ၊ ထားဝယ်၊ စစ်တွေ စသောမြို့များရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံးများသို့ ထောက်ပံ့ ပေးအပ်သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ **(ယာအပေါ်ပုံ)**

အခမ်းအနားတွင် အမေရိကန်သံရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အမေရိကန်ဒေါ်လာ သုံးသောင်းခန့် တန်ဖိုးရှိ Distance Learning Capacity အထောက်အပံ့ပစ္စည်း ရှစ်မျိုးကို ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

စိန်ခေါ်မှုတစ်ရပ်ဖြစ်

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ယခုနှစ်ပြုလုပ်သည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အချိန်ကာလသည် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေးအဖြစ် သတ်မှတ်၍ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာနများ၊ အဖွဲ့အစည်းများ အားလုံး နေ့မအား၊ ညမနားဆောင်ရွက်လျက်ရှိသည့်အချိန်နှင့် တိုက်ဆိုင်နေသောကြောင့် ထိုသို့ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဦးစွာပထမ ပြောကြားလိုပါကြောင်း၊ ယခုလက်ရှိတွင် ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ဖြစ်ပွားမှုမှာ မျိုးဗီဇပြောင်းလဲသည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်နိုင်ပြီး များပြားသောပိုးတွေ့လူနာများ တွေ့ရှိနေရသဖြင့် ဝန်ကြီးဌာနအတွက် အလွန်အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါကြောင်း၊ ရခိုင်ပြည်နယ်သို့ ညွှန်ကြားရေးမှူးအဆင့်ရှိ ကပ်ရောဂါဗေဒပညာရှင် ဦးဆောင်သည့် ဗဟိုကွင်းဆင်းအဖွဲ့၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကုသမှုအထောက်အကူပြု ပညာရှင်များကို လိုအပ်သည့် ဆေးနှင့် ပစ္စည်းကိရိယာများကို အထူးလေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ပြီး ကပ်ရောဂါ အခြေအနေအပေါ်မူတည်၍ ထပ်မံလိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ပစ္စည်းကိရိယာများကိုလည်း ပို့ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်ရေး ကွင်းဆင်းအဖွဲ့ တစ်ဖွဲ့၊ ဆေးပညာနှင့် မေ့ဆေးအထူးကုများ၊ ဆရာဝန်များနှင့် သူနာပြုများ စုစုပေါင်း ၄၂ ဦးကိုလည်း အထူးလေယာဉ်ဖြင့် ၂၇ ရက်တွင် စေလွှတ်ရန် စီစဉ်ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၌ ကိုဗစ်-၁၉ အရေးပေါ် ကွပ်ကဲမှုဌာန ဖွင့်လှစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဗဟို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး ကွပ်ကဲမှုဌာနနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆေးရုံပိုင်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ၊ ဆေးနှင့် ဆေးပစ္စည်း ထောက်ပံ့ဖြည့်ဆည်းခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြည်နယ်နှင့် ချိတ်ဆက်ကာ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များကို ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးထံသို့ တိုက်ရိုက်ချိတ်ဆက် ပြောကြားထားပြီးဖြစ်ကာ ဆက်လက်၍လည်း ချိတ်ဆက် ပြောကြားလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် တစ်ချိန်တည်း၌ ရေရှည်တွင် ရင်ဆိုင်ရမည့် ကျန်းမာရေးပြဿနာများ လျော့နည်းစေရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးရေး အထောက်အကူပြုသည့် လုပ်ငန်းများကို လျစ်လျူရှု၍မရပါကြောင်း၊ မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ကိစ္စရပ်များသည် နိုင်ငံတွင်းရှိ ပြည်သူများအတွက် ရေရှည်တွင် အကျိုးရှိသည့် ကိစ္စရပ်ဖြစ်ပါကြောင်း။

အားထည့်၍ ဆောင်ရွက်မည်

ကလေးငယ်၏ မိခင်ကိုယ်တိုင်လည်း အာဟာရပြည့်ဝကျန်းမာကာ ကလေးငယ်အား မွေးဖွားပြီး အသက် (၆) လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းဖြင့် ကလေးငယ်၏ ဘဝအစ အခြေခံအုတ်မြစ် ကောင်းမွန်ကာ ရောဂါခုခံနိုင်စွမ်းမြင့်မားခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု ကောင်းမွန်ခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သိမြင်နိုင်စွမ်းဖွံ့ဖြိုးမှုများ ကောင်းမွန်ခြင်း အကျိုးများ ရရှိစေမည်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအစီအစဉ်များကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် မပြုလုပ်တော့ပါကြောင်း၊ သို့သော် မြို့နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၌ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး၊ ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် အိုင်အိုဒင်းချို့တဲ့မှုရောဂါများ ပပျောက်ရေးနှင့် အစာတွင် အဏုအာဟာရဖြည့်စွက်ရေးလုပ်ငန်း ပုံမှန်အစီအစဉ်ကို အားထည့်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဤကိစ္စရပ်များအားလုံးတွင် အခြေခံကျန်းမာရေးပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထို့အပြင် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ကျန်းမာရေးအသိပညာဗဟုသုတများကို ကိုယ်ဝန်ဆောင်အချင်းချင်း မျှဝေအသိပေးလာစေရန် စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း။

မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈) အရ မြန်မာနိုင်ငံရှိ အိမ်ထောင်စု (၈၅ ရာခိုင်နှုန်း) သည် အိုင်အိုဒင်းဆား စားနေသော်လည်း အိမ်ထောင်စုအဆင့်မှာ အိုင်အိုဒင်း 15 ppm နှင့် အထက်ပါဝင်သော "စံမီအိုင်အိုဒင်းဆား" စားသုံးမှုသည် (၃၇ ရာခိုင်နှုန်း) သာ ရှိပါကြောင်း၊ အိုင်အိုဒင်း စားသုံးမှုသည် ဦးနှောက်နှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အင်အားကို အသုံးချဆောင်ရွက်ရမည့်အပြင် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းချိတ်ဆက် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အနေဖြင့် ကျန်းမာရေးအသိပညာပေး စာသားများ ရေးထိုးထားသည့် ပါးစပ်နှင့်နှာခေါင်းစည်း (mask) များကို ကျန်းမာရေးဌာနများတွင် လာရောက်ပြသသူများထံ ဖြန့်ဝေမည်ဖြစ်ပါကြောင်း၊ သတင်းမီဒီယာများ အနေဖြင့်လည်း အာဟာရဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာဗဟုသုတများကို ပြည်သူများထံသို့ တစ်နှစ်ပတ်လုံး ဖြန့်ဝေပေးစေလိုပါကြောင်း ပြောကြားသည်။

နှုတ်ခွန်းဆက်စကား ပြောကြား

ထို့နောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost တို့က Video Conferencing စနစ်ဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Virtual Exhibition အဖြစ် မိတ်ဖက်အဖွဲ့အစည်းများက ဆောင်ရွက်နေသော အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု မှတ်တမ်းရုပ်သံ ဗီဒီယိုများကို ပြသသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Video Conferencing စနစ်ဖြင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

ကုလသမဂ္ဂ ထူထောင်သည့် ၇၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် UN 75 Initiative အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လူငယ်အဖွဲ့အစည်းများ ပါဝင်သော "အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရေး" အွန်လိုင်းစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကော်မရှင်ရုံး၌ Video Conferencing စနစ်ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**

ပွင့်လင်းစွာမျှဝေဆွေးနွေး

ဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က UN 75 Initiative ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအတွက် ဦးစားပေးအစီအစဉ်များကို ပုံဖော်ရာတွင် တစ်နှစ်အတွင်းပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ၌ ကမ္ဘာ့လူထုတစ်ရပ်လုံးက ပါဝင်ဆွေးနွေးနိုင်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ အစိုးရဌာနများ၊ စီးပွားရေး လုပ်ငန်းများနှင့် အရပ်ဘက်လူငယ်အဖွဲ့အစည်းများ ပါဝင်ဆွေးနွေးသဖြင့် UN 75 အမှတ်တံဆိပ်တွင် ဖော်ပြသည့်အတိုင်း ကမ္ဘာကြီး၏ အနာဂတ်ကို ပုံဖော်ရာတွင် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရများအပေါ်တွင်ထားရှိသော မျှော်လင့်ချက်များ၊ အစိုးရများထံမှ လိုလားတောင့်တသော ဝန်ဆောင်မှုများနှင့် ရယူခံစားလိုသော လွတ်လပ်ခွင့်များ တစ်နေ့တခြား ပိုမိုတိုးပွားလာနေခြင်းသည် အစိုးရများ၏ စွမ်းဆောင်နိုင်မှု အခြေအနေနှင့် နှိုင်းချိန်စဉ်းစားပါက ကွာဟမှုများ ရှိနိုင်ကြောင်း၊ ထိုအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မကြာခဏတွေ့ကြုံနေရသော စိန်ခေါ်မှုဖြစ်ကြောင်း၊ စိန်ခေါ်မှုကို ရင်ဆိုင်ရာတွင် အစိုးရနှင့် ပြည်သူများအကြားတွင် ယုံကြည်မှုခိုင်ခိုင်မာမာ တည်ဆောက်ထားရန် အရေးကြီးပါကြောင်း၊ အစိုးရများအပေါ် ယုံကြည်မှုတိုးတက်မြင့်မားလာစေရန်အတွက် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ (SDGs) အပါအဝင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ မူဝါဒရေးရာ ရည်မှန်းချက်များကို အောင်မြင်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ကို ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၊ သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများနှင့် ကမ္ဘာမြေဟူ၍ မဏ္ဍိုင်ကြီး သုံးရပ်ကို အခြေခံ၍ ရေးဆွဲထားကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သူများက အတွေ့အကြုံများကို အခြေခံ၍ မိမိတို့၏ သဘောထားအမြင်များကို လွတ်လပ် ပွင့်လင်းစွာ မျှဝေဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Keynote Speaker အဖြစ် ဆောင်ရွက်ပြီး စကားဝိုင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် ၁၆ (SDGs-16) အား ရှင်းလင်းပြောကြားကာ ယုံကြည်မှုတည်ဆောက်ရာတွင် အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် အခြေခံအချက် (၈) ချက်အား အသေးစိတ်ဆွေးနွေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက Moderator အဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးဌာန (၁၆)ခု၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း (၂)ခု၊ စီးပွားရေးအဖွဲ့အစည်း (၁)ခု၊ အရပ်ဘက် လူမှုအဖွဲ့အစည်း (၃)ခုနှင့် လူငယ်အဖွဲ့အစည်း (၁)ခု အဖွဲ့အစည်းပေါင်း (၂၃) ခုတို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြပြီး ဘဏ်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရဝန်ထမ်းများ၊ တက္ကသိုလ်များမှ စိတ်ပါဝင်စားသူများက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

“ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အပိုင်း(၃)ပိုင်းပါဝင်သော အဆိုပြုချက်များကို တင်သွင်းခဲ့၊ ယင်းတို့မှာ အပိုင်း(၁)တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၅)ချက်၊ အပိုင်း(၂) ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဇယား(၁)၊ အပိုင်း(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူသဘောတူညီချက်(၅)ချက်တို့ဖြစ် ”

❑ ရွှေဖုံးမှ

ရပ်စဲရေး သဘောတူစာချုပ်အရ ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၆) ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့စသည်ဖြင့် အစုအဖွဲ့ (၃)ဖွဲ့၊ အဖွဲ့ဝင် (၄၈) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

(၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ၂၀၂၀ပြည့်နှစ် သြဂုတ် ၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် ဆွေးနွေးရရှိလာသည့် သဘောတူညီချက်များကို ၂၀၂၀ ပြည့်နှစ် သြဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ စတုတ္ထအစည်းအဝေးတွင် အပိုင်း(၃)ပိုင်းပါဝင်သော အဆိုပြုချက်များကို တင်သွင်းခဲ့ပါကြောင်း၊ ယင်းတို့မှာ အပိုင်း(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၅)ချက်၊ အပိုင်း(၂) ၂၀၂၀ အလွန်အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဇယား(၁)၊ အပိုင်း(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူသဘောတူညီချက်(၅)ချက်တို့ ဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက တင်သွင်းသော အထက်ပါ အဆိုပြုချက်များအား ၂၀၂၀ ပြည့်နှစ် သြဂုတ် ၂၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး တတိယနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် ညီလာခံကအတည်ပြုခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပိုဒ်(၂၀) အပိုဒ်ခွဲ(င)အရ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့သော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အပိုဒ်(၂၀) အပိုဒ်ခွဲ (စ)တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဟူ၍ လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အခန်း(၈) အပိုဒ်(၂၈)တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကို လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက် ရယူရမည်ဟူ၍ လည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းလမ်းညွှန် အပိုဒ်(၃) အပိုဒ်ခွဲ(၅) တွင် UPDJC သည် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိပါသဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့သော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်း ဖြစ်ပါကြောင်း။

သို့ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃) ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် က ယခုစာတမ်းတွင် အဖွဲ့၏ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်နိုင်ငံအားလုံး သဘောတူညီမှုရရှိမှသာ ချမှတ်နိုင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများအပေါ်တွင် ဝင်ရောက်စွက်ဖက်မှုကို တားမြစ်ခြင်းစသည့် အရေးကြီးသည့်မူများကို ထည့်သွင်းထားပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူများနှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ လွှတ်တော်များ၏ သက်ဆိုင်ရာကော်မတီများတွင်လည်း ယခုပဋိညာဉ်စာတမ်းပါ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည့် ဥပဒေပြုမှုနှင့် အခြားပူးပေါင်းဆောင်ရွက်မှုများကိုလည်း အစီအစဉ်များ ချမှတ်ပြီး ဆောင်ရွက်နိုင်ရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး က ဘင်းမ်စတက် ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးခြင်းအားဖြင့် အဖွဲ့ဝင်များအကြား ဆက်စပ်နေသည့် ပထဝီအနေအထား၊ ပေါများသည့် သယံဇာတနှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ သမိုင်းကြောင်းဆက်သွယ်မှုနှင့် ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များသည် ဒေသတွင်း အဓိကကျသည့် ပူးပေါင်းဆောင်ရွက်မှုကြောင့် အလားအလာကောင်းများရှိလာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာကဏ္ဍ၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှု၊ ကူးစက်ရောဂါတိုက်ဖျက်ရေးတို့ကိုလည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း က ဘင်းမ်စတက်အစီအစဉ်တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ နည်းပညာ၊ ငါးလုပ်ငန်း၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်၊ ပြည်သူ့ကျန်းမာရေး၊ လူအချင်းချင်းဆက်ဆံရေး၊ ဆင်းရဲမှုပပျောက်ရေး၊ အကြမ်းဖက်မှုနှင့် နယ်စည်းဖြတ်ကျော် ရာဇဝတ်မှု၊ ရာသီဥတုပြောင်းလဲမှုကိစ္စရပ်များ ပါဝင်ပါကြောင်း၊ ဘင်းမ်စတက်အစီအစဉ်အတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံအသီးသီး၏ အချုပ်အခြာအာဏာ၊ နယ်နိမိတ်ပိုင်းခြားမှု၊ ပြည်တွင်းရေးတွင် မစွက်ဖက်မှု၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်မှုနှင့် အပြန်အလှန်အကျိုးပြုမှု အခြေခံများအပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ ယင်းအကြောင်းအချက်များအရ မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယနေ့ အဆိုပြုတင်ပြသည့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ သဘာတူညီမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးရန် အဆင်သင့် ဖြစ်ကြောင်း ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးသို့ အကြောင်းကြားစာ ပေးပို့သွားရမည်ဖြစ်ပါကြောင်း။

လက်ရှိအလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် သီရိလင်္ကာနိုင်ငံမှ ခေါ်ယူကျင်းပမည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးရမည်ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးသည့်အခါတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပဋိညာဉ်စာတမ်းကို အပြီးသတ်အတည်ပြုခြင်း ပြုလုပ်ရန်အတွက် ပြည်တွင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးသို့ အပြီးသတ်အတည်ပြုလွှာ ပေးပို့သွားကြရမည်ဖြစ်ပါကြောင်း၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အပြီးသတ် အတည်ပြုလွှာ ခုနစ်စောင်စုံညီစွာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်နေ့တွင် ပဋိညာဉ်စာတမ်းသည် အသက်ဝင်လာမည်ဖြစ်ပါကြောင်း။

ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုး အတည်ပြုခြင်းအားဖြင့် ဘင်းမ်စတက်၏ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ၊ အဖွဲ့ဝင်နိုင်ငံများလိုက်နာရမည့် ကျင့်ဝတ်များနှင့် တာဝန်ဝတ္တရားများကို စည်းကမ်း၊ ဥပဒေနှင့်အညီ ပိုမိုစနစ်တကျ ခိုင်မာစွာကျင့်သုံးသွားနိုင်မည်ဖြစ်သောကြောင့် ဘင်းမ်စတက်၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက်လည်း ပိုမိုအကျိုးရှိစေမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ယင်းအဖွဲ့အစည်းသည် ဥပဒေကြောင်းအရ ဥပဒေဂုဏ်ရှိသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းအား မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ သဘောတူအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဘင်းမ်စတက်ပဋိညာဉ် စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် က လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၂၀ – ၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ သဘောထားမေးမြန်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ၂၀၂၀ – ၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို သြဂုတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

လမ်းသစ်တည်ဆောက်၊ လမ်းဟောင်းများ အဆင့်မြှင့်တင်ကာ မြန်မာနိုင်ငံ၏ မြို့တိုင်းအားလုံးကို ချောမွေ့စွာ ချိတ်ဆက်သွားလာနိုင်ပြီ

ရှင်မင်း၊ ဓာတ်ပုံ-မောင်ဖိုးဇော် (ကလေး)

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ ၉၂၈ လမ်း စုစုပေါင်း လမ်းမိုင်အရှည် ၂၆၂၀၈ မိုင်အား နှစ်စဉ်ရရှိသည့် ရန်ပုံငွေများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြို့တိုင်းကိုချိတ်ဆက်

"မြန်မာနိုင်ငံရဲ့ မြို့တိုင်းအားလုံးက လမ်းကွန်ရက် ချိတ်ဆက်နေပါပြီ။ မာန်အောင်ကျွန်းလို၊ ကိုကိုးကျွန်းလိုမျိုး ကျွန်းစုလို နေရာတွေမှာကတော့ ကျွန်းပတ်လမ်းတွေတော့ ရှိတယ်။ ကျွန်းဖြစ်တဲ့အတွက် mainland နဲ့တော့ မချိတ်ဘူးပေါ့။ ဖာပွန်-မော်ချီးလမ်းပိုင်းကတော့ နယ်မြေအခြေအနေအရ ကျန်နေပါသေးတယ်။ ဒါကိုလည်း ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ နိုင်ငံရဲ့ မြို့တိုင်းကို ချိတ်ဆက်သွားနိုင်နေပါပြီ။ လမ်းမရှိတဲ့မြို့ မရှိတော့ပါဘူး။ လမ်းအဆင့်မြှင့်တင်တာတွေကိုပဲ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်" ဟု လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးက ပြောကြားသည်။

ယခုအစိုးရလက်ထက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကတ္တရာကွန်ကရစ်လမ်း ၁၉၀၁ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်း ၁၀၄၅ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂၀၉ မိုင် ၄ ဖာလုံ ဆောင်ရွက်ခဲ့ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

လမ်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ရရှိသည့် ဘဏ္ဍာရန်ပုံငွေများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် Paved Ratio သည် ၇၆ ရာခိုင်နှုန်းအထိ တိုးတက်လာမည် ဖြစ်သည်။

လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် လမ်းပိုင်းများ အရည်အသွေးမီစေရန်အတွက်လည်း လမ်းသုတေသနဌာနနှင့်လမ်း၊ လေယာဉ်ကွင်းဒီဇိုင်းဌာနတို့က လမ်းဒီဇိုင်းထုတ်ပေးပြီး ကွင်းလုပ်ငန်းများတွင် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲများက အရည်အသွေး စစ်ဆေးရေးဆောင်ရွက်မှုများဖြင့် စစ်ဆေးကြပ်မတ်လျက် ရှိကြောင်းလည်း သိရသည်။

အရည်အသွေးကိုလည်း စိစစ်

လမ်းများ အရည်အသွေးကောင်းမွန်ရေးအတွက် လမ်းဦးစီးဌာနမှ အရည်အသွေးစိစစ်ရေးအဖွဲ့၏ စစ်ဆေးစိစစ်မှုများအပြင် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Third Party အနေဖြင့်လည်း လမ်းလုပ်ငန်းများကို စစ်ဆေးမှုများလည်းရှိကြောင်း သိရသည်။

ထိုသို့ စစ်ဆေးနိုင်ရန်အတွက် လမ်းများဆောင်ရွက်ရာတွင် ရှိရမည့် စံအရည်အသွေးအတွက် လမ်းဦးစီးဌာနက ဒီဇိုင်းထုတ်ပေးစဉ်ကပင် Technical Specification များပါ

ဦးအောင်မြင့်ဦး
ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန

တစ်ပါတည်း သတ်မှတ်ထားကြောင်း သိရသည်။

"အခုက ကတော့ အရည်အသွေးပိုင်း ပိုကောင်းလာအောင် ဆောင်ရွက်လာတယ်။ အရည်အသွေးစစ်ဆေးမှုတွေကို ပိုပြီးပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် လုပ်လာနိုင်တယ်။ လမ်းတွေဆောင်ရွက်တဲ့အခါ ဒီဇိုင်းမရှိဘဲ လုံးဝ မလုပ်ရဘူး။ အရည်အသွေး စစ်ဆေးမှုကိုလည်း မလုပ်မနေရ ဆောင်ရွက်ရတယ်။ ၂၀၁၅ခုနှစ် နောက်ပိုင်းမှာ လမ်းအရည်အသွေး စစ်ဆေးရေးဌာနခွဲကို တိုးချဲ့ပြီးတော့ အရည်အသွေးကို စစ်ဆေးဆောင်ရွက်နေပါတယ်။

"လူနဲ့ခင်းတဲ့လမ်းတွေထက် စက်နဲ့နည်းပညာသုံးပြီး ခင်းတာက ပိုသေချာ၊ ပိုကောင်းတဲ့အတွက် AC လုပ်ငန်းတွေ၊ ကွန်ကရစ်လုပ်ငန်းတွေမှာ အခုနောက်ပိုင်း စက်အားကို အဓိက ဆောင်ရွက်လာတယ်။ လူနဲ့ ကတ္တရာခင်းတာတွေကို တဖြည်းဖြည်း လျှော့ချလာတယ်။ ဒါ့အပြင် ခွဲကျောက်နဲ့ လမ်းခင်းတာသာမက Lime Cement Stabilization Granular, Well Graded နည်းလမ်းတွေနဲ့ ဆောင်ရွက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာတယ်။ စက်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာတွေမှာ နိုင်ငံတကာ အကူအညီအထောက်အပံ့တွေ ရလာတယ်။ ဌာနပိုင်စက်သာမက ပြင်ပပုဂ္ဂလိကပိုင် စက်တွေငှားရမ်းအသုံးပြုလို့ရလာတယ်။ လမ်းခင်းရာမှာသုံးတဲ့ စက်ကိရိယာတွေက နဂိုထက်ပိုပြီး ပြည့်စုံလာတယ်။ ဌာနအနေနဲ့လည်း ဘတ်ဂျက်ကနေ ထည့်ပြီး ဝယ်ယူပါတယ်။ အားလုံးမြင်တဲ့အတိုင်း ယေဘုယျအားဖြင့်တော့ လမ်းတွေက ပိုကောင်းလာတယ်။

သန်လျင် - သီလဝါလမ်းမကြီးကို တွေ့ရစဉ်။

"ယခုအစိုးရလက်ထက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကတ္တရာကွန်ကရစ်လမ်း ၁၉၀၁ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်း ၁၀၄၅ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂၀၉ မိုင် ၄ ဖာလုံ ဆောင်ရွက်ခဲ့ကြောင်း လမ်းဦးစီးဌာနမှ သိရသည်"

မြန်မြန်ဆန်ဆန် သွားလာနိုင်ပြီ။ တော်တော်များများ Pave လမ်းအဖြစ် မြင်နေရပြီ" ဟု လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံအတွင်းရှိ လမ်းကွန်ရက်များ ကောင်းမွန်ရေးဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော Asia Development Bank (ADB)၊ ဂျပန်နိုင်ငံမှ JICA၊ World Bank (WB)၊ ကိုရီးယားနိုင်ငံမှ KOICA၊ ထိုင်းနိုင်ငံမှ Neighboring Countries Economic Development Cooperation Agency (NEDA)၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိကြောင်း သိရသည်။

"နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နည်းပညာပိုင်းမှာ ပူးပေါင်းဆောင်ရွက်တာလည်း ရှိတယ်။ သူတို့ရဲ့ အထောက်အပံ့ အကူအညီ၊ ချေးငွေနဲ့ ဆောင်ရွက်နေတဲ့ လမ်းတွေလည်း ရှိပါတယ်။ လမ်းဦးစီးဌာနအနေနဲ့ နှစ်စဉ်ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီး လမ်းတွေဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အဓိကဆောင်ရွက်နေတဲ့ လမ်းပိုင်းကြီးတွေလည်း ရှိပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ကချင်ပြည်နယ်မှာဆိုရင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ ချင်းပြည်နယ်မှာဆိုရင် တောင်မြောက်လမ်းမကြီးဖြစ်တဲ့ ကျီခါး-ဟားခါး-မတူပီမှ ပလက်ဝလမ်း၊ ရှမ်းပြည်နယ်တွင် မိတ္ထီလာ-တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းတွေအတွက် လမ်းအဆင့်မြှင့်ခြင်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီလိုမျိုး တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လမ်းပိုင်းကြီးတွေဆောင်ရွက်နေတာရှိသလို ကျန်လမ်းပိုင်းတွေ ကောင်းမွန်ရေးကိုလည်း လုပ်ဆောင်နေပါတယ်" ဟု လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

တောင်ပေါ်လမ်းပိုင်းများလည်း ကောင်းမွန်လာ

လမ်းများ တိုးတက်ကောင်းမွန်လာသည့်အပေါ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းတွင် ကုန်တင်ယာဉ်ကြီးများ မောင်းနှင်သူ ယာဉ်မောင်း ကိုကျော်ဇင်က "မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်က ခဂရားယန်၊ မိုင်ထောင်၊ အင်ကောမ၊ ဖုံအင်၊ ဖုံချန်၊ ဆွမ်ပီယန် ကျေးရွာတွေတစ်လျှောက် အရင်က ရောမ ဗွက်တန်းကြီးဖြစ်နေပြီးတော့ ဒီလမ်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူအားလုံးက ကမ္ဘာကျော် ဗွက်တန်းကြီးလို့တောင် အမည်ပေးတာရှိတယ်။ အခုတော့ လမ်းကောင်းလာသလို လမ်းပေါ်က တံတားတွေကလည်း ခိုင်ခံ့တဲ့ ကွန်ကရစ်တံတားတွေ ဖြစ်လာပြီ။ မြစ်ကြီးနားကနေ ပူတာအိုအထိ ကုန်ပို့ဆောင်ခက အရင်က တစ်ပိဿာငွေကျပ် ၁၂၀၀ လောက်ကနေ အခု လမ်းကောင်းတော့ တစ်ပိဿာ ၂၀၀၊ ၂၅၀ ပဲ ရှိတော့တယ်။ Pajero လိုင်းကားခကလည်း ခရီးသည်တစ်ဦးကို အရင်က ငွေကျပ် ၇၀၀၀၀ ကနေ အခု ၄၅၀၀၀ ပဲ ရှိပါတော့တယ်။ လမ်းကောင်းတဲ့ အကျိုးကျေးဇူးပါ" ဟု ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သက္ကယ်ကျင်း - ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း၊ တမူး-စစ်သောင်-ရောင်ဟီးလမ်း၊ ရောင်ဟီး-ပင်လည်ဘူးလမ်း၊ ရွှေဘို-မြစ်ကြီး နားလမ်း၊ ရေဦး-ကလေးဝလမ်း၊ ပုဏ္ဏားကျွန်း - ရသေ့တောင်လမ်း၊ မိုင်းဆတ်-တာချီလိတ်လမ်း၊ ကျောက်ဂူ - နောင်ပိုး-နမ့်လန်လမ်း၊ ရန်ကုန်-ပုသိမ်လမ်း စသည့် လမ်းပိုင်းကြီးများ ကောင်းမွန်ရေးအတွက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၉ သို့*

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းပိုင်းတစ်နေရာ

မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်းပိုင်း

မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပိုင်း

မင်းဘူး - အမ်း - စစ်တွေလမ်းရှိ တောင်ပေါ်လမ်းတစ်နေရာ။

စာမျက်နှာ ၈ မှ

"ကျွန်တော်တို့အနေနဲ့ လမ်းတစ်ခု ဆောင်ရွက်မယ်ဆိုရင် လမ်းရဲ့ Geometric Design နဲ့ Pavement Design ရှိရပါမယ်။ လက်ရှိ လမ်းရဲ့အခြေအနေကို အသေးစိတ် တိုင်းတာရပါမယ်။ ဒီလို တိုင်းတာပြီးမှ ဒီဇိုင်း ထုတ်ပါတယ်။ ထုတ်တဲ့ ဒီဇိုင်းကိုလည်း အလုပ်လုပ်တဲ့အချိန်မှာ လုပ်ငန်းတင်ဒါနဲ့ပဲ လုပ်လုပ်၊ BOT စနစ်နဲ့ပဲ လုပ်လုပ်၊ လမ်းဦးစီး ဌာနကပဲလုပ်လုပ် ဘယ်လိုပဲလုပ်လုပ် လုပ်တဲ့နေရာတိုင်းမှာ လမ်းဆောင်ရွက်မယ့် အလွှာတိုင်းကို အရည်အသွေးထိန်းသိမ်းရေး အဖွဲ့တွေနဲ့ စစ်ဆေးပြီး ဆောင်ရွက်ပါတယ်။ စစ်ဆေးပြီးမှ လုပ်ငန်းကို Pass လုပ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ရေရှည်သုံးစွဲနိုင်ရေးထိန်းသိမ်း

လမ်းများ ရေရှည်သုံးစွဲနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက် ရှိပြီး ဘတ်ဂျက်ရရှိမှုအပေါ် ဦးစားပေး လုပ်ငန်းရပ်များ သတ်မှတ်ကာ နှစ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သာမန်ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းတွေ နှစ်တိုင်း ဘတ်ဂျက်ကနေ ဆောင်ရွက်နေတာရှိပါတယ်။ ကျန်တာ ကတော့ သက်တမ်းအပိုင်းအခြားအလိုက်၊ လမ်းအမျိုးအစား အလိုက်၊ ဥပမာ AC ဆို လည်း AC ၊ ကတ္တရာဆိုရင်လည်း ကတ္တရာ ထပ်ပိုးလွှာခင်းရပါတယ်။ ဒီလိုလမ်းတွေ ပြင်ဆင်ဖို့က သာမန်ဘတ်ဂျက်နဲ့ပဲ ဦးစား ပေးအစီအစဉ်အလိုက် သတ်မှတ်ဆောင်ရွက် ပါတယ်။ သဘာဝဘေးဒဏ်ကြောင့် လမ်းပျက်စီးမှုရှိခဲ့ရင်တော့ အထူးပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့လည်း ဆောင်ရွက် ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောပြသည်။

လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လမ်းစီမံကိန်းများနှင့် ပတ်သက်၍ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမြင့်ဦး က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား AC လမ်းမကြီးအဖြစ် (၀) ကီလိုမီတာမှ (၆၄) ကီလိုမီတာအတွင်းကို ADB ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းလမ်းအပိုင်းအား အသေးစိတ် ဒီဇိုင်းရေးဆွဲခြင်းနှင့် တင်ဒါ အချက်အလက်ပြင်ဆင်ခြင်းတို့ကို ကိုရီးယား နိုင်ငံမှ Yooshin Engineering Corporation (Consultant) မှ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၆၄ ကီလိုမီတာမှ ၅၈၈ ကီလိုမီတာအထိ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် KOICA အကူ အညီဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းများ (Feasibility Study) ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ရန်ကုန်-ပုသိမ်-ငရုတ်ကောင်းလမ်းအသစ် ၂၁၆ ကီလိုမီတာအရှည်အား လေးလမ်းသွား ကတ္တရာကွန်ကရစ် လမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန်အတွက်လည်း KOICA အကူအညီဖြင့် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်နေ ကြောင်း ပြောပြသည်။

ထို့အတူ သီလဝါ-သနပ္ပင်-ကျိုက်ထို လမ်းအပိုင်းတွင် ပဲခူး(သနပ္ပင်) မှ သန်လျင် (သီလဝါ) အပိုင်း (၉၉) ကီလိုမီတာအား ၁၁ မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်း AC ခင်းရန် ADB ချေးငွေဖြင့် ဆောင်ရွက် မည်ဖြစ်ကြောင်း၊ အမြန်လမ်းအဖြစ် ဆောင် ရွက်မည့်လမ်းသစ် ပဲခူး-ကျိုက်ထိုလမ်း ၆၄ ဒသမ ၅ ကီလိုမီတာအား ၂၃ ဒသမ ၅ မီတာအကျယ် လေးလမ်းသွား ကတ္တရာ ကွန်ကရစ်လမ်းခင်းခြင်းကို ADB ချေးငွေနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေး-ထီးချိုင့်-နမ့်ခမ်းလမ်း ၄၆၀ ကီလိုမီတာ၊ နေပြည်တော် - ကျောက်ဖြူလမ်း ၃၅၀ ကီလိုမီတာတို့ကို လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံမှ အကူအညီဖြင့် Feasibility Study လုပ်ငန်းများ ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း အင်ဂျင်နီယာချုပ် ဦးမြင့်ဦး က ဆက်လက်ပြောပြသည်။

PPP စနစ်ဖြင့် ဖော်ဆောင်သော လမ်းစီမံကိန်းကြီးများအဖြစ် ရန်ကုန် Inner Ring Road စီမံကိန်း၊ ထိုင်းနိုင်ငံ NEDA ချေးငွေဖြင့် ထားဝယ်(SEZ)-မေတ္တာ-ထီးခီး လမ်း စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး ရန်ကုန် Outer Ring Road အတွက် JICA အကူအညီဖြင့် Feasibility Study လုပ်ငန်း များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်

လမ်းဦးစီးဌာနသည် ရန်ကုန်-မန္တလေး အမြန်လမ်း အဆင့်မြှင့်တင်ခြင်းအဖြစ် ကတ္တရာကွန်ကရစ်ခင်းခြင်း၊ လမ်းလယ် ကျွန်းအား Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ Median Shoulder တိုးချဲ့ခြင်းနှင့် Guard Rail တပ်ဆင်ခြင်း ၊ လမ်းလယ်ကျွန်း ရေမြောင်းတည်ဆောက် ခြင်း၊ အမြန်လမ်းမကြီးနှင့်အပြိုင် ကျေးရွာ ချင်းဆက်ကုန်ထုတ် ဆက်သွယ်ရေးလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်-မန္တလေးအမြန်လမ်းကိုလည်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက် နိုင်ဖို့ KOICA နဲ့ ဖြစ်နိုင်စွမ်းလေ့လာမှု လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်နေ ပါတယ်။ Feasibility Study ပြီးရင် ဒီအပေါ်မှာ အခြေခံပြီး PPP စနစ်နဲ့ ဘုရားကြီးကနေ မန္တလေးအထိ စီမံကိန်း လုပ်ငန်းဆောင်ရွက်ဖို့ လျာထားပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့ပြင် ရခိုင်ပြည်နယ်တွင် ကျောက် ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း၊ ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း၊ ဥဒေါင်း-ညောင်ချောင်းတောင်ကျော်လမ်း၊ သက်ကိုင် ညာ - ပဒဂါးတောင်ကျော်လမ်း၊ ကညင် တန်း - အလယ်သံကျော် - အင္ဂုမော် လမ်း၊ ရသေ့တောင်-ဘူးသီးတောင်လမ်း၊ မောင်တော -ကျီးကန်းပြင်-ကြိမ်ချောင်း- အောင်သပြေ-ဗန္ဒုလမ်း၊ မောင်တော နယ်စပ် ခြံစည်းရိုး ချဉ်းကပ်လမ်း(တောင်ပြို-ကြိမ် ချောင်းလမ်း) စသည့် မောင်တောဒေသ လမ်းကွန်ရက်စီမံကိန်းရှစ်ခုကို လမ်းဦးစီး ဌာနမှ ဆောင်ရွက်လျက်ရှိသည်။

အလားတူ B.O.T စနစ်ဖြင့် ကုမ္ပဏီ ၂၃ ဖွဲ့ လမ်းပေါင်း ၆၀၊ လမ်းအရှည် ၂၉၅၃ မိုင်နှစ်ဖာလုံအား ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါကုမ္ပဏီများက ဆောင်ရွက်သည့် ရန်ကုန် - ပဲခူး - မိတ္ထီလာ - မန္တလေးလမ်း၊ ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်- သံဖြူဇရပ်လမ်း၊ သထုံ - ဘားအံလမ်း၊ မိတ္ထီလာ - ကလော - တောင်ကြီးလမ်း၏ ကလော - တောင်ကြီးလမ်းပိုင်းများကို ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်း၊ ထုံခါ- သဲဖြူ-မောတောင်လမ်းပိုင်း ကတ္တရာလမ်း/ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ စစ်ကိုင်း- မုံရွာလမ်း ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပြည်သူ များ အသုံးပြုသွားလာနေပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ လမ်းတွေကို စံဝန်ရိုးအလေးချိန် Standard axle Load (၁၀)တန်နဲ့ ဒီဇိုင်းပြုလုပ် သတ်မှတ်ထား တာပါ။ ဒါကြောင့် ကားတွေမှာ သတ်မှတ် axle Load ထက် ပိုမတင်ဖို့ကလည်း အရေး ကြီးပါတယ်။ ဂိတ်တွေမှာ အလေးချိန်စစ်ဆေး တာတွေရှိပါတယ်။ ဒါပေမယ့် ကုန်ကို အရင် ကဲ့ထားပြီး ဂိတ်ကျော်ပြီးရင် သတ်မှတ် တန်ချိန်ကို ပိုတင်တာမျိုးတွေ ရှိပါတယ်။ ဒါတွေကို အသိနဲ့ရှောင်ဖို့ လိုပါတယ်။ လမ်း ဦးစီးဌာနကလည်း သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၊ ဌာနတွေနဲ့ ပူးပေါင်းဆောင် ရွက်ပြီး စစ်ဆေးအရေးယူမှုတွေ ဆောင်ရွက် နေပါတယ်။ ပြီးတော့ လမ်းနယ် မကျူးကျော် ဖို့ပါ။ လမ်းနယ်ဆိုတာ လမ်းပြင်ဆင် ထိန်းသိမ်း ခြင်းဆောင်ရွက်တဲ့အခါ အသုံး ပြုနိုင်ဖို့ လိုအပ်လို့ ထားတာပါ။ ဒ့ါအပြင် ထပ်ပြီးတိုးလာတဲ့ လူဦးရေအတွက် နောင် တစ်ချိန်မှာ လမ်းကိုတိုးချဲ့နိုင်ဖို့ လမ်းနယ် ကိုပဲ သုံးရမှာ ဖြစ်တဲ့အတွက် လမ်းနယ်ကို ကျူးကျော်အသုံးမပြုဖို့ကလည်း အရေးကြီး ပါတယ်" ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလည်း အသိပေး

လမ်းပိုမိုကောင်းလာသည်နှင့် အမျိုး မော်တော်ယာဉ်များ သတ်မှတ်မြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း၊ လမ်းအသုံးပြုသူများ လိုက်နာရ မည့် စည်းကမ်းများကို လိုက်နာမှုလျော့ရဲခြင်း ကြောင့် ယာဉ်ထိခိုက်မှု အန္တရာယ်များလည်း ပိုမိုဖြစ်ပေါ်လာတတ်သည့်အတွက် လမ်း ဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများကို လည်း ဆောင်ရွက်လျက်ရှိသည်။

"အထူးသဖြင့် မော်တော်ဆိုင်ကယ် ကြောင့်ဖြစ်တဲ့ မတော်တဆထိခိုက်မှုဟာ သိသိသာသာကြီးကို တိုးတက်လာပါတယ်။ ဒါကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းအသုံးပြုသူတွေ လိုက်နာရမယ့် စည်းကမ်းနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို လိုက်နာဖို့ အရေးကြီးပါတယ်" ဟု ညွှန်ကြား ရေးမှူးချုပ်က မှတ်ချက်ပြုသည်။

လမ်းဦးစီးဌာနအောက်တွင် လမ်း အန္တရာယ် ကင်းရှင်းရေးဌာန - Road Safety ဌာနကို တိုးချဲ့ဖွဲ့စည်းထားရှိကာ ပြည်သူများ လမ်းအသုံးပြုရာတွင် သိရှိလိုက်နာရမည့် အသိပညာပေးခြင်း၊ အသိပေးဆိုင်းဘုတ် များ Road Facility များနှင့် လမ်းအချက်ပြ သင်္ကေတများ တပ်ဆင်ခြင်း၊ လမ်းများတွင် Road Safety Inspection စစ်ဆေးခြင်း၊ Road Safety Inspection Design များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ ။

"လမ်းဦးစီးဌာနသည် ရန်ကုန်-မန္တလေး အမြန်လမ်း အဆင့်မြှင့်တင်ခြင်းအဖြစ် ကတ္တရာကွန်ကရစ်ခင်းခြင်း၊ လမ်းလယ်ကျွန်းအား Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ Median Shoulder တိုးချဲ့ခြင်းနှင့် Guard Rail တပ်ဆင်ခြင်း၊ လမ်းလယ်ကျွန်းရေမြောင်း တည်ဆောက်ခြင်း၊ အမြန်လမ်းမကြီးနှင့်အပြိုင် ကျေးရွာချင်းဆက် ကုန်ထုတ်ဆက်သွယ်ရေးလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်"

ယခုအစိုးရလက်ထက် (၂၀၁၆-၂၀၁၇ မှ ၂၀၂၀ စက်တင်ဘာလ) အထိ တိုးတက်မှု

(မိုင်-ဖာလုံ)

စဉ်	ဘဏ္ဍာနှစ်	AC	ကွန်ကရစ်	ကတ္တရာ	ကျောက်	အမာခံ	မြေ	လား	စုစုပေါင်း
၁	၂၀၁၆-၂၀၁၇	၁၅၁-၇ ၁/၂	၁၇၇-၃/၄	၅၈၁-၃	(-) ၁၉၄-၀	(-) ၂၅၄-၆ ၁/၂	(-) ၁၉၃-၀	၀-၃	၂၆၈-၇ ၃/၄
၂	၂၀၁၇-၂၀၁၈	၈၇၈-၄ ၁/၄	၁၅၁-၃/၄	(-)၁၀၉-၄ ၁/၄	(-) ၂၂၁-၆ ၃/၄	(-) ၂၀၀-၇ ၃/၄	(-) ၁၈၇-၃ ၃/၄	(-) ၀-၂	၃၀၉-၅ ၁/၂
၃	၂၀၁၈ မတ်မှ ၂၀၁၈ စက်တင်ဘာ	၂၉၂-၃	၃၉-၁	(-) ၁၃၅-၃ ၁/၄	၅၉-၃ ၁/၂	(-)၈၂-၆ ၃/၄	(-) ၁၇၀-၅	(-) ၀-၁	၁-၇ ၁/၂
၄	၂၀၁၈ စက်တင်ဘာမှ ၂၀၁၉ စက်တင်ဘာ	၂၈၁-၄ ၁/၄	၂၄၂-၄	၁၀၁-၂ ၁/၂	(-) ၂၄၅-၄ ၃/၄	(-) ၂၃၆-၁/၂	(-) ၈၈-၂ ၁/၄	(-) ၁၆၁-၀	(-) ၁၀၅-၄ ၃/၄
၅	၂၀၁၉ စက်တင်ဘာမှ ၂၀၂၀ စက်တင်ဘာ (ယာယီ)	၂၉၇-၄ ၁/၄	၄၃၅-၄ ၁/၂	(-) ၂၂၈-၁ ၁/၂	(-)၂၅-၆ ၃/၄	၁၉၆-၇	(-)၂၆၀-၁	-	၄၁၅-၆ ၁/၂
		၁၉၀၁-၇ ၃/၄	၁၀၄၅-၃	၂၀၉-၄ ၁/၂	(-) ၆၂၇-၅ ၃/၄	(-) ၅၇၇-၆ ၁/၂	(-) ၈၉၉-၄	(-) ၁၆၁-၀	၈၉၀-၆ ၁/၂

၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(၁) ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းသည့်အတိုင်းမှတစ်ပါး အောက်ပါနေ့ရက်တစ်ခုခုမှ သုံးနှစ်ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာပြစ်မှုတစ်ခုခုအတွက် ဤအက်ဥပဒေကို လိုက်နာရသူ တစ်ဦးဦးအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ –

(က) ပြစ်မှုကျူးလွန်သည့်နေ့ရက်၊

(ခ) နစ်နာသူ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူက ပြစ်မှုကျူးလွန်ကြောင်း မသိရှိရာမှ ယင်းပြစ်မှုကျူးလွန်ကြောင်းကို သိရှိလာသည့်အခါ ၎င်းတို့သိရှိသည့် နေ့ရက်များအနက် စောရာ နေ့ရက်၊

(ဂ) နစ်နာသူ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူက ပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်း မသိရှိရာမှ ယင်းပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်းကို ၎င်းတို့ သိရှိသည့် နေ့ရက်များအနက် စောရာ နေ့ရက်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း
ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **တိရစ္ဆာန်**ဆိုသည်မှာ ကုန်းနေ၊ ရေနေ သို့မဟုတ် ကုန်းနေရေနေ သတ္တဝါကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန် တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်းနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်း ပါဝင်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ မွေးမြူခြင်း နည်းစနစ်တစ်မျိုးမျိုးဖြင့် တိရစ္ဆာန်များအား မွေးမြူခြင်း လုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဂ) **တိရစ္ဆာန်မျိုးရိုးဗီဇ** ဆိုသည်မှာ တိရစ္ဆာန်များ၏ အမျိုးအစား၊ မျိုးစိတ်၊ မျိုးနွယ်အလိုက် ရှိရမည့် ပင်ကိုအရည်အသွေးကို ဆိုသည်။

(ဃ) **တိရစ္ဆာန်ထွက်ပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်မှထွက်ရှိသော အသား၊ နို့၊ ဥ၊ သွေး၊ အရိုး၊ သားရေ၊ အရည်၊ အမွေး၊ မစင်၊ အန်ဖတ်၊ အဆီ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့် ပျားအုံမှ ရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်။

(င) **တိရစ္ဆာန်အစာ** ဆိုသည်မှာ တိရစ္ဆာန်ကို ကျွေးမွေးရန် သမားရိုးကျ ရောစပ်၍ဖြစ်စေ၊ ခေတ်မီနည်းဖြင့် ဖော်စပ်၍ ဖြစ်စေ၊ ယင်းသို့ရောစပ်ခြင်း၊ ဖော်စပ်ခြင်းမပြုဘဲ သဘာဝအရ ဖြစ်စေ တိရစ္ဆာန်များစားသုံးသည့် အစာကို ဆိုသည်။

(စ) **တိရစ္ဆာန်သုံးဆေးဝါး** ဆိုသည်မှာ တိရစ္ဆာန်အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ သုတေသနပြုရန်၊ အာဟာရ ဖြည့်စွက်ရန်၊ သန္ဓေတားရန်၊ ခွဲစိတ်ရန်၊ ဇီဝကမ္မ ဖြစ်စဉ် မြှင့်တင်ပေးရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခု ဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပြင်ပအတွက် အသုံးပြုသော ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်သုံးဆေးဝါးဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။

(ဆ) **တိရစ္ဆာန်သုံးပစ္စည်း** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အလှဆင်လုပ်ငန်း များတွင် အသုံးပြုသည့် ပစ္စည်းများနှင့် တိရစ္ဆာန်အား ထိန်းချုပ်ရာတွင် အသုံးပြုသော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိရစ္ဆာန်သုံးပစ္စည်းဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။

(ဇ) **မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း** ဆိုသည်မှာ သဘာဝ အတိုင်းမဟုတ်ဘဲ လူတို့ ပြုပြင်ထုတ်လုပ်ထားသော မျိုးရိုးဗီဇ ပြောင်း ဇီဝပစ္စည်းကို ဆိုသည်။

(ဈ) **ကူးစက်ရောဂါ** ဆိုသည်မှာ တိရစ္ဆာန်အချင်းချင်းသော်လည်း ကောင်း၊ တိရစ္ဆာန်မှ လူကို သော်လည်းကောင်း၊ လူမှတိရစ္ဆာန် ကိုသော်လည်းကောင်း အပြန်အလှန် ကူးစက်တတ်သော ရောဂါကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါ အားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဟု သတ်မှတ်သော ရောဂါ တစ်မျိုးမျိုးလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီစနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ် လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်း ဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဋ) **တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သည့် တိရစ္ဆာန်အကောင် အရေအတွက်ဖြင့် လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

(ဌ) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ တစ်နိုင်တစ်ပိုင်မွေးမြူ ရေးလုပ်ငန်းထက် ကျော်လွန်လုပ်ကိုင်သော မွေးမြူရေး လုပ်ငန်းကို ဆိုသည်။

(ဍ) **မွေးမြူသူ** ဆိုသည်မှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် တိရစ္ဆာန် လက်ဝယ်ရှိသူလည်းပါဝင်သည်။

(ဎ) **သားသတ်ရုံ** ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့် အဆောက်အအုံ သို့မဟုတ် နေရာကိုဆိုသည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်း ချရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့် လုပ်ငန်းကို ဆိုသည်။

(တ) **ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်** ဆိုသည်မှာ မွေးမြူသူများ လိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် မွေးမြူရေး နည်းစနစ် သတ်မှတ်ချက်များကို ဆိုသည်။

(ထ) **ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်း ထုတ်လုပ်သူများ လိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် ထုတ်လုပ်မှုနည်းစနစ် သတ်မှတ်ချက်များ ကို ဆိုသည်။

(ဒ) **တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ပြည်သူ့ ကျန်းမာရေးလုပ်ငန်းနှင့် စပ်လျဉ်းသော တိရစ္ဆာန်ကျန်းမာရေး လုပ်ငန်းဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက် ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်အလှပြုပြင် ခြင်း၊ တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားပေးခြင်း၊ ခေတ်ခွဲခန်း ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယင်းနှင့် သက်ဆိုင် သည့် လုပ်ငန်းများကို ဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက် ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ ခြင်းတို့အတွက် သယ်ဆောင်ခြင်းကိုသော်လည်းကောင်း၊ တိရစ္ဆာန်ကျန်းမာရေးကို သော်လည်းကောင်း၊ အရည်အသွေး ကိုသော်လည်းကောင်း စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(န) **ခွင့်ပြုလက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန် သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း၊ သယ်ဆောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူ ရေးလုပ်ငန်း၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းအတွက် စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ပ) **တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေ** ဆိုသည်မှာ တိရစ္ဆာန် များ လွှတ်ကျောင်းရန် သို့မဟုတ် အစာစားသုံးနိုင်ရန် စိုက်ပျိုး ထားသော မြေနေရာကို ဆိုသည်။

(ဖ) **စားကျက်မြေ** ဆိုသည်မှာ တိရစ္ဆာန်တို့ လှည့်လည်သွားလာရှာဖွေ စားသောက်ရန် သတ်မှတ်ထားသော မြေနေရာကို ဆိုသည်။

(ဗ) **မွေးမြူရေးမြေ** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်းအတွက်သော် လည်းကောင်း၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းနှင့် သက်ဆိုင် သည့် လုပ်ငန်းများအတွက်သော်လည်းကောင်း သီးသန့် လုပ်ကိုင်ဆောင်ရွက်သော မြေနေရာကို ဆိုသည်။

(ဘ) **ပျားစားကျက်** ဆိုသည်မှာ ပျားများစားသုံးရန် အာဟာရ ဖြစ်သော ဝတ်ရည်ဖြစ်စေ၊ ဝတ်မှုန်ဖြစ်စေ၊ ဝတ်ရည်နှင့် ဝတ်မှုန်နှစ်မျိုးလုံးဖြစ်စေ ရရှိသော ရာသီအလိုက် စိုက်ပျိုး သီးနှံပင်များ၊ ဥယျာဉ်ခြံများ၊ နှစ်ရှည်ပင်များ၊ သဘာဝသစ် တောချုံနွယ်နှင့်ပေါင်းပင်များ တည်ရှိသော နေရာကို ဆိုသည်။

(မ) **စစ်ဆေးရေးစခန်း** ဆိုသည်မှာ ပြည်ပသို့တင်ပို့သော သို့မဟုတ် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်း များတွင် ကူးစက်ရောဂါ ကင်းရှင်းခြင်း ရှိ မရှိ၊ သတ်မှတ်ချက် များ၊ ဖော်ပြချက်များနှင့် ပြည့်စုံကိုက်ညီခြင်း ရှိ မရှိ စစ်ဆေး နိုင်ရေးအတွက် ဦးစီးဌာနက သတ်မှတ်ထားသော နေရာကို ဆိုသည်။

(ယ) **တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း** ဆိုသည်မှာ ပြည်ပသို့ တင်ပို့သော သို့မဟုတ် ပြည်ပမှ တင်သွင်းသော တိရစ္ဆာန်အား ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ သတ်မှတ် ကာလအထိ သီးသန့်ထားရှိပြီး စောင့်ကြည့်စစ်ဆေးသည့် နေရာကို ဆိုသည်။

(ရ) **ဓာတ်ခွဲခန်း** ဆိုသည်မှာ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင် ထားသော ဇီဝပစ္စည်း သို့မဟုတ် တိရစ္ဆာန်များ၏ ဇီဝဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတုဗေဒ၊ အာဟာရဗေဒ၊ အဆိပ်ဓာတ်နှင့် ရုပ်ပိုင်းဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုများနှင့် ရောဒီယိုသတ္တိကြွမှုများ ကို တိုင်းတာစစ်ဆေးသော ဝန်ဆောင်မှုပေးသည့် နေရာကို ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

အမျိုးသားစာကြည့်တိုက် ဥပဒေပြဋ္ဌာန်း

အမျိုးသားစာကြည့်တိုက် ဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အမျိုးသားစာကြည့်တိုက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစာကြည့်တိုက်** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေအရ တည်ထောင်သည့် အမျိုးသားစာကြည့်တိုက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ဖွင့်လှစ်ခဲ့သော အမျိုးသားစာကြည့်တိုက်များလည်း ပါဝင်သည်။

(ခ) **အမျိုးသားစာကြည့်တိုက်ခွဲ** ဆိုသည်မှာ သက်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် ရှိသည့် စာကြည့်တိုက်များကို ဆိုသည်။

(ဂ) **စာပေအနုပညာပစ္စည်း** ဆိုရာတွင် ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့် အသံသွင်း တိပ်ခွေများ၊ စာရွက်၊ ဖလင်၊ အီလက်ထရွန်းနစ်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းတင်ထားသော ပစ္စည်းများ၊ ယင်းတို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများ အပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့် သက်ဆိုင်သည့်ပစ္စည်းများ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနကို ဆိုသည်။

(စ) **ကြီးကြပ်မှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဆိုသည်။

(ဆ) **ထုတ်ဝေစာ** ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရွန်းနစ်နှင့် အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည် ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်း အားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်စာအုပ်များကို ဆိုသည်။

(ဇ) **ထုတ်ဝေသူ** ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေး အကျိုးအမြတ် ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ထုတ်ဝေသည့် လုပ်ငန်းလုပ်ကိုင်သူနှင့်စပ်လျဉ်းသည့် အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) အမျိုးသားစာကြည့်တိုက်များကို အများပြည်သူ လေ့လာသုတေသနပြု အသုံးပြုနိုင်ရေးအတွက် နိုင်ငံ၏စာပေ အသိဉာဏ် အမွေအနှစ်များကို စုဆောင်းထိန်းသိမ်းသည့် မြန်မာ့အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်၊

(ဂ) ပြည်တွင်းထုတ် ထုတ်ဝေစာများနှင့်ပတ်သက်သော အကြောင်းအရာ အချက်အလက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန်၊

(ဃ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက် အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်။

အခန်း(၃)

ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာများမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်သူနှစ်ဦးနှင့် ခြောက်ဦးထက်မပိုသော စာကြည့်တိုက်ပညာ ပြင်ပကျွမ်းကျင်သူများက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး (စာကြည့်တိုက်မှူး) က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကြီးကြပ်မှုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်မှုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံ၏ အမျိုးသားစာပေစုအမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် မူဝါဒများ ချမှတ်ခြင်း၊

(ခ) စာကြည့်တိုက်စာစုများ (Library Collections) တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက် အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းရှိ စာကြည့်တိုက်များကို စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ ဦးဆောင်မှုများပေးခြင်း၊

(ဃ) အမျိုးသားစာကြည့်တိုက်၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မား၍ စွမ်းဆောင်ရည်ပြည့်ဝစေရန် မူဝါဒများ ချမှတ်ခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်း၊

(င) နိုင်ငံတော်အတွင်း စာကြည့်တိုက်အသုံးပြုမှု တိုးတက်ရေးနှင့် စာဖတ်စွမ်းရည် မြင့်မားရေးအတွက် အမျိုးသားစာကြည့်တိုက်များကို လိုအပ်သည့် လမ်းညွှန်မှုများပေးခြင်း။

၆။ ကြီးကြပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်း၌ ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို ဥပဒေနှင့်အညီ ရယူထိန်းသိမ်းခြင်း (National Depository)၊

(ခ) စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပစာကြည့်တိုက်များ၊ စာကြည့်တိုက်အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ ဆောင်ရွက်ခြင်း၊ *(ဆက်လက်ဖော်ပြပါမည်)*

၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေပြဋ္ဌာန်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး စီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်း ဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်း ဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

အခန်း(၂)

စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆက်လက်ဖော်ပြပါမည်)

ပန်းတဉ်းအထိမ်းအမှတ် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် ရောင်းချပေးမည်

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိအလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာ ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းတဉ်းအထိမ်းအမှတ် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) (၁)မျိုးအား ၂၀၂၀ပြည့်နှစ်၊ ဩဂုတ် ၂၈ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက် (သောကြာနေ့)၊ နံနက် ၉ နာရီမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော်စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဩဂုတ် ၂၈ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု (Mekong–ROK Cooperation) Emblem နှင့် Slogan ပြိုင်ပွဲ

ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပမည့်
Emblem နှင့် Slogan ပြိုင်ပွဲ ချီးမြှင့်မည့်ဆုငွေ
ပထမဆု ကိုရီးယားဝမ် (၃,၀၀၀,၀၀၀) (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂,၅၀၀)
ဒုတိယဆု ကိုရီးယားဝမ် (၃၀၀,၀၀၀) (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၅၀)

Emblem နှင့် Slogan ပေးပို့ယှဉ်ပြိုင်ရမည့် အချိန်ကာလ –
၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အထိ

- ❖ မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- ❖ Emblem နှင့် Slogan အတွက် ပထမဆုအား (၁) ဦးစီဖြင့် ဆု(၂)ဆုချီးမြှင့်မည်ဖြစ်ပြီး၊ ဒုတိယဆုအား (၂) ဦးစီဖြင့် ဆု(၄)ဆု၊ စုစုပေါင်း ဆု(၆)ဆု ချီးမြှင့်သွားမည်ဖြစ်ပါသည်။
- ❖ ပြိုင်ပွဲအတွက် Contest Announcement၊ Entry Forms၊ Consent Form for Collection and Use of Personal Information နှင့် Fast Facts about Mekong–ROK Cooperation တို့အား southeastasia2@mofa.go.kr တွင် ရယူနိုင်ပါသည်။
- ❖ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်နိုင်ရန် တပ်မတော်ဆေးအဖွဲ့များ၊ ဆေးအထောက်အကူပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ဒုတိယအကြိမ် ပို့ဆောင်

နေပြည်တော် ဩဂုတ် ၂၆

ရခိုင်ပြည်နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်နိုင်ရန် တပ်မတော်ဆေးအဖွဲ့များ၊ ဆေးအထောက်အကူပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ရန်ကုန်လေဆိပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ဒုတိယအကြိမ် ပို့ဆောင်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ပို့ဆောင်ရာတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်မှ မေ့ဆေးပါရဂူ တစ်ဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ ဆေးပါရဂူ တစ်ဦး၊ ဆေးမှူးနှစ်ဦးနှင့် သူနာပြု ၁၀ ဦးတို့နှင့်အတူ Oxygen Plant တစ်လုံး၊ ICU Ventilator(SV–300) တစ်လုံး၊ ICU Bed နှစ်လုံး၊ Suction Machine သုံးလုံး၊ Pluse Oxymeter သုံးလုံး၊ Patient Monitor သုံးလုံး၊ Infusion Pump သုံးလုံး၊ Syringe Pump သုံးလုံး၊ Video Laryngoscope တစ်လုံး၊ Mini–Centrifuge တစ်လုံး၊ Oxygen Cylinder(40L) အလုံး ၂၀၊ Oxygen Concentrator(5L) တစ်လုံး၊ BP Cuff သုံးလုံး၊ UV Lump ငါးချောင်း၊ ဆေးနှင့် ဆေးပစ္စည်း ၁၃၄ မျိုးအပြင် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပါဝင်ကြောင်း။

ယင်းဆေးပစ္စည်းများတွင် ရခိုင်ပြည်နယ်အတွင်း Oxygen လိုအပ်ချက်ကို အထောက်အကူဖြစ်စေရန် တစ်ရက်လျှင် Oxygen Cylinder ခြောက်လုံး ထုတ်လုပ်ပေးနိုင်သည့် Oxygen Plant စက်တစ်လုံး ပါဝင်ကြောင်း ဖော်ပြထားသည်။

တပ်မတော်မှ ဆေးအဖွဲ့များနှင့် အထောက်အကူပြုဆေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီး သက်နိုင်ဦးနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုလွှဲပြောင်း လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ထို့ပြင် ကိုဗစ် – ၁၉ ရောဂါ အတည်ပြုလူနာများ ကုသနိုင်ရန်အတွက် စစ်တွေတပ်နယ်ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် တပ်မတော်စစ်ဆေးရုံတို့တွင် လူနာ ၁၂၀ လက်ခံကုသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၂ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိလာကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသား ဖြစ်တည်မှုမှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေး လေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် ၁၀ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်တွင်လည်း မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ကယ်ဆယ်ရေး လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရေဝတီနှင့် သံလွင် မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

ရေဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဘားအံမြို့နယ်နှင့် ဆိပ်သာမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ဂရိပါဝင်သည့် လေးနိုင်ငံမြေထဲပင်လယ်တွင် စစ်ရေးလေ့ကျင့်မည်

ခရီတီတောင်ပိုင်း မြေထဲပင်လယ်အရှေ့ပိုင်းရှိ ဂရိ- အမေရိကန် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လျက်ရှိသော သင်္ဘောနှစ်စင်းကို ဂရိအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၄ ရက်တွင် ထုတ်ပြန်ဖော်ပြလိုက်စဉ်။

အေသင် ဩဂုတ် ၂၆

ဂရိနိုင်ငံက ပြင်သစ်၊ အီတလီနှင့် ဆိုက်ပရပ်စ်တို့နှင့် မြေထဲပင်လယ်တွင် စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်ဖြစ်ကြောင်း မကြာသေးမီက ပြောကြားလိုက်သည်။ ဂရိနှင့် တူရကီနိုင်ငံတို့ကြား တင်းမာမှုများ မြင့်တက်လာသည်ကို အာရုံစိုက်လိုခြင်းကြောင့် ဂရိက ထိုသို့လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

ဆိုက်ပရပ်စ်တောင်ပိုင်းနှင့် ဂရိကျွန်း ခရီတီတို့တွင် ပြုလုပ်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း ဂရိကာကွယ်ရေးဝန်ကြီးက ပြောသည်။

ခရီတီနှင့် ဆိုက်ပရပ်စ် ဆက်လျက်တည်ရှိသော ပင်လယ်ရေပြင်တွင် ဓာတ်ငွေ့သတ္တုသိုက် ဖော်ထုတ်နိုင်ခြင်းက စွမ်းအင်ကြွယ်ဝချမ်းသာမှုကို ရယူပိုင်ဆိုင်ရန် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကြိုးစားမှုကို အစပျိုးပေးလိုက်ခြင်းဖြစ်ပြီး နေတိုးအဖွဲ့ဝင်နိုင်ငံ ဂရိနှင့် တူရကီတို့ကို ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်စေခဲ့သည်။

တူရကီက စစ်သင်္ဘောများ လိုက်ပါစောင့်ကြပ်လျက် အော်ရုစ်ရေးလ် သုတေသနသင်္ဘောကို အငြင်းပွားရေပိုင်နက်သို့ ဩဂုတ် ၁၀ ရက်က စေလွှတ်လိုက်မှုကြောင့် တင်းမာမှု နောက်တစ်ဆင့် ဖြစ်ပေါ်လာခဲ့သည်။

လေးဦးဆိုင်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ဆိုက်ပရပ်စ်၊ ဂရိ၊ ပြင်သစ်နှင့် အီတလီနိုင်ငံတို့သည် အရှေ့ဘက်မြေထဲပင်လယ်တွင် ပူးတွဲဖြန့်ကြက်မှုများ ပြုလုပ်ရန် သဘောတူခဲ့ကြောင်း ဂရိကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အရှေ့ဘက် မြေထဲပင်လယ်အတွင်း တင်းမာမှုနှင့် မငြိမ်သက်မှုများသည် ပင်လယ်ရေကြောင်းပိုင်ဆိုင်မှုများနှင့်ပတ်သက်ပြီး အငြင်းပွားမှုများကို မြင့်တက်စေသည်။ တူရကီက ဂရိနိုင်ငံနှင့် ဆွေးနွေးရန် အသင့်ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက်တွင် ပြောကြားလိုက်သည်။

အေအက်ဖ်ပီ

အီရန်အပေါ်ကုလသမဂ္ဂအရေးယူပိတ်ဆို့မှုပြုလုပ်ရန် အမေရိကန်၏ တောင်းဆိုမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ ပယ်ချ

ဂျီနီဗာ ဩဂုတ် ၂၆

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌက အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် အမေရိကန် ပြည်ထောင်စု၏ အဆိုပြုချက်ကို ပယ်ချလိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌက အဆိုပါကိစ္စနှင့် ပတ်သက်ပြီး အများသဘောတူ ဆန္ဒကင်းမဲ့ကြောင်း ပြောကြားလိုက်သည်။ လွန်ခဲ့သော ကြာသပတေးနေ့က အီရန်နိုင်ငံက ၂၀၁၅ နျူကလီးယားသဘောတူညီချက်ကို ချိုးဖောက်သောကြောင့် အမေရိကန်အစိုးရက ကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရသော အင်ဒိုနီးရှားကို အီရန်အား ပိတ်ဆို့အရေးယူမှုများ ပြန်လည်အသက်သွင်းရန် စတင်သင့်ကြောင်း အသိပေးခဲ့သည်။ အဖွဲ့ဝင်နိုင်ငံ အများစုက အမေရိကန်နိုင်ငံအနေဖြင့် ထိုသို့ လုပ်ဆောင်ရန်မသင့်ဟု အဆိုပြုချက်များ တင်သွင်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်သည် နျူကလီးယား သဘောတူညီချက်မှ ၂၀၁၈ ခုနှစ်က နုတ်ထွက်ခဲ့ကြောင်း ပြောကြားသည်။ တရုတ်နှင့် ရုရှားတို့က ကောင်စီဥက္ကဋ္ဌ ဒီယန်ထရီယန်ဆာဗ့ ဂျန်နီ ကို အင်္ဂါနေ့က ပြုလုပ်ခဲ့သော ဗီဒီယို ကွန်ဖရင့် အစည်းအဝေးတွင် အမေရိကန် သဘောထားနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

ပြင်သစ်နှင့် ဂျာမနီတို့က အားလုံး၏ သဘောတူညီချက်မရမီ ဆုံးဖြတ်ချက်မချရန် ပြောကြားခဲ့သည်။

ဂျန်နီက နောက်ဆုံးတွင် အဖွဲ့ဝင်များအားလုံး၏ သဘောတူညီမှုမရှိကြောင်း ပြောကြားလိုက်ပြီး ၎င်းအနေဖြင့် နောက်ထပ်ဆောင်ရွက်ချက်များကို ထပ်မံပြုလုပ်၍ ရသည့် အနေအထားတွင် မရှိကြောင်း ပြောကြားလိုက်သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး ကယ်လီခရက်ဖ်က ၎င်းအနေဖြင့် နောက်ထပ်အရေးယူပိတ်ဆို့မှုအသစ်များ ပြုလုပ်သွားရန် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်မှုများ ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထရမ့်အစိုးရအနေဖြင့် ယခုကိစ္စကို ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

အမေရိကန် အနေဖြင့် ယင်းဖြစ်စေချင်သလိုဖြစ်မည် မဟုတ်ကြောင်း လုံခြုံရေးကောင်စီ ဥက္ကဋ္ဌမှာ စက်တင်ဘာလတွင် နိုင်ဂျာဖြစ်မည့် အလားအလာ ရှိသောကြောင့် ဆက်လက်ဆန့်ကျင်မည့် သဘောရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။ **အင်န်အိတ်ချ်ကေ**

ကိုဗစ်- ၁၉ ပြန့်ပွားမှုဆိုင်ရာ တားဆီးရေးများကို ဂျပန်ကျွမ်းကျင်အုပ်စုတစ်စုက တင်ပြ

တိုကျို ဩဂုတ် ၂၆

ညဘက်အပန်းဖြေရပ်ကွက်များနှင့် တခြားနေရာများတွင် ကိုဗစ်- ၁၉ ကူးစက်ပြန့်ပွားမှုတားဆီးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဂျပန်ကျွမ်းကျင်အုပ်စုတစ်စုက ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ တုံ့ပြန်ရေး အစိုးရအကြံပေးအဖွဲ့တစ်ဖွဲ့၏ တနင်္လာနေ့ အစည်းအဝေးတွင် အဆိုပါကျွမ်းကျင်သူများက အဆိုပြုချက်များကို တင်ပြခဲ့သည်။

မေလနှောင်းပိုင်း အရေးပေါ်အခြေအနေကြေညာချက် ရုပ်သိမ်းလိုက်ပြီးနောက် တိုကျိုအပန်းဖြေရပ်ကွက်များနှင့် တခြားနေရာများရှိ ဘားဆိုင်များနှင့် နိုက်ကလပ်များမှတစ်ဆင့် နိုင်ငံတွင်း တခြားနေရာများဆီသို့ ကိုဗစ်- ၁၉ ကူးစက်ပြန့်ပွားခဲ့ကြောင်း ၎င်းတို့၏ လေ့လာချက်များအရ တွေ့ရှိခဲ့သည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။

ဒေသန္တရအာဏာပိုင်များနှင့်အတူ ကာလလတ်နှင့် ကာလရှည် လုပ်ငန်းစဉ်များကို ကျင့်သုံးမည့် အဖွဲ့တစ်ဖွဲ့ကို အစိုးရအနေဖြင့် ထူထောင်ရန် အဆိုပါအဖွဲ့က အဆိုပြုထားသည်။

လုပ်ငန်းစဉ်များတွင် ဘားဆိုင်များ၊ နိုက်ကလပ်များ၏ ဝန်ထမ်းများနှင့် ဧည့်သည်များ ရောဂါပိုးစစ်ဆေးမှုကို မြန်မြန်ဆန်ဆန်ခံယူနိုင်ရန်လည်း ပါဝင်သည်။

ထို့အပြင် ကူးစက်မှုလမ်းကြောင်းများကို ထောက်လှမ်းစုံစမ်းရန် လိုအပ်သလို လူနာများ ဆေးရုံတက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသည့် လူထုကျန်းမာရေးစင်တာများကို ထောက်ပံ့မှုများ လုပ်ဆောင်ပေးရန်လည်း အဆိုပါအဖွဲ့၏ ကျွမ်းကျင်သူများက မှတ်ချက်ပေးခဲ့သည်။

ညဘက်အပန်းဖြေသည့်နေရာမှလူများနှင့် ယုံကြည်မှုတည်ဆောက်ရေးနှင့် ကူးစက်မှုကာကွယ်ရေးနည်းများ လုပ်ဆောင်ရန်အတွက် ၎င်းတို့ကို အကြံပေးနိုင်ရေးသည်လည်း အရေးပါကြောင်း အဆိုပါအဖွဲ့က တင်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မိုးရေချိန် စံချိန်ချိုးအောင် ရွာခဲ့ရာ လူလေးဦး သေဆုံး

ကရာချိ ဩဂုတ် ၂၆

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ၃၆ နှစ်လုံး စံချိန်တင်ရွာခဲ့သည့်မိုးရေချိန်ကို ဩဂုတ်လတစ်လအတွင်း ရွာလိုက်သော မိုးရေချိန်ဖြင့် စံချိန်ချိုးလိုက်ပြီး လူလေးဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန် မိုးလေဝသဌာနက ပြောကြားလိုက်သည်။

တနင်္လာနေ့က ရွာခဲ့သောမိုးကြောင့် ဖေဆယ် အနိမ့်ပိုင်းဒေသတွင် မိုးရေချိန် ၃၄၅ မီလီမီတာအထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။ လွန်ခဲ့သော ၁၉၈၄ ခုနှစ်က အများဆုံးရွာခဲ့သော မိုးရေချိန်မှာ ၂၉၈ဒသမ၄ မီလီမီတာဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာမှုများသည် မြို့အနှံ့အပြားတွင် ဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံခြင်းနှင့်လမ်းများ၊ အနိမ့်ပိုင်းများ၊ မော်တော်ယာဉ်များ ရေမြုပ်ခဲ့ကြောင်း၊ မိုးနှင့် ဆက်စပ်မတော်တဆမှုများကြောင့် လူလေးဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်းရှိကြောင်း သိရသည်။

အနိမ့်ပိုင်းဒေသများအားလုံး ရေများဖုံးလွှမ်းသွားကြောင်းနှင့် လူများကို ကယ်ဆယ်ရန် အရေးပေါ်အခြေအနေတစ်ရပ် ပြဋ္ဌာန်းခဲ့ကြောင်း ဆင့်ဒ်ပြည်နယ် ဝန်ကြီးချုပ် မူရက်အလီရှာက ပြောကြားလိုက်သည်။

ဒေသများစွာမှ လူများလည်း ၎င်းတို့၏ နေအိမ်များမှ ဘေးအန္တရာယ်ကင်းသောနေရာများသို့ ပြောင်းရွှေ့သွားကြသည်။ မြေပြိုမှုများနှင့် ယာဉ်ပျက်စီးမှု အများအပြားဖြစ်ပွားခဲ့သည်။ လုံခြုံရေးအဖွဲ့များလည်း ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့များထံ လိုအပ်သည်များကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရေဘေးဒုက္ခ ရောက်နေသူများကို ဘေးအန္တရာယ် ပိုမိုဘေးကင်းစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့မှုများ လုပ်ဆောင်လျက်ရှိပြီး အစားအစာနှင့် နားခိုစရာများပေးထားကြောင်း သိရသည်။ မိုးသည်းထန်စွာရွာမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

ကရာချိမြို့တစ်နေရာတွင် ရေမြုပ်နေသည်ကို တွေ့ရစဉ်။

ကူးစက်မှုကို ခြေရာခံလိုက်နိုင်ရေး စပိန်နိုင်ငံတွင် တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားမည်

ကိုဗစ် - ၁၉ တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်မည့် စပိန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

မက်ဒရစ် ဩဂုတ် ၂၆

စပိန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှုတစ်ကျော့ပြန်မြင့်တက်လာသည့်အတွက် ကူးစက်မှုများနောက် ခြေရာခံလိုက်နိုင်ရေးတပ်ဖွဲ့ဝင် ၂၀၀၀ ကို တပ်ဖြန့်ချထားမည်ဟု စပိန်အစိုးရက ပြောသည်။

ကိုဗစ် - ၁၉ တိုက်ဖျက်ရေးအတွက် ဝန်ထမ်းအင်အားပြတ်တောက်မှုတွင် စပိန်တပ်ဖွဲ့ဝင်များကို အသုံးပြုသွားမည်ဟု စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်က ဩဂုတ် ၂၅ရက်တွင် ပြောကြားခဲ့သည်။

စပိန်တပ်ဖွဲ့ဝင်များသည် ကူးစက်ခံရသူများနှင့်ထိတွေ့မိသူများနောက် ခြေရာခံလိုက်မည်ဖြစ်သည်။ ယခုအချိန်မှစကာ ဒေသတွင်းအစိုးရအနေဖြင့် ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်နိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြည်သူများ၏ လှုပ်ရှားမှုများကို ကန့်သတ်လိုပါကလည်း ဗဟိုအစိုးရက ခွင့်ပြုပေးသွားမည်ဟု ပီဒရိုဆန်ချက်ဇ်က ပြောသည်။ စပိန်နိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ကျဆင်းလာသော်လည်း ဇူလိုင်လအတွင်း မက်ဒရစ်မြို့နှင့် ကက်တလိုနီးယားတို့တွင် ကူးစက်မှုတိုးလာခဲ့သည်။

ဩဂုတ်လအလယ်ပိုင်းတွင် နောက်ထပ်ကူးစက်မှုပေါင်း ၃၀၀၀ ကို ထပ်မံတွေ့ရှိခဲ့သည်။ လာမည့်စက်တင်ဘာလအတွင်း စာသင်နှစ် စတင်မည်ဖြစ်ရာ ယင်းမတိုင်မီ ကိုဗစ်- ၁၉ ကို ထိန်းချုပ်နိုင်ရေး စပိန်အစိုးရက ဆုံးဖြတ်ထားသည်။

အင်န်အိတ်ချ်ကေ

အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးမှုကြောင့် ၄၆ ဦး သေဆုံး

ကဘူးလ် ဩဂုတ် ၂၆

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ပြီး လူ ၄၆ ဦးထက်မနည်း သေဆုံးခဲ့ကာ နေအိမ်များ ရာနှင့်ချီ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အာဏာပိုင်များက ဩဂုတ် ၂၆ ရက်တွင် ပြောသည်။

ပါဝန်ပြည်နယ် မြို့တော် ချာရီကာရှိ အဆောက်အအုံများတွင် ပိတ်မိနေသူများကို ကယ်တင်နိုင်ရေး ကယ်ဆေးရေး လုပ်ဆောင်ခဲ့သည်။ အပျက်အစီးများကြားတွင် ပိတ်မိနေသည့် မိသားစုနှစ်စုရှိနေသေးကြောင်း ချာရီကာမြို့မှ ဒေသခံတစ်ဦးဖြစ်သူ အဗ္ဗဒူမဂျစ်က တိုလိုသတင်းဌာနသို့ ပြောသည်။

၎င်းတို့ကို အကူအညီပေးရန် ကယ်ဆယ်ရေးလုပ်သားများ လိုအပ်နေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပါဝန်ပြည်နယ်တွင် လူပေါင်း ၄၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၈၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

အာဖဂန်နစ္စတန် ချာရီကာမြို့တွင် ရေကြီးမှုအခြေအနေကို တွေ့ရစဉ်။

ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒါရှာကာကကမူ သေဆုံးသူစာရင်းမှာ ၆၆ ဦးရှိပြီး ဒဏ်ရာရရှိသူ ၉၀ ကျော်ရှိကာ နေအိမ်ပေါင်း ၅၀၀ ကျော် ပျက်စီးခဲ့ကြောင်း ပြောသည်။ အပျက်အစီးများကြားတွင် ပိတ်မိနေသူများလည်း ရှိနေသေးကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တာမင်အာဇီမီက ပြောသည်။

ချာရီကာဒေသသို့ အရေးပေါ်အကူအညီများပေးရန် သမ္မတ အက်ရှရက်ဖ်ဂါနီက အမိန့်ထုတ်ထားသည်။ နန်ဂါဟာပြည်နယ်အပါအဝင် အခြားသော ပြည်နယ်ခြောက်ခုတွင်လည်း ရေကြီးမှုဖြစ်ပေါ်နေကြောင်း အမိန့်ထုတ်ထားသော်လည်း အပျက်အစီးစာရင်းမသိရသေးပေ။

အေအက်ဖ်ပီ

ယီမင်တောင်ပိုင်း ခွဲထွက်ရေးသမားများ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ နောက်ဆုတ်

ဆာနား ဩဂုတ် ၂၆

ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသည့် ယီမင်အစိုးရနှင့် အာဏာခွဲဝေရေး သဘောတူညီမှု ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆော်ဒီနိုင်ငံက ကမကထပြု လုပ်ဆောင်ပေးလျက်ရှိရာ အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ယီမင်တောင်ပိုင်းခွဲထွက်ရေးသမားများ နောက်ဆုတ်သွားပြီဟု ဩဂုတ် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိပြုလုပ်နေသည့် ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်မှုဆိုင်းငံ့လိုက်ပြီဟု ဆော်ဒီအာဏာပိုင်များထံ တောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီက အကြောင်းကြားပြီးပြီဟုလည်း သတင်းထုတ်ပြန်ခဲ့သည်။

ယီမင်နိုင်ငံ မြောက်ပိုင်းဟူသီသူပုန်များကို အတူဆန့်ကျင်ခဲ့ကြသည့် ယီမင်အစိုးရနှင့် တောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီတို့ အကြား ငြိမ်းချမ်းရေးရရှိစေရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်ကာ လွန်ခဲ့သည့် နှစ်နှောင်းပိုင်းတွင် ဆွေးနွေးမှု ပြုလုပ်ပေးခဲ့သည်။ အေဗြန်ပြည်နယ်တွင် ယီမင်အစိုးရတပ်များ၏ တိုက်ပွဲများ အရှိန်မြင့်နေသည့်အတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှ ထွက်ခွာသွားရန် ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု တောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီက ပြောသည်။

ထို့ပြင် တောင်ပိုင်းဒေသတွင် ပြည်သူ့ဝန်ဆောင်မှုများ ပျက်ကွက်မှုနှင့် ပြည်သူ့ဝန်ထမ်းများကို လစာပေးရေးလည်း အစိုးရက ပျက်ကွက်ခဲ့သည်ဟု ဆိုကာ အကြောင်းပြပြောဆိုခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဆော်ဒီအစိုးရက မည်သည့် လှုပ်ရှားမှုမျှ ပြုလုပ်ခဲ့ခြင်း မရှိပေ။

အေအက်ဖ်ပီ

အာဖရိကနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံအပေါ် ဂျပန်နိုင်ငံက ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက်ထုတ်ပြန်

တိုကျို ဩဂုတ် ၂၆

ဂျပန်နိုင်ငံသည် အာဖရိကနိုင်ငံများ အဓိကပါဝင်သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံအပေါ် ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါနိုင်ငံများတွင် ကိုဗစ် - ၁၉ ကူးစက်မှုတိုးလာနေသည့်အတွက် ယင်းနိုင်ငံများသို့ ခရီးသွားလာမှုနှင့် ပတ်သက်ပြီး သတိပေးချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်တွင် အသစ်ထပ်တိုးလိုက်သည့် နိုင်ငံ ၁၃ နိုင်ငံမှာ ဘူတန်၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဘရာဇီး၊ အီသီယိုပီးယား၊ ဂမ်ဘီယာ၊ ဇမ်ဘီယာ၊ ဇင်ဘာဘွေ၊ တူနီးရှား၊ နိုင်ဂျီးရီးယား၊ မာလာဝီ၊ တောင်ဆူဒန်၊ ရဝမ်ဒါနှင့် လီဆိုသို နိုင်ငံတို့ ဖြစ်သည်။

အင်န်အိတ်ချ်ကေ

ကိုဗစ် - ၁၉ နှင့်အတူ နေထိုင်နိုင်ရေး သင်ယူကြရန် ပြင်သစ်သမ္မတ ပြောကြား

ပါရီ ဩဂုတ် ၂၆

ကိုဗစ် - ၁၉ နှင့်အတူ နေထိုင်နိုင်ရေး သင်ယူကြရန် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ဩဂုတ် ၂၅ ရက်တွင် ပြည်သူများကို တိုက်တွန်းခဲ့သည်။

မကြာသေးမီ သီတင်းပတ်များအတွင်း ကိုဗစ်- ၁၉ ကူးစက်မှု တိုးလာပြီးနောက် ယခုလို တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးပြဿနာကို ကျော်လွှားနိုင်ရေး ဗိုင်းရပ်စ်နှင့် လိုက်လျောညီထွေစွာ နေထိုင်နည်းကို သင်ယူရမည်ဟု ပြင်သစ်သမ္မတက ပြောသည်။

ကူးစက်မှု ပြန်လည်ပေါ်ပေါက်လာသည့် ကပ်ရောဂါကို စုပေါင်းအင်အားဖြင့် နှိမ်နင်းကြရန်နှင့် တာဝန်ယူစိတ်ဖြင့် ဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။

ကပ်ရောဂါ ကာကွယ်ရေးကောင်စီတွင်လည်း သမ္မတမက်ခရွန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ လူများယုံကြည်စိတ်ချရမှု ပြန်လည်ရရှိရေး ရှင်းလင်းသည့် စည်းမျဉ်းများ ချမှတ်ရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြင်သစ်နိုင်ငံတွင် ကိုဗစ်- ၁၉ နောက်ထပ် ကူးစက်ခံရသူ ၃၃၀၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ယခင်ရက်ကထက် ကူးစက်ခံရသူ ပိုမိုများပြားခဲ့သည်။ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစကာ ကူးစက်ခံရသူ ၂၄၈၁၅၈ ဦး ရှိကြောင်း တိုင်းပြည်၏ ပြည်သူ့ကျန်းမာရေး အေဂျင်စီက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြင်သစ်နိုင်ငံသည် ဆေးစစ်မှုပေါင်း ၇၅၅၀၀၀ ကို စမ်းသပ်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ဆေးစစ်ပေးခဲ့သူ ခုနစ်သန်းကျော် ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ဩဂုတ် ၂၅ ရက်တွင် ဆေးရုံတက်နေရသည့် ကိုဗစ်- ၁၉ လူနာပေါင်း ၄၆၀၀ ရှိပြီး ယခင်နေ့ကထက် ၉၀ လျော့နည်းခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ရွေးကောက်ပွဲ ကျင်းပရန်

၇၃ ရက်သာ

လိုတော့သည်။

ရွေးကောက်ပွဲများသည်-

➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။

➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။

➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဆ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၀ သိန်းကျော် ဆန္ဒမဲပေးနိုင်ရေး မဲရုံပေါင်း ၁၇၀၀ ကျော် ထားရှိမည်

ရန်ကုန် ဩဂုတ် ၂၆

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၀ သိန်းကျော် ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံပေါင်း ၁၇၀၀ ကျော် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲရုံထားရှိရေးနှင့် ပတ်သက်ပြီး ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်)၌ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(ခရိုင်တာဝန်ခံ)နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ရန်ကုန်တောင်ပိုင်းခရိုင်(တာဝန်ခံ) ဦးကျော်မိုးကြည်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဩဂုတ် ၂၂ ရက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခြင်းနှင့် တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းလှိုင်က ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ် ၁၀ မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး မဲရုံပေါင်း ၁၇၀၀ ကျော်နှင့် မဲဆန္ဒရှင် ၁၀ သိန်းကျော် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်နေမှုများနှင့် ရွေးကောက်ပွဲကာလ နီးကပ်လာပြီဖြစ်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများစုံညီစွာ နေ့စဉ် ရုံးတက်ဆောင်ရွက်ရေး၊ ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ကြီးကြပ်ကွပ်ကဲစီမံပေးကြရန် တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ရန်ကုန်တောင်ပိုင်းခရိုင် (တာဝန်ခံ) ဦးကျော်မိုးကြည်က ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊

✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

စိန်ခေါ်မှုဆိုတာ ကြောက်စရာမဟုတ်၊ ကျော်လွှားဖို့သာဖြစ်

အခု စစ်တွေမှာဆိုရင် အရင်အပတ်ကစပြီး ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုဟာ အင်မတန်မှမြန်ခဲ့ပါတယ်။ အင်မတန်မှ မြန်တဲ့အခါမှာ စိုးရိမ်ပူပန်မှုတွေလည်း တက်လာပါတယ်။ ဒါကို စိန်ခေါ်မှုတစ်ခုအနေနဲ့ ကြည့်စေချင်ပါတယ်။ စိန်ခေါ်မှုဆိုတာ ကြောက်စရာမဟုတ်ပါဘူး။ ကျော်လွှားဖို့သာ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို နိုင်ငံတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအနေနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ စစ်တွေမှာ ရောဂါပြန့်ပွားနေတာကြောင့် ရခိုင်ပြည်နယ် ပြင်ပကို စစ်တွေက ပြည်သူတွေ မထွက်အောင်လို့ ကျွန်မတို့ စည်းကမ်းတွေ သတ်မှတ်ရပါတယ်။ ဒီဟာက ထိန်းချုပ်ချင်တဲ့ သဘောမဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ ကာကွယ်ချင်တဲ့ သဘောဖြစ်ပါတယ်။ ကာကွယ်တာဟာ တစ်တိုင်းပြည်လုံးလည်း ကာကွယ်ရတယ်။ စစ်တွေနဲ့ ကျန်တဲ့ ရခိုင်မြောက်ပိုင်းက ပြည်သူတွေကိုလည်း ကာကွယ်ရတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၇၆ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၅၈၀ ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၆

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၇၆ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၅၈၀ ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၇၆ ဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ၇၅ ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၅၈၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၅ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၃၉ ဦးနှင့် ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၇ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၄၉၈၆၁	၅၈၀

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၃၄၅	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၃၄၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၃၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၃၀၇	၅
၂	ရခိုင်	၁၉၆	
၃	ချင်း	၁၉	
၄	စစ်ကိုင်း	၁၀	
၅	ပဲခူး	၉	၁
၆	မွန်	၈	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၅	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၂	
စုစုပေါင်း		၅၈၀	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၆-၈-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

၂၆-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၅၉၅၇၄၈၄	၃၂၅၅၁၆၁	၁၈၂၄၇၀
၂။	ဘရာဇီး	၃၆၇၄၁၇၆	၂၈၄၈၃၉၅	၁၁၆၆၆၆
၃။	အိန္ဒိယ	၃၂၄၆၉၂၉	၂၄၇၄၇၄၃	၅၉၇၃၆
၄။	ရုရှား	၉၇၀၈၆၅	၇၈၆၁၅၀	၁၆၆၈၃
၅။	တောင်အာဖရိက	၆၁၃၀၁၇	၅၂၀၃၈၁	၁၃၃၀၈
၆။	ပီရူး	၆၀၇၃၈၂	၄၁၄၅၇၇	၂၈၀၀၁
၇။	မက္ကဆီကို	၅၆၈၆၂၀	၃၉၃၁၀၁	၆၁၄၅၀
၈။	ကိုလံဘီယာ	၅၆၂၁၂၈	၃၉၅၄၇၀	၁၇၈၈၉
၉။	စပိန်	၄၂၃၂၂၄	စိစစ်ဆဲ	၂၈၉၂၄
၁၀။	ချီလီ	၄၀၀၉၈၅	၃၇၄၄၆၃	၁၀၉၅၈

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆- ၈ - ၂၀၂၀

	COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
ဖိလစ်ပိုင်	၂၀၂၃၆၁	၁၃၃၄၆၀	၃၁၃၇
အင်ဒိုနီးရှား	၁၆၀၁၆၅	၁၁၅၄၀၉	၆၉၄၄
စင်ကာပူ	၅၆၄၉၅	၅၄၈၁၆	၂၇
မလေးရှား	၉၂၉၁	၈၉၇၈	၁၂၅
ထိုင်း	၃၄၀၃	၃၂၃၇	၅၈
ဗီယက်နမ်	၁၀၃၄	၆၃၂	၂၉
မြန်မာ	၅၈၀	၃၄၅	၆
ကမ္ဘောဒီးယား	၂၇၃	၂၆၄	၀
ဘရူနိုင်း	၁၄၄	၁၃၉	၃
လာအို	၂၂	၂၁	၀

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆–၈–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၅–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၁၈)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၇) ခု၊

စုစုပေါင်း (၈၂၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) ဦး တွေ့ရှိရပါသည်။

၂။ (၂၆–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၅၇၄) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲစစ်ဆေးပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက်

ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၆-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၂၅-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇၁၈) ခု
(၂၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၀၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၇၀) ဦး

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၆–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၄၃၉)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၁၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၂) ခု၊
- စုစုပေါင်း (၁၂၆၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။

၂။ (၂၆–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၅၈၀) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄)ဦး (Case– 214, 333, 365, 366) ရှိသဖြင့် စုစုပေါင်း (၃၄၅) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၅–၈–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၆–၈–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၇) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၆-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၄၃၉) ခု
(၂၆-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၁၈) ခု
(၂၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇၃) ခု
(၂၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၇၀) ခု
(၂၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၃) ခု
(၂၆-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၄၂) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၆) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၆) ဦး	(၅၈၀) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၄) ဦး	(၃၄၅) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၂၆-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု

(၂၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

လူနာ အမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ	ဆေးကုသမှု ခံယူစေမည့် ဆေးရုံ	COVID-19 ဓာတ်ခွဲ အဖြေ	မှတ်ချက်
* 575	၂၃ နှစ်	ကျား	ကျောက်တော်မြို့၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့)
* 576	၂၅ နှစ်	မ	ကျောက်တော်မြို့၊ ရခိုင်ပြည်နယ်	ရှိ (Case-408)	မရှိ	ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့)
577	၆၅ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (စစ်တွေမြို့)
578	၆၅ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-417)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (စစ်တွေမြို့)
579	၃၂ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့)
580	၃၃ နှစ်	မ	ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	မရှိ	ရှိ (အမေရိကန်)	ဝေဘာဂီအထူးကု ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်)

*** စစ်တွေမြို့သို့ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ**

◆ *ကျောဖုံးမှ*

ယင်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တတိယအကြိမ်မြောက် ခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါထောက်ပံ့မှုအစီအစဉ်၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ခရီးစဉ်မှာ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရောက်ရှိခဲ့ပြီး ဩဂုတ် ၂၈ ရက်တွင် စတုတ္ထအကြိမ်မြောက် ခရီးစဉ်အဖြစ် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE) နှင့် ဆက်စပ်ပစ္စည်းများ ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ယင်းနေ့တွင် ခရီးစဉ်အားလုံး၏ ထောက်ပံ့ကူညီမှုပစ္စည်းများကို UNICEF မှ တာဝန်ရှိသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ UNICEF အနေဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်–၁၉ ရောဂါပိုး စမ်းသပ်ကိရိယာ (test kits)နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများကိုလည်းကောင်း ထောက်ပံ့ကူညီခဲ့သည့်အပြင် UNICEF ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ဝန်ထမ်းများဖြင့်လည်း ကူညီဆောင်ရွက်လျက်ရှိကြောင်း UNICEF မှ သိရသည်။

သတင်း–ဇော်ကြီး၊ ဓာတ်ပုံ–ဖေဇော်

❊ ကျောဖုံးမှ

(၂၅-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၂၆-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁:၀၀) နာရီ

လူနာ အမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြု လူနာများ နှင့်ထိတွေ့မှု	ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ	ဆေးကုသမှု ခံယူစေမည့် ဆေးရုံ	COVID-19 ဓာတ်ခွဲ အဖြေ	မှတ်ချက်
505	၂၆ နှစ်	ကျား	ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (ကျောက်ဖြူမြို့နယ်)
506	၃၂ နှစ်	ကျား	တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	ဝေဘာဂီ အထူးကုဆေးရုံကြီး	တွေ့ရှိ	နိုင်ငံခြားသို့ သွားရောက်ရန် ကျန်းမာရေး စစ်ဆေးခြင်း
507	၂၇ နှစ်	ကျား	မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မြောက်ဦးမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်)
508	၂၇ နှစ်	မ	မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မြောက်ဦးမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်)
509	၃၄ နှစ်	ကျား	မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မြောက်ဦးမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်)
510	၃၄ နှစ်	မ	မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မြောက်ဦးမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်)
511	၃၀ နှစ်	မ	မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မြောက်ဦးမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်)
*512	၁၅ နှစ်	ကျား	မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ မင်းပြားမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်)
*513	၁၂ နှစ်	ကျား	မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-453)	မရှိ	ပြည်သူ့ဆေးရုံ မင်းပြားမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်)
*514	၃၁ နှစ်	မ	မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-453)	မရှိ	ပြည်သူ့ဆေးရုံ မင်းပြားမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်)
*515	၂၃ နှစ်	ကျား	မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-431)	မရှိ	ပြည်သူ့ဆေးရုံ မင်းပြားမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်)
516	၂၅ နှစ်	မ	မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မင်းပြားမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်)
517	၂၅ နှစ်	မ	မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မြောက်ဦးမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်)
518	၂လ	မ	မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case-440)	မရှိ	ပြည်သူ့ဆေးရုံ မြောက်ဦးမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်)
*519	၄၀ နှစ်	မ	ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ ပုဏ္ဏားကျွန်းမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်)
*520	၂၆ နှစ်	ကျား	မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-408,440, 441)	မရှိ	ပြည်သူ့ဆေးရုံ မြေပုံမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မြေပုံမြို့နယ်)
*521	၃၀ နှစ်	မ	မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-408,440, 441)	မရှိ	ပြည်သူ့ဆေးရုံ မြေပုံမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မြေပုံမြို့နယ်)
*522	၃၁ နှစ်	မ	မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-408,440, 441)	မရှိ	ပြည်သူ့ဆေးရုံ မြေပုံမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မြေပုံမြို့နယ်)
523	၃၂ နှစ်	မ	မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-408,440, 441)	မရှိ	ပြည်သူ့ဆေးရုံ မြေပုံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်)
*524	၂၃ နှစ်	ကျား	မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ မြေပုံမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မြေပုံမြို့နယ်)
*525	၂၀ နှစ်	ကျား	မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ မြေပုံမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မြေပုံမြို့နယ်)
*526	၁၆ နှစ်	ကျား	ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ ပေါက်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်)
527	၄၀ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-415)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
528	၂၀ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
529	၅၀ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-410)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
530	၁၉ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-410)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
531	၂၈ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-410)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
532	၁၃ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-435)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
533	၅ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-435)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
534	၅၀ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-413)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
535	၂၃ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
536	၂၅ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
537	၂၁ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
538	၂၈ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
539	၂၅ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
540	၂၀ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
541	၁၈ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
542	၂၁ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
543	၂၄ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
544	၂၃ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
545	၁၈ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
546	၂၀ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
547	၂၀ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
548	၂၃ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
549	၂၁ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
550	၂၁ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
551	၂၂ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
552	၂၁ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
553	၂၃ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-428)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
554	၃၇ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-433)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
555	၂၁ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-379)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
556	၄၈ နှစ်	မ	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-425)	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
557	၃၂ နှစ်	ကျား	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မောင်တောမြို့နယ်)
*558	၁၄ နှစ်	ကျား	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
559	၄၄ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မောင်တောမြို့နယ်)
560	၄၅ နှစ်	ကျား	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ (မောင်တောမြို့နယ်)
561	၄၁ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	စုံစမ်းဆဲ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
562	၂၉ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	စုံစမ်းဆဲ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*563	၂၅ နှစ်	ကျား	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-399)	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*564	၅၈ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*565	၁၅ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*566	၃၈ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*567	၄ နှစ်	ကျား	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*568	၈ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*569	၁၇ နှစ်	မ	မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မောင်တောမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်)
*570	၃၃ နှစ်	ကျား	ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်)
*571	၅၀ နှစ်	ကျား	ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်)
*572	၂၂ နှစ်	ကျား	ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်)
*573	၂၃ နှစ်	ကျား	ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်)
574	၃၄ နှစ်	ကျား	မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့	တွေ့ရှိ	ရောဂါကူးစက်နိုင်ခြေ များသော အုပ်စုအား စစ်ဆေးခြင်းဖြစ်ပါသည်။

* စစ်တွေမြို့သို့ ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ

Technical Media Production Training သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Search for Common Ground (SFCG) တို့ ပူးပေါင်း၍ Technical Media Production Training သင်တန်းကို နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သင်တန်းခန်းမ၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

သင်တန်းတွင် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူးတင်ဆက်မည့် ရုပ်သံဇာတ်လမ်းတွဲ ထုတ်လုပ်နိုင်ရန်အတွက် ပါဝင်ဆောင်ရွက်သွားမည့် ဝန်ထမ်းများကို ရိုက်ကူးရေးမစတင်မီ လိုအပ်မည့် နည်းပညာပိုင်းဆိုင်ရာများကို သင်ကြားပေးခြင်းဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးနိုင်ရေး အထောက်အကူပြုသင်တန်းကို Film Development Center မှ ဒေါက်တာအောင်မင်း၊ ဒါရိုက်တာ ကြည်ဖြူသျှင်နှင့် ဝါရင့်ပညာရှင် ၁၂ ဦးတို့က ပို့ချပေးခဲ့ပြီး ယခု Technical Media Production Training သင်တန်းကို ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချခဲ့ခြင်းဖြစ်သည်။

အဆိုပါ Technical Media Production Training သင်တန်းမှာ ကင်မရာ၊ Editing /Sound / Colour Grading တို့ကို အဓိကထား သင်ကြားပေးခြင်းဖြစ်သည်။ Technical Media Production Training သင်တန်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း ၂၅ ဦး တက်ရောက်ခဲ့သည်။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် အကအလှ ရုပ်သံဇာတ်လမ်းတွဲကို တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ် ခုနစ်ခုတို့တွင် ရိုက်ကူးသွားမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Search for Common Ground (SFCG) တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်၌ ရေဒီယိုတွင် “တွေးကြခေါ်ကြ ပြောင်းလဲကြ” အစီအစဉ်နှင့် ၂၀၁၈ ခုနှစ်၌ ရုပ်မြင်သံကြားတွင် “အပ်ဖျားတစ်ထောက်” အမည်ရှိ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးရုပ်သံဇာတ်လမ်းများကို ရိုက်ကူးထုတ်လုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဗျူဟာမြောက် ခေါင်းဆောင်မှုပညာဘဝနှင့် လူမှုရေး-၂



နေပြည်တော် ဩဂုတ် ၂၆

စာရေးသူ ဒေါက်တာအေးကျော် ရေးသားသည့် ဗျူဟာမြောက် ခေါင်းဆောင်မှုပညာ၊ ဘဝနှင့် လူမှုရေး-၂ စာအုပ် ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် ဖာဂူဆန်၏ အသင်းအဖွဲ့ကို ဦးဆောင်ခြင်းပညာ၊ ဟားဗက်ပါမောက္ခဘီလ်ဂျော့(ချ)၏ အကျပ်အတည်းကာလကို ဦးဆောင်ခြင်း၊ လီကွမ်ယူ၏ စင်ကာပူနိုင်ငံကို အသွင်ပြောင်းခြင်း၊ ခေါင်းဆောင်မှု သီအိုရီနှင့် ကျင့်စဉ်များ၊ ဦးသန့်၏ ဗျူဟာမြောက် ညှိနှိုင်းမှုအတတ်ပညာစသည့် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ၏ ခေါင်းဆောင်မှုပညာရပ်များကို လေ့လာဖတ်ရှုနိုင်သည်။

ဖော်ပြပါစာအုပ်ကို ဘဝတက်လမ်းစာပေ၊ ဖုန်း ၀၉၅၁၃၇၅၂၆၊ ၀၉၄၂၅၂၈၉၀၃၁၊ ၀၉၄၀၁၄၃၃၇၅၈ တို့တွင် တန်ဖိုးငွေကျပ် ၄၀၀၀ နှုန်းဖြင့် တစ်ပြည်လုံးအိမ်အရောက်ပို့စနစ်ဖြင့် ဝယ်ယူရရှိနိုင်သည်။ **မြန်မာ့အလင်း**

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၈ - ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၉၁၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၇၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၁၅၁၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၉၁၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၇၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၁၅၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၄၅/၅၉၀	ကျပ်	၅၇၅/၅၉၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၅၅/၅၉၅	ကျပ်	၅၈၅/၆၀၅	ကျပ်
အောက်တိန်း ၉၂	၄၉၅/၅၃၅	ကျပ်	၅၅၅/၅၇၀	ကျပ်
အောက်တိန်း ၉၅	၆၂၅/၆၅၀	ကျပ်	၆၈၀/၇၁၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၅၂ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၅၉၆ . ၉
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၈၈ . ၄၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၇၈ . ၆
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၇၂ . ၇
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၇၄ . ၃၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၆ . ၂၃
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈ . ၂၀၃
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၃ . ၉၇
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၄ . ၁၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၃ . ၁၄၀

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉၉၀၀	၉၉၀၀	၁၂၂၇	၁၂၁၄၇၃၀၀
MTSH	၃၇၀၀	၃၇၀၀	၈၂၀၀	၃၀၃၄၀၀၀၀
MCB	၇၈၀၀	၀	၀	၀
FPB	၂၁၅၀၀	၂၁၅၀၀	၇၂	၁၅၄၈၀၀၀
TMH	၂၇၀၀	၂၇၀၀	၂၈	၇၆၆၀၀
EFR	၃၁၅၀	၃၁၀၀	၁၉	၅၈၁၅၀

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၂၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ကိုလိုနီခေတ်ဦးကာလက သတင်းစာထုတ်ဝေမှုများ

သိပ္ပံစာရေးဆရာကိုကိုအောင်

မော်လမြိုင်မြို့မှ သတင်းစာများ

ဗြိတိသျှတို့ စိုးမိုးမှုအောက်တွင် မော်လမြိုင်၌ အခြေချလာသော စက်မှုလုပ်ငန်းများထဲတွင် စာပုံနှိပ်စက်လုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ စာပုံနှိပ်စက်ကို ၁၈၃၀ ပြည့်နှစ်ခန့်တွင် ခရစ်ယာန်သာသနာပြုများက စတင်တည်ထောင်ခဲ့ကြသည်။ ခရစ်ယာန်သာသနာပြုရေးအတွက် ခရစ်ယာန်ကျမ်းစာများကို ပုံနှိပ်ထုတ်ဝေနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ အမေရိကန် သာသနာပြုဆရာကြီး Rev. C.Bennett ယူဆောင်လာကာ စတင်တည်ထောင်ခဲ့သော Free School Press မှာ ပထမဦးဆုံးသော စာပုံနှိပ်စက် ဖြစ်မည်ဟု ယူဆရသည်။ ဘင်းနက်သည် အစိုးရအခမဲ့ကျောင်းတွင် ကျောင်းအုပ်အဖြစ် လုပ်ကိုင်ရင်း ကျောင်းအုပ်အလုပ်နှင့်အတူ သာသနာပြုအလုပ်၊ ပုံနှိပ်စက် အလုပ်တို့ကို ပူးတွဲလုပ်ကိုင်ခဲ့သည်။ ဘင်းနက်၏စက်သည် သစ်သားလက်ကိုင် လက်လှည့်ပုံနှိပ်စက်များသာဖြစ်သည်။ ၁၈၃၂ ခုနှစ်တွင် အမေရိကန်မှ မစ္စတာအော်လီဗား တီး ကတ္တားက ပုံနှိပ်စက်တစ်လုံးနှင့်အတူ ရောက်ရှိလာခဲ့ပြန်သည်။ မစ္စတာကတ္တားယူဆောင်လာခဲ့သော ပုံနှိပ်စက်မှာ အမေရိကန် ခရစ်ယာန်အဖွဲ့က သာသနာပြုလုပ်ငန်းအတွက် လက်ဆောင်ပေးလိုက်သော စက်ဖြစ်ပြီး သံကိုယ်ထည်ဖြင့် ပြုလုပ်ထားသော Power Machine ဖြစ်သည်။

ခရစ်ယာန်သာသနာပြု စာပေကျမ်းဂန်များကို ထုတ်ဝေရန် ရည်ရွယ်ခဲ့သော စာပုံနှိပ်စက်လုပ်ငန်းမှာ အရင်းရှင်စီးပွားရေးလုပ်ငန်းများ တိုးတက်စည်ပင်လာသော မော်လမြိုင်တွင် သတင်းစာ စတင်ထုတ်ဝေရေးဆီသို့ လမ်းကြောင်းပြောင်းသွားခဲ့သည်။ တနင်္သာရီဝန်ရှင်တော်မင်းကြီး ဗလန်ဒယ်၏ အားပေးမှုကိုလည်း ရရှိသဖြင့် ၁၈၃၆ ခုနှစ် မတ်လ ၃ ရက်တွင် The Maulmain Chronicle သတင်းစာကို ဘင်းနက်၏ Free School Press မှ စတင်ထုတ်ဝေခဲ့သည်။ မော်လမိန်းခရော်နီကဲလ်ကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် အပတ်စဉ် တစ်စောင်စီ ထုတ်ဝေခဲ့ သည်။

အရင်းရှင် ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများက သတင်းစာကို များစွာအားထားအသုံးချကြရသည်။ သင်္ဘောများဆိုက်ကပ်ချိန်နှင့် ထွက်ခွာချိန်သတင်းများ၊ သင်္ဘောနှင့်အတူ ရောက်ရှိလာသောကုန်ပစ္စည်းများသတင်း၊ ရောင်းချရန် ပစ္စည်းကြော်ငြာများနှင့် ဈေးနှုန်းသတင်းများကို သတင်းစာများက ဖော်ပြခဲ့ကြသည်။ မော်လမြိုင်တွင် သတင်းစာများ ထပ်မံပေါ်ထွက်လာသည်နှင့်အမျှ စာပုံနှိပ်စက် ဦးရေကလည်း တိုးပွားလာခဲ့သည်။ မော်လမိန်းခရော်နီကဲလ်သတင်းစာ ပေါ်ထွက်ပြီးနောက် ၁၈၄၇ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော The Maulmain Almanac သတင်းစာ၊ ၁၈၄၆ ခုနှစ်တွင် The Maulmain Free Press သတင်းစာ၊ The Maulmain Advertiser သတင်းစာ၊ The Friend of Burma သတင်းစာနှင့် ၁၈၆၅ ခုနှစ်တွင် The Maulmain Observer သတင်းစာများ ပေါ်ထွက်ခဲ့သည်။

ဗြိတိသျှခေတ်ဦး သတင်းစာလုပ်ငန်းများ

ဗြိတိသျှတို့စိုးမိုးစ ခေတ်ဦးပိုင်းကာလဖြစ်သော ၁၈၃၀ မှ ၁၈၈၅ ခုနှစ်အထိ ကာလများအတွင်းက မော်လမြိုင်တွင် စာပုံနှိပ်စက်ကြီး ခြောက်စက်မှာ ထင်ရှားခဲ့သည်။ အစောဆုံးတည်ထောင်သော Free School Press၊ ၁၈၄၄ ခုနှစ်တွင် တည်ထောင်သော Mission Press၊ ၁၈၇၃ ခုနှစ်တွင် တည်ထောင်သော Advertiser ၊ ၁၈၇၆ ခုနှစ်တွင် တည်ထောင်သော Friend of Maulmain Press ၊ ၁၈၇၇ ခုနှစ်တွင် တည်ထောင်သော Friend of India Press နှင့် ၁၈၈၇ ခုနှစ်တွင် တည်ထောင်သော Tenasserim Press တို့ ဖြစ်ကြသည်။ ထားဝယ်မြို့၌လည်း ၁၈၄၉ ခုနှစ်က တည်ထောင်သော Karen Mission ရှိခဲ့သည်။ ခရစ်ယာန်သာသနာပြုများ အင်အားကောင်းခဲ့သည့် တောင်ငူမြို့တွင်လည်း ၁၈၆၈ ခုနှစ်က တည်ထောင်သော Karen Institute နှင့် ၁၈၈၃ ခုနှစ်က တည်ထောင်သော St. Lukes Mission တို့ ရှိခဲ့ကြသည်။

စစ်တွေမြို့တွင်မူ ဆန်စပါး ကူးသန်းရောင်းဝယ်ရေးမှအပ အခြားအရင်းရှင်စီးပွားရေးလုပ်ငန်းများမှာ အခြေချမှု နည်းပါးခဲ့သောကြောင့် မော်လမြိုင်မှာကဲ့သို့ စက်မှုလက်မှုလုပ်ငန်းများမှာ ထင်ထင်ရှားရှားမရှိခဲ့ပေ။ သို့ရာတွင် ၁၈၅၃-၁၈၅၄ ခုနှစ်ခန့်က Akyab Commercial Advertiser ဟူသောအမည်ဖြင့် သတင်းစာထုတ်ဝေခဲ့သည်ကို တွေ့ရှိရသောကြောင့် စာပုံနှိပ်စက်လုပ်ငန်းမှာ ၁၈၅၀ ပြည့်နှစ်ခန့်ကတည်းက ရှိနေခဲ့သည်ဟု ယူဆရသည်။ ၁၈၈၅ ခုနှစ်တွင်မူ စစ်တွေမြို့၌ စာပုံနှိပ်စက်နှစ်လုံးရှိခဲ့ပြီး Akyab Weekly News နှင့် Akyab Weekly Advertiser သတင်းစာများကို ထုတ်ဝေခဲ့သည်။

ဆန်စပါး ကူးသန်းရောင်းဝယ်ရေး ထွန်းကားမှုကြောင့် ဆန်စက်များရှိခဲ့သော ပုသိမ်မြို့၌လည်း ၁၈၈၅ ခုနှစ်က စာပုံနှိပ်စက်နှစ်လုံးရှိခဲ့သည်။ စာပုံနှိပ်စက် နှစ်လုံးအနက် တစ်လုံးက ၁၈၈၀ ခုနှစ်တွင် တည်ထောင်သော ခရစ်ယာန်သာသနာပြုပိုင် St.Peter's Institute Press ဖြစ်သည်။

THE MAULMAIN CHRONICLE.

၁၈၃၆ ခုနှစ်က အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မော်လမိန်းခရော်နီကဲလ်

ရန်ကုန်မြို့မှ သတင်းစာများ

အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့က သိမ်းယူပြီးနောက် မော်လမိန်းခရော်နီကဲလ် သတင်းစာပိုင်ရှင် ရှေ့နေ H.W. Lewis သည် သတင်းစာတိုက်ကို ရန်ကုန်သို့ပြောင်းရွှေ့ ယူလာကာ ၁၈၅၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်၊ ဗုဒ္ဓဟူးနေ့မှစ၍ ရန်ကုန်ခရော်နီကဲလ် အမည်ဖြင့် သတင်းစာတစ်စောင်ကို စတင်ထုတ်ဝေခဲ့သည်။ မြန်မာပြည်၏ မြို့တော်ဖြစ်လာသော ရန်ကုန်တွင် အစိုးရလုပ်ငန်းနှင့် အရင်းရှင် ကုန်သည်ပွဲစားကြီးများ၊ ကုမ္ပဏီများ၏ စီးပွားရေး လုပ်ငန်းများ အခြေကျတိုးတက်ကာ စည်ပင်လာသကဲ့သို့ စာပုံနှိပ်စက်များကလည်း အပြိုင်အဆိုင်ဖြင့် မြိုင်မြိုင်ကြီး ပေါ်ထွက်လာခဲ့သည်။

ရန်ကုန်ခရော်နီကဲလ် သတင်းစာ ပိတ်သွားသည့် ၁၈၅၈ ခုနှစ်တွင် The Rangoon Times သတင်းစာ ထွက်ရှိလာခဲ့သည်။ ထို့နောက် ၁၈၆၁ ခုနှစ်တွင် ရန်ကုန်မြို့ရှိ ဗြိတိသျှကုန်သည်ကြီးတစ်စုက The Rangoon Gazette အမည်ဖြင့် သတင်းစာ တစ်စောင်ကို ထုတ်ဝေခဲ့သည်။ ၁၈၇၈-၁၈၇၉ ခန့်က Rangoon Daily Mail နှင့် Daily Review သတင်းစာများ ပေါ်ထွက်ခဲ့သော်လည်း ခြောက်လမျှသာခံပြီး ရပ်ဆိုင်းသွားခဲ့သည်။ ၁၈၈၅ ခုနှစ်အရောက်တွင်မူ ရန်ကုန်မြို့၌ The Rangoon Gazette, British Burma Advertiser, The Rangoon Times နှင့် The Express Advertiser ဟူသော အင်္ဂလိပ်သတင်းစာကြီး လေးစောင်နှင့် မြန်မာဘာသာဖြင့် ထုတ်ဝေသော Burma Herald ခေါ် မြန်မာသံတော်ဆင့်သတင်းစာတို့ကို တွင်တွင်ကျယ်ကျယ် ထုတ်ဝေခဲ့ကြသည်။

သတင်းစာများ၊ စာအုပ်စာတမ်းများ၊ ကျောင်းသုံးစာအုပ်များ၊ အစိုးရကိစ္စဆိုင်ရာ စာရွက်စာတမ်းများ၊ သာသနာပြုဆိုင်ရာစာအုပ်များ ရိုက်နှိပ်ထုတ်ဝေမှု တိုးတက်လာခဲ့သဖြင့် စာပုံနှိပ်စက်လုပ်ငန်းလည်း တိုးတက်ကာ စာပုံနှိပ်စက်ကြီးများ၏ အရေအတွက်က များပြားလာခဲ့သည်။ ၁၈၈၅ ခုနှစ်က ရန်ကုန်တွင် ထင်ရှားသော စာပုံနှိပ်စက်ကြီး ၁၄ လုံး ရှိခဲ့သည်။ ယင်းတို့အနက် ၁၈၇၆ ခုနှစ်က တည်ထောင်ခဲ့သော Rangoon Central Jail Press မှာ အစိုးရပိုင်ဖြစ်ပြီး ၁၈၆၈ ခုနှစ်က တည်ထောင်ခဲ့သော Rangoon Mission Press နှင့် ၁၈၈၄ ခုနှစ်က တည်ထောင်ခဲ့သော American Baptist Mission Press တို့မှာ သာသနာပြုများပိုင် ဖြစ်ကြသည်။ ကျန်စက်များကမူ နိုင်ငံခြားသားပိုင် ပုဂ္ဂလိကစက်များ ဖြစ်ကြသည်။

"ခရစ်ယာန် သာသနာပြုရေးအတွက် ခရစ်ယာန်ကျမ်းစာများကို ပုံနှိပ်ထုတ်ဝေနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ အမေရိကန် သာသနာပြုဆရာကြီး Rev. C.Bennett ယူဆောင်လာကာ စတင်တည်ထောင်ခဲ့သော Free School Press မှာ ပထမဦးဆုံးသော စာပုံနှိပ်စက် ဖြစ်မည်ဟု ယူဆရသည်။ ဘင်းနက်သည် အစိုးရအခမဲ့ ကျောင်းတွင် ကျောင်းအုပ်အဖြစ် လုပ်ကိုင်ရင်း ကျောင်းအုပ်အလုပ်နှင့်အတူ သာသနာ ပြုအလုပ်၊ ပုံနှိပ်စက် အလုပ်တို့ကို ပူးတွဲလုပ်ကိုင်ခဲ့သည်"

မြန်မာသံတော်ဆင့် သတင်းစာကို ထုတ်ဝေသော မြန်မာသံတော်ဆင့်ပုံနှိပ်တိုက်ကို ၁၈၆၉ ခုနှစ်က တည်ထောင်ခဲ့ပြီး John A Hannay က စတင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ၁၈၇၈ ခုနှစ်တွင် သတင်းစာနှင့်ပုံနှိပ်တိုက်ကို မော်လမြိုင်သား ဦးဘိုးအိုက ဂျွန်ဟန်နေထံမှ ဝယ်ယူပြီးနောက် ရေနွေးငွေ့စက်ဖြင့် မောင်းနှင်ပုံနှိပ်ခဲ့သည်။ မြန်မာသံတော်ဆင့် မီးစက်ပုံနှိပ်တိုက်ဟု အမည်တပ်ကာ မြန်မာသံတော်ဆင့်သတင်းစာနှင့် စာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ မြန်မာဂေဇက်ပုံနှိပ်တိုက်၊ ရန်ကုန်ဂေဇက်ပုံနှိပ်တိုက်နှင့် အစိုးရစာပုံနှိပ်တိုက်တို့ကလည်း မြန်မာဂေဇက်သတင်းစာ၊ မြန်မာသတင်း(The Burma News) နှင့် လောကီပညာ သုတသတင်းစာများကို အသီးသီး ထုတ်ဝေခဲ့ကြသည်။ ထို့နောက် ၁၈၈၀ ပြည့်နှစ်တွင် စာပုံနှိပ်စက်တစ်လုံး တိုးလာခဲ့ပြန်ရာ ထိုပုံနှိပ်စက်မှာ မြန်မာစာကို ကောင်းစွာတတ်ကျွမ်းသော Philip H.Ripley က တည်ထောင်သည့် စက်ငယ်ဖြစ်သည်။ ဟံသာဝတီပုံနှိပ်တိုက် အမည်ဖြင့် စာပုံနှိပ်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး နောက်ပိုင်းတွင်မူ ဟံသာဝတီ သတင်းစာကိုပါ ထုတ်ဝေခဲ့သည်။ စာပုံနှိပ်စက်များနှင့် ပုံနှိပ်လုပ်ငန်းသည် လူမှုစီးပွားတိုးတက်မှုကို ရှေးရှုဖြည့်ဆည်းသော စက်မှုလုပ်ငန်းများ ဖြစ်ခဲ့သည်။ ခရစ်ယာန်သာသနာပြုများက စတင်တည်ထောင်ခဲ့ကြသော်လည်း အရင်းရှင်စီးပွားရေး၏ အကိုင်းအခက် တစ်ခုအဖြစ် ဖွံ့ဖြိုးစည်ပင်တိုးတက်ခဲ့သော စက်မှုလုပ်ငန်းများလည်း ဖြစ်ကြပေသည်။

သတ္တုတူးဖော်ရေးလုပ်ငန်းများ

နိုင်ငံခြားသားအရင်းရှင်များအဖို့ ၁၈၇၀ ပြည့်လွန်နှစ်ကာလအထိ မြန်မာပြည်၌ သတ္တုတူးဖော်ရေးလုပ်ငန်းကို စိတ်ဝင်စားမှု နည်းလျက်ရှိနေသေးကြသည်။ တနင်္သာရီ၊ မြိတ်၊ ထားဝယ်ဒေသတို့တွင် ခဲမဖြူ၊ သံ၊ ကျောက်မီးသွေးတွင်းများရှိကြောင်းနှင့် ရွှေကျင်နှင့် တောင်ငူဝန်းကျင်တွင် ကြေး၊ ဂလီနာ၊ ခဲမဖြူ ခနောက်စိမ်းများ တူးဖော်ရရှိနိုင်ကြောင်းကို သိရှိကြပြီးဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် အရင်းရှင်ကြီးများက စိတ်ဝင်စားမှု နည်းနေကြခြင်းဖြစ်သည်။ အကျိုးအမြတ်ရှိအောင် ခေတ်မီနည်းများဖြင့် ရှာဖွေတူးဖော်ရန် လိုအပ်ခြင်း၊ အရည်ကျိုစက်နှင့် သတ္တုသန့်စင်စက်စသော စက်နှင့်စက်ပစ္စည်းများကို တင်သွင်းရမည်ဖြစ်ခြင်း၊ လမ်းများ ဖောက်လုပ်ခြင်း စသည်တို့အတွက် ငွေပင်ငွေရင်းများစွာ စိုက်ထုတ်မြှုပ်နှံရန် လိုအပ်ခြင်းကလည်း စိတ်ဝင်စားမှု နည်းကြခြင်း၏ အဓိကအကြောင်းရင်းခံ ဖြစ်စေသည်။

မြိတ်ဒေသဝန်းကျင်ရှိ မလိဝန်၊ တနင်္သာရီ၊ လေညာ၊ ဘုတ်ပြင်း၊ ချောင်းထနောင်းနှင့် ချောက်ကြီးချောင်းဟူသော ဒေသ ခြောက်ခုတွင် ခဲမဖြူသိုက်များ အလွန်ပေါများပြီး မလိဝန်၊ လေညာနှင့် တနင်္သာရီတို့တွင် အများဆုံးတည်ရှိနေသည်။ မလိဝန်ရှိ သတ္တုတွင်းများကို ဗြိတိသျှအစိုးရက တရုတ်လူမျိုးတစ်ဦးအား ၁၈၆၀ ပြည့်နှစ် ဇွန်လမှစ၍ ၁၀ နှစ်တာအတွက် တူးဖော်ခွင့်လိုင်စင် ထုတ်ပေးထားခဲ့သည်။ များသောအားဖြင့် ထိုနယ်မြေဒေသများရှိ သတ္တုတွင်းများတွင် တရုတ်လူမျိုးများနှင့် မြန်မာတိုင်းရင်းသားများက အလွန်ရှေးကျသောနည်းများဖြင့်ပင် တူးဖော်ရောင်းချခဲ့ကြသည်။ တရုတ်လူမျိုးများက လိုင်စင်ယူကာ ငွေကြေးစိုက်ထုတ်လုပ်ကိုင်ကြပြီး မြန်မာတိုင်းရင်းသားများကမူ အလုပ်သမားများသာ ဖြစ်ခဲ့ကြသည်။

ရွှေကျင်ချောင်းနှင့် ချောင်းလက်တက်ငယ်များတွင် ရွှေကျင်ယူသည့်လုပ်ငန်းကို တိုင်းရင်းသားများက သမားရိုးကျနည်းများဖြင့် အစဉ်အဆက် လုပ်ကိုင်ခဲ့ကြသည်။ ၁၈၆၇ ခုနှစ်တွင် Mr Aber-nethy ဆိုသူ ဩစတြေးလျနိုင်ငံသား ရွှေတူးသမားတစ်ဦးက အစိုးရ၏ အားပေးကူညီမှုဖြင့် ရွှေကျင်ဒေသတွင် ရွှေတူးသည့်လုပ်ငန်းကို ဥရောပအလုပ်သမားများဖြင့် အကြီးအကျယ် လုပ်ကိုင်ခဲ့သည်။ တရုတ်ရွှေတူးသမားများထက် ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခဲ့သော်လည်း မှန်းခြေနှင့် မကိုက်သောကြောင့် နောက်ပိုင်းတွင် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။

မြိတ်ဒေသရှိ သတ္တုတွင်းများ

ဗြိတိသျှအစိုးရက မြိတ်ဒေသရှိသတ္တုတွင်းများကို ဥရောပသား အရင်းရှင် ကုမ္ပဏီကြီးများအား လုပ်ကိုင်စေလိုခဲ့သည်။ ထို့ကြောင့်ပင် ၁၈၇၀ ပြည့်နှစ်တွင် မလိဝန်သတ္တုတွင်းကို လုပ်ကိုင်သော တရုတ်လုပ်ငန်းရှင်၏ လိုင်စင်သက်တမ်း ကုန်ဆုံးသွားခဲ့ရာ လိုင်စင်အသစ်ထုတ်မပေးဘဲ ဆိုင်းငံ့ထားကာ ဥရောပကုမ္ပဏီများကို ကမ်းလှမ်း ဖိတ်ခေါ်ခဲ့သည်။ ၁၈၇၁ ခုနှစ်တွင် ဥရောပသားကုမ္ပဏီများထံမှ လျှောက်လွှာများရောက်လာပြီး ၁၈၇၂ ခုနှစ်ခန့်တွင် စတီးဘရားသားကုမ္ပဏီက မလိဝန်သတ္တုတွင်းအတွက် လိုင်စင်ရရှိကာ လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့သည်။ မလိဝန်သတ္တုတွင်း၌ အဖိုးတန်သတ္တုသိုက်များနှင့် သတ္တုကြောများကိုတွေ့ရှိ ခဲ့ရာ အချို့မှာ ကမ္ဘာ့အကောင်းဆုံး Cornish Mines ထွက် သတ္တုများနှင့် အရည်အသွေးတူညီသည်ဟုပင် ဆိုခဲ့ကြသည်။

စတီးဘရားသားကုမ္ပဏီက တူးဖော်ရရှိသည့် သတ္တုအများစုကို Tin Sand အဖြစ် တင်ပို့ရောင်းချခဲ့သည်။ တရုတ်လုပ်ငန်းရှင်လက်ထက်ကမူ အရည်ကျိုပြီး တင်ပို့ရောင်းချခဲ့သည်။ စတီးဘရားသားကုမ္ပဏီသည် လုပ်ငန်းကို ရည်မှန်းချက်ကြီးစွာထား၍ ခေတ်မီစက်နှင့် စက်ပစ္စည်းများကိုပါ တင်သွင်းကာ အခြေချရန်ကြိုးပမ်းခဲ့သည်။ သို့ရာတွင် စက်ပစ္စည်းများ အချိန်မီမရောက်နိုင်သဖြင့် လုပ်ငန်းမတွင်ကျယ်ဘဲ ရှိနေရာမှ နောက်ပိုင်းတွင် တွက်ခြေမကိုက်သဖြင့် အစိုးရထံသို့ လိုင်စင်ပြန်အပ်ကာ လုပ်ငန်းကို ရပ်ဆိုင်းလိုက်တော့သည်။

ကျောက်မီးသွေးကို သရက်မြို့ စီရင်စု၌လည်း တွေ့ရှိရသည်။ ထိုကျောက်မီးသွေးတွင်းကို တူးဖော်ခွင့်ရရှိရန် ကာလကတ္တား(ကိုလ်ကတ္တား)မှ Murray Coal Company က ၁၈၈၃ ခုနှစ်ကပင် လိုင်စင်လျှောက်ထားခဲ့ရာ အစိုးရက သရက်မြို့စီရင်စု ထုံးတောင်ရွာအနီး ၃ ဒသမ ၅ စတုရန်းမိုင်ရှိ နယ်မြေကို အနှစ် ၃၀ အတွက် လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခဲ့သည်။ တူးဖော်ရရှိသော ကျောက်မီးသွေးတစ်တန်အတွက် အစိုးရသို့ အခွန်အခအဖြစ် နှစ်ပဲမျှသာ ပေးရသော်လည်း ၁၈၈၅ ခုနှစ်အထိ မျှော်မှန်းထားသကဲ့သို့ ကျောက်မီးသွေးကို များများစားစားမတွေ့ခဲ့ရဟု ဆိုသည်။

ခဲတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍လည်း Mr. W. Law က တနင်္သာရီ ခဲတွင်းကို တူးဖော်လုပ်ကိုင်နိုင်ရန် ၁၈၈၅ ခုနှစ်ခန့်က လန်ဒန်မြို့၌ ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့သည်။ အစိုးရက အဆိုပါကုမ္ပဏီကို ရှာဖွေခွင့်၊ တူးဖော်ခွင့်လိုင်စင်များ ထုတ်ပေးပြီး ဖြစ်သော်လည်း ၁၈၈၆ ခုနှစ်အထိ ကုမ္ပဏီက လုပ်ငန်းစတင်နိုင်ခြင်း မရှိခဲ့ပေ။ ။

မဲထီးဆရာတော် တောင်ငူတွင် သာသနာပြုခြင်း

သောင်းကေတု

သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် နန်းတက်တော်မူသော ဘိုးတော်ဘုရားသည် မြန်မာပြည်တစ်ဝန်းသို့ ဆရာတော်ကြီးများကို သာသနာပြု ကြွရောက်စေသည်။ သာသနာပိုင် မောင်းထောင်ဆရာတော်က တောင်ငူ မဲထီးရွာ ဇာတိဖြစ်သော ပရမဝံသာဘိဓဇ မဟာဓမ္မရာဇဂုရုဘွဲ့ တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တပရမကို နောက်ပါ ရဟန်း ၁၀ ပါးဖြင့် ကေတုမတီ တောင်ငူမြို့သို့ စေလွှတ်တော်မူသည်။

မဲထီးရွာကို တောင်ငူ၊ ရေတာရှည်မြို့နယ်ထဲတွင် ရှာကြည့်ရာ မတွေ့ရပါ။ ယခု နေပြည်တော် ရွှေကြာပင်ရပ်ကွက်အရှေ့က မဲထီးရွာဖြစ်နေသည်။ တောင်ငူ ၅၂ မြို့မှာ မြောက်ဘက်အစွန်ဆုံး ညောင်လွန့်(တပ်ကုန်းမြို့နယ်)အထိ ကျယ်ဝန်းသဖြင့် တောင်ငူ၊ မဲထီးရွာ ဇာတိဖြစ်သောဟု ရေးကခေါ်ခဲ့ခြင်းဖြစ်သည်။ သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် အမရပူရမြို့တော်မှ ကေတုမတီ တောင်ငူသို့ကြွချီသည်။ ကေတုမတီ တောင်ငူသည် တိုင်းသီး၊တိုင်းခြားဖြစ်၍ သားတော် တောင်ငူမင်းသားကို ဘုရင်ခံခန့်တော်မူသည်။ ကုန်းဘောင် ထီးနန်းကို တည်ထောင်တော်မူသော အလောင်းမင်းတရားလက်ထက်က ညီတော် မင်းရဲသိင်္ဃသူဘွဲ့ခံ ဦးရွှေကြူကို တောင်ငူဘုရင်ခံ ခန့်တော်မူသည်။ ကုန်းဘောင်ဆက် ဒုတိယမင်းဖြစ်သော နောင်တော်ကြီးလက်ထက်တွင် ဦးရွှေကြူ တောင်ငူမြို့ကို အခြေပြုကာ ပုန်ကန်သဖြင့် နောင်တော်ကြီးမင်း တောင်ငူကို လာရောက်တိုက်ခိုက်နှိမ်နင်းရသည်။

တောင်ငူမြို့သို့ ကြွရောက်လာခြင်း

တောင်ငူမင်းသားက ဝမ်းမြောက်စွာ ကြိုဆို၍ တောင်ငူမြို့အရှေ့ကုန်း ကျီးသဲကျောင်းတိုက်တွင် သီတင်းသုံးစေသည်။ ဆရာတော်များက သာသနာသန့်စင်ရေးအတွက် ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူပါ၊ တပည့်တော်က အာဏာစက်ဖြင့် ဆောင်ရွက်ပေးမည့်အကြောင်းကို လျှောက်ထားပါသည်။

မဲထီးဆရာတော်နှင့် အဖွဲ့သည် အမရပူရမြို့မှ တောင်ငူသို့ ၁၀ ရက်ခန့်ကြာအောင် ကြွချီရသည်။ တောင်ငူဘုရင်ခံ၏ အကူအညီဖြင့်သာ သာသနာတော်သန့်ရှင်းရေးကို ဆောင်ရွက်တော်မူသည်။ တောင်ငူမြို့တွင်လည်း ဂိုဏ်း(၃)ဂိုဏ်း ရဟန်းသံဃာတို့ ကွဲပြား၍ ရှိနှင့်လေသည် အဘယ်သို့ ဆုံးမဩဝါဒပေးရမည်နည်းဟု ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်တို့နှင့် မဲထီးဆရာတော်တိုင်ပင်လျှင် "တရားကိုကျင့်ဆောင်လိုပါသည်ဆိုကတရားတော်နှင့် လွတ်ကင်းသန့်ရှင်းစင်ကြယ်သမျှ ရဟန်းသံဃာတို့ ဖြစ်လျှင် ပုဂ္ဂိုလ်ရဟန်းတို့၏ အရည်အသွေးကိုဆင်ခြင်၍ အလိုအလျောက် ကျောင်းအရိပ်အာဝါသမှစ၍စွန့်ပစ်ခဲ့ခြင်း၊ အဝတ်သင်္ကန်း အသစ်လဲ၍ သိက္ခာအသစ်တင်ခြင်း၊ ကုစားအပ်သောအာပတ်ကြီးငယ်ကို ကုစေခြင်း အလိုအလျောက် လာရောက်လျှင် နိဿရည်းခံနေသင့်ပါတော့သည်"ဟု ထေရ်ကြီးသံဃာပုဂ္ဂိုလ်တို့က လျှောက်ကြသည်။

အရေအတွက်ထက် အရည်အချင်းသာ အဓိက

ဆိုင်းငံ့၍ နေစဉ်အတွင်းနောက်ပါသံဃာတော်များကို နောက်သားတို့ ယုံမှားသံသယမရှိစေရန် ထပ်၍ စစ်ဆေးမေးမြန်းပြီးလျှင် ပေါင်းလောင်းမြစ် အနောက်ဘက်ကမ်းအလယ်ကျွန်းတွင် တန်ဆောင်းနေရာ ဆောက်၍ ပရိဝါသ်မာနတ်ဟူ၍ အာပတ်ကို ကုစားခြင်း အသစ်သိက္ခာထပ်တင်ခြင်းကို ပြုတော်မူသည်။ တောင်ငူမြို့မှစ၍ ကျေးလက်သံဃာ ၂၀၀ ကျော် ၃၀၀ ခန့် တို့တွင် အချို့သော ရဟန်းသံဃာတို့ တရားမလွတ်ကင်း



တောင်ငူရွှေဆံတော်စေတီ(၁၉၀၅)ခုနှစ်။

သာသနာ့ရိပ်ကို ခိုလှုံ၍နေသမျှ လူထွက်နှင့် ကုန်သည်။ အချို့ရဟန်း သံဃာတို့လည်း အာဏာစက်ရိပ်ကို ကြောက်၍ ထွက်ပြေးနှင့်ကုန်သည်။ အချို့ရဟန်းသံဃာတို့လည်း မကျင့်ဆောင်နိုင်မည့် အရည်ရှိ၍ လူပြုကုန်သည်။ ဤအကြောင်းများကို မဲထီးဆရာတော်ကြားလျှင် "ကောင်းသောအကျင့်ကို လိုသဖြင့် ကျင့်နေသည့် သီလသမာဓိရှိသော ရဟန်းသံဃာတို့ ကျန်ရစ်စေ၊ များသောရဟန်းသံဃာရှိသော်လည်း အကြောင်းမဟုတ်၊ သန့်ရှင်းစင်ကြယ်သည်သာ အကြောင်းရင်းဖြစ်သည်။ သီလသမာဓိ အလိုဆန္ဒ ရှိရစ်သော ရဟန်းသံဃာတို့"နိဿရည်းခံနေလို့ပါသည်ဟု ဝင်လာသည့်ကာလ လက်ခံ၍ နိဿရည်းပေးတော့မည်ဟု ပြောဟောသည်။

ထိုအခါ တောင်ငူမြို့မှ ဒကာမြို့သူမြို့သားအပေါင်းတို့က လျှောက်ထားတောင်းပန်ကြသည်။ ဆရာတော်ဘုရား တောင်ငူမြို့တွင် ရဟန်းသံဃာ(၃)ဂိုဏ်းကွဲ၍ ရှိနေပါသည်။ ဒကာတို့ လှူဒါန်းရပါသော်လည်း ကောက်နှောင်းမျိုးစေ့ကို ကျတ်တီးမြေတွင် ကြဲသကဲ့သို့ရှိပါသည်။ ထို(၃)ဂိုဏ်း (၃)သွယ် ရဟန်းသံဃာတို့တွင် သာသနာတော်နှင့်ထိုက်သင့်သူကို သွင်းဝင်စေ၍ မထိုက်တန်သင့်သူကို သံဃာများအပ မထားပါလျှင် "ဤရဟန်းကား သီလဝန္တ၊ ဤရဟန်းကား ဒုဿီလ"ဟု မသိသာမခြားနားပါသဖြင့် ဒကာတို့လှူဒါန်းရသော်လည်း ပစ္စည်းကုန်ကျိုး မနပ်ရှိပါမည်ဟု တောင်းပန်ကြသည်။

သာသနာတော်ကို စနစ်တကျသန့်စင်ခြင်း

သက္ကရာဇ် ၁၁၅၅ ခုနှစ် ကဆုန်လဆန်း၅ ရက်နေ့ အုတ်ဖိုအရှင်နန္ဒမာလာ ပုဂ္ဂိုလ်နှင့် ရဟန်းသာမဏေအပေါင်းတို့ ကျောင်းအရိပ်အာဝါသမှစ၍ပစ္စည်းမငဲ့မကွက် အလိုအလျောက် သန့်ရှင်းစင်ကြယ်စွာဖြင့် ဝတ်ပြီးမှ အဝတ်သင်္ကန်းအသစ်ဖြင့် အသစ်သိက္ခာထပ်၍ လိုအပ်သောအာပတ်ကြီးငယ်ကို ကုမ၍ ပါတိမောက်(၂)စောင် ခုဒ္ဒကသိက္ခာကျမ်းတို့ကို ရဟန်းတို့ကို သင်စေပြီး သာမဏေတို့မှာ လိင်ဒါဏ် သေခိယ ခန္ဓကဝတ်ပါဠိ အနက်များကို ပြန်ဆို၍ အဆုံးအမ ဩဝါဒခံနေပါမည်အကြောင်းနှင့် ဝန်ခံလျှောက်ထားလာသည်။ မဲထီးဆရာတော်က အုတ်ဖိုဆရာနှင့်အဖွဲ့ ဝန်ခံလျှောက်ထားချက်အတိုင်း မှန်ပေလျှင် သူတော်ကောင်း စင်စစ်ဖြစ်ပါပေသည်။ သို့သော်လည်း ငါ့ရှင်တို့၊ သန့်ရှင်းသည်၊ မသန့်ရှင်းသည်ကို စစ်စု မေးစုရှိသမျှ လည်ပေါ်ဇေတဝန်ကျောင်း ဇိနာလင်္ကာရဓဇ ပုဂ္ဂိုလ်ထံ မဟာဒါန်စာရေးတို့နှင့် အစစ်အမေးကို ခံစေ။ ဇိနာလင်္ကာရ ဆရာတော်က အုတ်ဖိုရှင် နန္ဒမာလာအား အမှန်အကန် ထွက်ဆိုရန် ရှေးဦးစွာ ပြောဆိုပြီး စစ်ဆေးမေးမြန်းသည်ကား သင်္ကန်းရုံ- ဒုကုဋ်တင်- ဂါမဝါသီ အနွယ် သုံးပါးတွင် မည်သည့်အနွယ် ဖြစ်သနည်း။ ဆရာအစဉ်အဆက် ၎င်းဆရာတို့ ဆရာအစဉ်အဆက်ကို မေးသည်။ ပဉ္စင်းခံသည့်ကာလ သိမ်၊ ဥပဇ္ဈာယ်၊ ကမ္မဝါဆရာ၊ ကာရက သံဃာအရေအတွက်၊ သက္ကရာဇ် နှစ်လရက်အခါ၊ နာရီကို မေးစစ်သည်။ အသက်သိက္ခာ၊ ဝါနေ့နံကို မေးစစ်သည်။ တောင်ငူမြို့ ဇာတိဖြစ်သည်။ အခြားမြို့ရွာသားဖြစ်သည်။ တောင်ငူတွင် မည်သည့်ကာလက နေထိုင်သည်ကို မေးသည်။ ယွန်း၊ ယိုးဒယား၊ကုလားတို့ မြတ်စွာဘုရားသာသနာတော်ကို ဝင်၍ ကျင့်ဆောင်သည်ကို မေးစစ်သည်။ သစ်သီးပေးခြင်း ပန်းပေးခြင်းစသော ကုလဒူသကအနေသန အမှုကို ပြုကျင့်သည် မကျင့်သည်ကို မေးစစ်သည်။ လူတို့သို့ ရောင်းခြင်း၊ ဝယ်ခြင်း ရွှေငွေစပါး ဆည်းပူးခြင်း၊ ကြေးကျွန်ထားခြင်း၊ ကျွဲနွားမွေးခြင်း လယ်ယာကိုင်းကျွန်းစသော အကပ္ပိယဝတ္ထုကို မေးစစ်သည်။ အုတ်ဖိုဆရာတော်ဖြေဆိုသည်ကို ပုရပိုက်တွင်ရေးပြီး မဲထီးဆရာတော်ထံစေလွှတ် ဖတ်လျှောက်သည်။ စစ်တမ်းပုရပိုက်ကို လယ်မပုဂ္ဂိုလ် ရှင်သုဇာတအုပ်စု၊ မြို့တွင်းရှင်ပညာဂမ္ဘီအုပ်စု၊ သံဃာ၊ မြို့ပြင်ဂမ္ဘီသာရအုပ်စု သံဃာများတို့ကို အသီးသီးဖတ်၍ နားထောင်စေပြီး အရှင်ဘုရားတို့ ဟုတ်မှန်တိုင်း ထွက်ဆိုကြရမည်။ ဤစာအရ " ဒိဋ္ဌသုတပရိသင်္ကတ ရှင်နန္ဒမာလာ ပုဂ္ဂိုလ်နှင့် တပည့်သံဃာများတွင်ရှိသလော။ ကုလဒူသန အနေသနအမှုတို့ကို ပြုကျင့်သည် မြင်လာသူများ ပြောဆို၍ ကြားဖူးသလော။ ရောင်းဝယ်ခြင်းစသည် လူတို့ကဲ့သို့ ကျင့်သည်ကို မြင်သလော၊ ကြားသလော စသည်တို့ကို မေးမြန်းသည်။ ဂိုဏ်း(၃)ဂိုဏ်းဆရာတော်တို့က စစ်မေးသမျှ မှန်ပေသည်ဟု ထွက်ဆိုကြသဖြင့် မဲထီးဆရာတော်ထံ ပြန်၍လျှောက်တင်ကြသည်။ အလွန်စေ့စပ်သေချာ စနစ် ကျလှပေသည်။ ဆရာတော်ကြီးက ရှင်နန္ဒမာလာ လျှောက်သည့်အတိုင်း သန့်ရှင်းစင်ကြယ်ပေသည်။ ဝန်ခံလျှောက်ထားချက်အတိုင်း သုဓမ္မာဇရပ်သို့ဝင်၍ ရှေးဦးစွာ ပြန်ဆိုပြီးလျှင်၊ သက္ကရာဇ် ၁၁၅၅ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်နေ့ သင်္ကန်း၊ သင်းပိုင် အသစ်လဲ၍ ဝတ်စေပြီးမှ ပေါင်းလောင်းမြစ် နဒီသိမ်၌ သိက္ခာထပ်၍ ရှင်နန္ဒမာလာ ပုဂ္ဂိုလ်နှင့် ရဟန်းငါးပါး၊ သာမဏေငါးပါး ပေါင်း ၁၀ တို့ကို သဘာဂပြု၍ နိဿရည်းခံနေ ကျင့်ဆောင်စေသည်။

ကျောင်း ၂၁ ကျောင်းမှ ပါဝင်ရန် လျှောက်ထားလာ

၁၁၅၅ ခုနှစ် ကဆုန်ဒုတိယဝါဆိုလအထိ အလိုအလျောက် လျှောက်ထားလာသူ ပုဂ္ဂိုလ်တို့မှာ လယ်မကျောင်း ရှင်သုဇာတ၊ ကျောင်းကြီးကျောင်းရှင်အဂ္ဂနန္ဒ၊ ရဲနွဲ့ကျောင်း ရှင်စန္ဒရာမ၊ စည်ပင်ကျောင်း ရှင်စန္ဒသာရ၊ ငါးဖယ် (အင်း)ကျောင်း ရှင်ဇိနာရာမ၊ မဲဖလန်ကျောင်းရှင်ဓမ္မဒီပ ဗိမာန်ကျောင်း ရှင်ဝါယမ၊ ဇေတဝန်ကျောင်းရှင်နန္ဒမာလာ၊ ကျောက်ကြီးကုန်းကျောင်း ရှင်သီရိမာလာ၊ စံပယ်ရုံကျောင်း ရှင်အရိန္ဒမ၊ အင်းဝကျောင်း ရှင်နန္ဒမဥ္ဇူ၊ ကုန်းကျောင်း ရှင်ဓမ္မာလင်္ကာ ပုဂ္ဂိုလ်ကျောင်းရှင်ပညာသာရ၊ အင်ကြင်းကန်ကျောင်း ရှင်နန္ဒမာလာ၊ လင်းမြီးဆွဲကျောင်း ရှင်ဝရလင်္ကာ ၊ ရွှေဂူကျောင်း ရှင်နန္ဒမာလာ၊ သာဒွန်းကျောင်း ရှင်နန္ဒာဘိ၊ ယက္ကေကျောင်း ရှင်စန္ဒမဥ္ဇူ၊ ပေတောကျောင်း ရှင်ပညာဝရ၊ ဂိုဏ်းအုပ်ကျောင်း ရှင်ပညာဂမ္ဘီတို့ ဖြစ်ကြသည်။ ဤကျောင်း ၂၁ ကျောင်းမှ ပုဂ္ဂိုလ် ၂၁ ပါးတို့သည် တပည့်သံဃာတို့နှင့် အသီးသီး အုတ်ဖိုရှင်နန္ဒမာလာပုဂ္ဂိုလ်ကဲ့သို့ နိဿရည်းခံဆောင်လိုပါကြောင်း လျှောက်ထားကြလျှင် မဲထီးဆရာတော်ကြီးသည် လည်ပေါ်ဇေတဝန်ကျောင်း ရှင်ဇိနာလင်္ကာရဓဇ အစစ်အဆေးမေးမြန်းခံရန် စေလွှတ်တော်မူသည်။

ထို့နောက် မဟာဒန်ဝန်မှူးသည် ထွက်ဆိုချက်များကို ဂိုဏ်း(၃)ဂိုဏ်း မြို့တွင်းမြို့ပြင်သို့ လှည့်လည်၍ ဒိဋ္ဌသုတ ပရိသင်္ကတ ရှိလျှင်ရှိကြောင်း၊ မရှိလျှင် မရှိကြောင်း စုံစမ်းကြသည်။ ထို့နောက် မဲထီးဆရာတော်ထံသို့ တင်သွင်းရသည်။ ဒိဋ္ဌသုတ ပရိသင်္ကတ ရှိသော ပုဂ္ဂိုလ်တို့ဖြစ်လျှင် သုဓမ္မာဇရပ်သို့ ပင့်ဖိတ်၍ မေးမြန်းစစ်ဆေးတော်မူသည်။ ဟုတ်တိုင်းမှန်ရာ ထွက်ဆိုကြလျှင် ဝိနည်းဒေသနာတော်ဖြင့် ဆုံးဖြတ်စီရင်တော်မူ၍ အဓိကရုဏ်းငြိမ်းသည့်အရာကို ငြိမ်းစေသည်။ မငြိမ်းတန်သည့်အရာဖြစ်လျှင် သံဃာအပ ထားတော်မူသည်။ သန့်ရှင်းစင်ကြယ်သော ပုဂ္ဂိုလ်တို့ဖြစ်လျှင် ဝန်ခံလျှောက်ချက်အတိုင်း စာပေတို့ကို သုဓမ္မာဇရပ်သဘင်သို့ ဝင်၍ ရှေးဦးစွာ ပြန်ဆိုစေပြီးလျှင် အသီးသီးကျောင်းအရိပ် ရှေးဦးစွာ ပြန်ဆိုစေပြီး ရှေးဦးစွာ ပြန်ဆိုစေပြီးလျှင်၊ အသီးသီး ကျောင်းအရိပ်အာဝါသ ပစ္စည်းမငဲ့မကွက် အလိုအလျောက်စွန့်ပစ်ခဲ့၍ သင်္ကန်း သင်းပိုင်အသစ်တို့ကိုလဲလှယ်ပြီးလျှင် ပေါင်းလောင်းမြစ် နဒီသိမ်မှာ အသစ်သိက္ခာ ထပ်တင်၍ ပရိဝတ်မာနာတ်နေစ၍ တိစီဝရိတ်ခုတင်ကို ဆောက်တည်နေလျက် နိဿရည်းခံပင့်ဆောင်စေ၏။ ဤသို့လျှင် သဘာဂအတွင်းသို့ ဝင်လာသောရဟန်းသံဃာ တို့သည်ကား ပုဂ္ဂိုလ် ၂၂ ၊ ပဉ္စင်း ၄၃၊ သာမဏေ ၇၀ ပေါင်း ၁၃၅ ပါး ဖြစ်သည်။

နေ့စဉ်သံဃာအစည်းအဝေးကျင်းပ

ယင်းနှစ် ပထမဝါဆိုလတွင် ပြုကြသော သာမဏေ ၅၀ ပါးရင်းသံဃာတော် ၃၇ ပါးနှင့် ပေါင်းသော် ၂၂၅ ပါးဖြစ်သည်။ သက္ကရာဇ် ၁၁၅၅ ခုနှစ်မှစ၍ ခြောက်နှစ်တိုင်တိုင် ပဉ္စင်းသာမဏေလောင်းတို့ လေ့ကျင့်ဆောင်အပ်သော စာပေတို့ကို လေ့ကျင့်နှင့်စေ၍ ရပြီးမှ သုဓမ္မာဇရ ပွဲသဘင်သို့ဝင်၍ ပြန်ဆိုစေပြီးလျှင် ရှင်ရဟန်းပြုကြသည်ကား ၁၈၆ ပါး၊ ဇေယျဝဓနတိုင်း အတွင်းမြို့ကျီးသဲတိုက်ကျောင်းတော်တွင် သံဃာတော် အရေအတွက်ကား ၃၇၅ ပါးတည်း။ ဤသံဃာ တော်အပေါင်းတို့ဖြင့် တောင်ငူ ကေတုမတီမြို့ အရှေ့ ရွှေမြို့ကုန်း ကျီးသဲကျောင်း တိုက်တွင် တစ်နေ့မလပ် သံဃာအစည်းအဝေးပြု ၍ စေတီယင်္ဂဏဝတ်ကို ရှေးဦးစွာ ဖြည့်ကျင့်စေ၍ ကျောင်းတော်ထက်၌ ပရိတ်တော်၊ ဂုဏ်တော်၊ ရွတ်ဖတ်သရဇယ် မင်္ဂလာ၊ ရတနာရွှေချိုင့် ဗောဇ္ဈင်သုတ်၊ စတုဘာဏဝါရ လေးပါးတို့ကို ရွတ်တော်မူကြသည်။ ရွတ်တော်မူပြီးလျှင် ရဟန်းသာမဏေတို့ ဖြည့်ကျင့်အပ်သော သိက္ခာပုဒ်များကို မေးမြန်းဆွေးနွေး၍ အချေအတင် ဟောပြောတော်မူကြလျက် သံဃာတော်များကို နားထောင်စေသည်။

ရှေးခေတ်က သာသနာတော် ကို သန့်စင်သုတ်သင်သည်မှာ အလွန်စနစ်ကျပြီး များစွာကြည်ညိုဖွယ်ကောင်းပါသည်။ တောင်ငူသာမက မြို့ရံ ၅၂ မြို့ရှိ သံဃာတော်များပါဝင်သည်ကို တွေ့ရသည်။ ကျောက်ကြီးနယ်မှ ကုန်းကျောင်း၊ ထန်းတပင်နယ်မှ မဲဖလန်ကျောင်း၊ ရဲနွယ်မြို့ (ယခုမြို့ချောင်း) တောင်ငူကြီး မြို့ဟောင်းအနီးမှ လင်းမြီးဆွဲကျောင်း၊ ရွှေဂူကျောင်း တို့လည်း ပါဝင်သည်။ တောင်ငူမြို့ပေါ်မှ စည်ပင်ကျောင်း၊ ဂိုဏ်းအုပ်ကျောင်း ဇေတဝန်ကျောင်းတို့မှာ ယခုတိုင် တည်ရှိနေသေးသည်။ ရှင်နန္ဒမာလာဟူသော ဘွဲ့အမည်တူ ဆရာတော် ငါးပါးပါဝင်သည်။ ကေတုမတီတောင်ငူမြို့ အရှေ့ဘက်ရှိ ရွှေမြို့ကုန်း ကျီးသဲကျောင်း နေရာကိုရှာဖွေရပါဦးမည်။ လေးမိုင်ကုန်းထက်ဟု ထင်မြင်ယူဆမိပါသည်။ ဤ "ဝံသဒီပနီ" ကျမ်းကိုပြုစု မှတ်တမ်းတင်ခဲ့သော မဲထီးဆရာတော်အရှင်ပရ မသိရဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု၏ ဂုဏ်ကျေးဇူးတော်ကို ပူဇော်ကန်တော့ ဂုဏ်ပြုအပ်ပါသည်။ ။

ကျမ်းကိုး- ထေရဝါဒသာသနာဆက်အလင်းပြဝံသဒီပနီကျမ်း
- မှန်နန်းရာဇဝင်တော်ကြီး(တတိယတွဲ)၊

"မဲထီးဆရာတော်က "ကောင်းသောအကျင့်ကို လိုသဖြင့် ကျင့်နေသည့် သီလသမာဓိရှိသော ရဟန်းသံဃာတို့ ကျန်ရစ်စေ၊ များသော ရဟန်းသံဃာရှိသော်လည်း အကြောင်းမဟုတ်၊ သန့်ရှင်း စင်ကြယ်သည်သာ အကြောင်းရင်းဖြစ်သည်။ သီလ သမာဓိအလိုဆန္ဒ ရှိရစ်သော ရဟန်းသံဃာတို့"နိဿရည်းခံနေလို့ပါသည်ဟု ဝင်လာသည့်ကာလ လက်ခံ၍ နိဿရည်းပေးတော့မည်ဟု ပြောဟောသည်"

ဟံသာဝတီအသင်း နိုင်ပွဲရယူပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

ရန်ကုန် ဩဂုတ် ၂၆

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ဟံသာဝတီနှင့် ရတနာပုံအသင်း နိုင်ပွဲရခဲ့ပြီး ဟံသာဝတီအသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုပွဲ အနိုင်ရခဲ့သောကြောင့် ရမှတ် ၂၄ မှတ်ဖြင့် ရာသီဝက် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အသင်းသမိုင်း တစ်လျှောက် အမြင့်ဆုံးစွမ်းဆောင်မှုလည်း ဖြစ်ခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရပါက ဟံသာဝတီအသင်းနှင့် ရမှတ်ကွာဟမှုကို ကျဉ်းမြောင်းနိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ခုနစ်မှတ်အကွာသို့ ပြန်လည်ရောက်ရှိသွားသည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် ပြည်တွင်းကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး မဖြစ်မနေ နိုင်ပွဲရယူရမည့်ပွဲဖြစ်သောကြောင့် အမှားနည်းရန် အဓိကကစားခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့ပြီး ၄၂ မိနစ်တွင် အီမန်နျူရယ်က ခေါင်းတိုက်ပြီး ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် ကစားသမားများ ပြောင်းလဲခဲ့ပြီး ၅၂ မိနစ်တွင် ဟိန်းထက်အောင်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ဟံသာဝတီအသင်း ကစားပုံပိုကောင်းလာပြီး ၅၈ မိနစ်တွင် ဒိုနယ်က ခေါင်းတိုက်ပြီး ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးပြန်ရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ဟံသာဝတီအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၈၁ မိနစ်တွင် အီမီကာက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မကွေးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ကွင်းလယ်ကစားသမား မျိုးကိုထွန်း၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်နိုင်ပွဲထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပွဲဆက် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ဘဲ ဂိုးပြတ်ထပ်မံရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို မျိုးကိုထွန်းက ၁၉၊ ၃၂၊ ၄၉ မိနစ်တွင် ဟက်ထရစ်နှင့် ၅၈ မိနစ်တွင် ဝင်းနိုင်စိုးတို့က သွင်းယူခဲ့သည်။ မကွေးအတွက် ဂိုးကိုမူ ကိုးမိနစ်တွင် သီဟကသွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းနှင့် အားကာသိပ္ပံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ Southern အသင်းသည် နောက်မှလိုက်ကစားကာ သရေတစ်မှတ်သာရယူနိုင်ခဲ့ပြီး ပထမဆုံးနိုင်ပွဲနှင့် ထပ်မံလွဲချော်ခဲ့သည်။ ၄၂ မိနစ်တွင် ကြည်စိုးက အားကာသိပ္ပံအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၆၁ မိနစ်တွင် ရန်ကျော်ထွေးက ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၁၀) ဒုတိယနေ့ကို ဩဂုတ် ၂၇ ရက်တွင်ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ စစ်ကိုင်းအသင်းနှင့် ဧရာဝတီအသင်း၊ YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

○ *ကျောဖုံးမှ*

ယူရိုသန်း ၇၀၀ နှင့်အတူ ၂၀၂၂ ခုနှစ် ဇွန်လအထိ ရှိမည်ဖြစ်သော စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါအမှတ်ပေးဖလား ၁၀ ကြိမ်၊ ချန်ပီယံလိဂ်ဖလား လေးကြိမ်အပါအဝင် အဓိကဖလားစုစုပေါင်း ၃၄ လုံးအထိ ဆွတ်ခူးရရှိထားသူဖြစ်သည်။ မက်ဆီသည် လာလီဂါတွင် ၄၄၄ ဂိုးဖြင့် ဂိုးအများဆုံးသွင်းယူထားသူအဖြစ် စံချိန်တင်ထားသည်။ ဘာစီလိုနာအသင်းမှ မက်ဆီထွက်ခွာတော့မည် ဟူသော သတင်းများ ထွက်ပေါ်လာပြီးနောက် နူးကမ့်ကွင်းအပြင်ဘက်တွင် ဘာစီလိုနာအသင်း ပရိသတ်များ စုရုံးရောက်ရှိလာကြောင်း သိရသည်။ ထို့အပြင် ဘာစီလိုနာ ခံစစ်မှူးဟောင်း ပူယိုးလ်နှင့် လက်ရှိအသင်းဖော် ဆွာရက်ဇ်တို့ကလည်း လူမှုကွန်ရက်တွင် မက်ဆီကို ထောက်ခံမှုများ ပြုလုပ်ခဲ့သည်။

မက်ဆီအနေဖြင့် ဘာစီလိုနာအသင်းမှ ထွက်ခွာဖြစ်ခဲ့ပါက မန်စီးတီး၊ မန်ယူ၊ ပီအက်စ်ဂျီ၊ အင်တာမီလန်နှင့် ဂျူဗင်တပ်စ်အသင်းတို့က ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။ ဘာစီလိုနာအသင်းနှင့် ဆွာရက်တို့၏ စာချုပ်သက်တမ်းသည် တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် ၂၀၂၁ ခုနှစ် ဇွန်လအထိ ချုပ်ဆိုထားကြောင်း သိရသည်။ ၎င်းသည် ဘာစီလိုနာအသင်းတွင် တစ်ပတ်လုပ်ခ ပေါင် ၂၉၀၀၀၀ ရရှိနေသူဖြစ်သည်။ ဆွာရက်ဇ်သည် ဘာစီလိုနာအသင်း၏ တတိယမြောက် ဂိုးအများဆုံးသွင်းယူထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပြိုင်ပွဲအရပ်ရပ် ၂၈၃ ပွဲတွင် ၁၉၈ ဂိုးသွင်းယူပေးထားပြီး ဂိုးရရှိအောင် ၁၀၉ ကြိမ်အထိ ကူညီပေးထားနိုင်ကြောင်း သိရသည်။ **အောင်ဇော်**

မျိုးစေ့ထုတ်စိုက်ပျိုးသည့် တောင်သူများအား ထောက်ပံ့ငွေများပေးအပ်

အုတ်တွင်း ဩဂုတ် ၂၆

အုတ်တွင်းမြို့နယ် မိုးစပါး၊ မျိုးစေ့ထုတ်စိုက်ပျိုးသည့် တောင်သူများသို့ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဩဂုတ် ၂၂ ရက်က အုတ်တွင်းမြို့နယ် ဂွေးတောက်ခင်ကျေးရွာ အဆင့်မြင့်စံပြစက်မှုလယ်ယာ ၁၁၅ ဧက ရှင်းလင်းဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ မြို့နယ်အဆင့်ကော်မတီအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်၍ မျိုးစေ့ထုတ်တောင်သူ ၃၀ ၏ ဧက ၂၇၀ အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) **သူရ (တောင်ငူ)**

စိုက်ပျိုးနည်းပညာပေး သင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များပူးပေါင်း၍ စိုက်ပျိုးပညာပေးဝန်ထမ်းများနှင့် တောင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဖွင့်လှစ်ပို့ချသည့် စိုက်ပျိုးနည်းပညာပေး သင်တန်းကို နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ စက်စက်ယိုတောင်သူပညာပေးစခန်း၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းဦးစီးမှူး ဦးဝင်းဦး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနွဲ့နွဲ့ယဉ်၊ သုတေသနပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး သင်တန်းတွင် သုတေသနပညာရှင်များက ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များကျင့်သုံးရေး၊ စိုက်ပျိုးရေအကျိုးရှိစွာအသုံးချရေး၊ သီးနှံစိုက်နည်းစနစ်နှင့် ကုန်ကျစရိတ်သက်သာမည့် သဘာဝမြေဩဇာ ပြုလုပ်နည်းများ၊ ဩဂဲနစ်စိုက်ပျိုးနည်းများ အသုံးပြုစိုက်ပျိုးခြင်း၊ အာဟာရပြည့်ဝ၍ စားသုံးမှုလုံခြုံစိတ်ချရေးအတွက် ဥယျာဉ်ခြံသီးနှံများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းများ၊ စပါးစိုက်ပျိုးရာတွင် ရေစိုတစ်လှည့် ခြောက်တစ်ခါ စိုက်ပျိုးနည်းစနစ် (AWD) နှင့် မိုးရေအကျိုးရှိစွာ အသုံးချနည်းစနစ်၊ အကျိုးအမြတ်အများဆုံး ရရှိမည့် သီးနှံပုံစံ စိုက်ပျိုးနည်းစနစ်များနှင့် ပေါင်းကာကွယ်နှိမ်နင်းနည်းများအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **မေမိုးသဲ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အမည်အသုံးပြု၍ Cyber မှုခင်းများ ဖော်ထုတ်ပေးမည်ဟု ငွေကြေးလိမ်လည်သူအား ဖမ်းဆီး

ရန်ကုန် ဩဂုတ် ၂၆

လူမှုကွန်ရက် စာမျက်နှာပေါ်တွင် Myanmar Online Police Force အမည်ရှိ Facebook Page ကို အသုံးပြု၍ Cyber မှုခင်းများအတွက် တိုင်ကြားသော ပြည်သူလူထုအား ယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည်သူအား ဩဂုတ် ၂၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ အမှတ် (၆) မှုခင်းတပ်ဖွဲ့စုက အချိန်မီဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းအရ မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ယင်းနေ့ညနေ ၅ နာရီတွင် လှိုင်မြို့နယ် ပါရမီစိန်ဂေဟာ မြေညီထပ်ရှိ Wavemoney ဆိုင်တွင် ငွေကျပ်တစ်သိန်း ထုတ်ယူနေသော မင်းသန့်ကျော် (ခ) ဖိုးသား (၃၁) နှစ် အား ဖမ်းဆီးရမိပြီး လက်ကိုင်ဖုန်းနှင့် ငွေကြေးများကို သိမ်းဆည်းရရှိခဲ့သည်။

မင်းသန့်ကျော် (ခ) ဖိုးသားမှာ Myanmar Online Police Force အမည်ရှိ Facebook Page ကို ဖွင့်လှစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမည်ကို အသုံးပြုကာ Cyber မှုခင်းများကို ဖော်ထုတ်ပေးမည်ဟု ပြောဆိုပြီး ငွေကြေးလိမ်လည် ရယူခဲ့ကြောင်း၊ အဆိုပါသက်သေခံငွေမှာ အဆိုတော်/သရုပ်ဆောင်တစ်ဦးထံမှ Cyber မှုခင်း ဖော်ထုတ်ပေးမည်ဟု ပြောဆိုလိမ်လည် တောင်းဆိုခဲ့ကြောင်းနှင့် ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ လက်တော့ပ်တစ်လုံးနှင့် အီလက်ထရွန်နစ် ဆက်စပ်ပစ္စည်းများကို တွေ့ရှိရသဖြင့် မင်းသန့်ကျော် (ခ) ဖိုးသားအား လှိုင်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **သန်းထိုက်**

မြန်မာမိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၆

မြန်မာမိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် သမန်းချောင်းကျေးရွာနေ ဒေါ်ငွေးဝင်း (ခ)မခင်ငွေးဝင်း သည် ကန်ကြီးထောင့် မြို့နယ် ရှမ်းစုကျေးရွာနေ မ - - - (၁၉ နှစ်)အား ရန်ကုန်မြို့ရှိ စက်ရုံတွင် အလုပ်လုပ်ပါက တစ်လလျှင် ငွေကျပ်တစ်သိန်းဖြင့် အလုပ်ရမည်ဟု လိမ်လည်ပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင် ရောင်းစားခဲ့မှုအတွက် ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်နယ်မြေ ရဲစခန်းက အမှုဖွင့်လှစ်ခဲ့ပြီး ပုသိမ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဩဂုတ် ၂၁ ရက်တွင် တရားခံ ဒေါ်ငွေးဝင်း (ခ) မခင်ငွေးဝင်း အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရွှေကူ၊ ပြင်ဦးလွင်၊ ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ရွှေကူမြို့နယ် ဗန်းမော်-မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ် (၂၀၉) အနီးတွင် တင်ထွေး (ခ) ကိုထွေး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်၍ စစ်ဆေးရှာဖွေရာ ငွေကျပ် ၁၁၇၁ သိန်း တန်ဖိုးရှိ ဘိန်းဖြူ သုညဒသမ ၃၉၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ တို့ကို ဖမ်းဆီးရမိသည်။

တင်ထွေး(ခ)ကိုထွေးအား မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့နံနက် ၉ နာရီခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း ဝက်ဝံကျေးရွာ ပိတ်ချင်းမြောင်နယ်မြေရဲစခန်းရှေ့တွင် အိုက်ပွဲ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀၊ ဘိန်းဖြူ သုညဒသမ ၀၀၀၇ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၆ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ (၁၆)မိုင်စစ်ဆေးရေးစခန်း၌ ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်၍ စစ်ဆေးရှာဖွေရာ ခရီးသည် မဘောမ်လွေနှင့် နော်ဝမ်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း အောင်ကိုဦးနှင့် သန်းစိုးတို့ နှစ်ဦးအား ဆိုင်ကယ် တစ်စီး၊ ငွေကျပ်၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ၅၈ လမ်းနှင့် ၁၂၅ လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်၌ ကျန်ကြည်ချိန်အား ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံးတို့ဖြင့် လည်းကောင်း၊ ဆက်လက်၍ လားရှိုးမြို့ မောဒလိ ရပ်ကွက် ရန်အောင်လမ်း အိမ်အမှတ် (ဆ/၂၈၆)တွင် စိုးမြင့်(ခ)ရန်တာပေါက်(ခ) ကျူလျှောက်ရှင်းအား To-yota Landcrusier အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ဖြင့် လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု မိုင်းဆတ်-ဟွေရဲသွား ကားလမ်းတွင် အညီး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မနာဟဲ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်၍စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၃၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၂၆

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၃၆ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀ ၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၂၆ ရက် အထိ ၁၃၇၈၉ ဦး စုစုပေါင်း ၆၉၄၀၄ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၅၇ ဦး အမျိုးသမီး ၁၇၉ ဦး စုစုပေါင်း ၄၃၆ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6K/9859 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/5709 ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်လင်းကို ၁၂/လမန(နိုင်)၁၆၈၈၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန သရက်ခရိုင်၊ သရက်မြို့ လေလံကြော်ငြာအမှတ် ၁/၂၀၁၉-၂၀၂၀ ကျွန်းခွဲသား၊ သစ်မာသစ်၊ ခွဲသား၊ အခြားသစ် ၃' အောက်သစ်၊ မျောနှင့်မီးသွေးများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချခြင်း

၁။ သရက်ခရိုင်၊ သစ်တောဦးစီးဌာန၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ သရက်၊ မင်းလှမြို့နယ်ရှိ ဖမ်းဆီးရမိပုံစံ (၈)စာရင်းဝင်ကျွန်း ခွဲသား ၀ဒသမ ၀၇၈၈တန်၊ သစ်မာသစ်၊ ခွဲသား၊ အခြားသစ် (၁၅၈ဒသမ၆၈၁၃) တန်၊ ၃' အောက်သစ် (၁၂၁)လုံး၊ မျော (၄၁)လုံးနှင့် မီးသွေး (၇၈၃ဒသမ၇၂၉၇) တန်အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါ အစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူမဆို လေလံဆွဲဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **နေ့ရက်** - ၄-၉-၂၀၂၀ရက် (သောကြာနေ့)
(၂) **အချိန်** - နံနက် ၁၁:၀၀နာရီ
(၃) **နေရာ** - သရက်ခရိုင်၊ ရွှေသက်လွတ်ဘုရား၊ သာသနာ့ဗိမာန်၊ သရက်မြို့

(၂) လေလံအောင်မြင်သောပစ္စည်းများကို တိုင်းဒေသကြီး ကျော်သယ်ယူခွင့်မပြုကြောင်းနှင့်လေလံစည်းကမ်းချက်များ အသေးစိတ်သိရှိလိုသည်များကို ဖုန်း-၀၆၈-၂၁၀၁၂၊ ၀၆၉-၄၀၀၆၅၊ ၀၆၅-၄၅၅၃၁၊ ၀၆၉-၂၀၀၀၄၀၊ ၀၆၈-၂၁၂၂၉၊ ၀၉-၂၅၃၂၅၈၅၆၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ
သရက်ခရိုင်**

ဖခင်အမည်မှန်

လားရှိုးမြို့နယ်၊ အထက(ခွဲ)အလက(၇)မှ ကျောင်းဝင်အမှတ် (၀၀၃၂) တက္ကသိုလ်ဝင်တန်းမှ မနန်းမြ ဦးဆာ၏ ဖခင်အမည်မှန်မှာ ဦးအိုက်ရီ ၁၃/တယန(နိုင်)၀၅၂၇၀၀ ဖြစ်ပါကြောင်း။

အမည်မှန်

ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်အိုက်ဖိုင်၏ အမည်မှန်မှာ မောင်အောင်ဆန်းဝင်း ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ဟိုပန်မြို့၊ မန်ကောင်းရပ်ကွက်နေ ဦးအိုက်စံ ၏သမီး မထက်ထက်ဝေ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ (၂-၅-၁၉၉၆) ဖြစ်ပါကြောင်း။

အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၅)နေ ဦးစောလွင်ဦး ၉/မရမ(နိုင်) ၀၂၉၁၇၈ ၏သမီး မချောစုချမ်းသာ၏ အမည်မှန်မှာ မစောပြည့်ချမ်းသာ ဖြစ်ပါကြောင်း။

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ အမှတ် (၇၅)၊ (၆)ကွက်၊ ဗဟိုလမ်းနေထိုင်သူ ဦးခါဒင်ဟူစိန်(ခ)ဦးခင်မောင် ၉/မမန(နိုင်)၀၇၇၉၇၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ရက်တွင် ဦးခါဒင်ဟူစိန်(ခ)ဦးခင်မောင်သည် ၎င်း၏တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်စုစုကြွယ် ၉/မရတ(နိုင်)၁၂၃၈၃၆ အား အစ္စလာမ်တရားတော်နှင့်အညီ အပြီးအပိုင် အမွေပေးပြီးဖြစ်သောကြောင့် ဦးခါဒင်ဟူစိန်(ခ)ဦးခင်မောင်နှင့် ပတ်သက်သည့်မရွှေ့ ပြောင်းနိုင်သည့်ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း မည်သည့်ပစ္စည်းရပ်နှင့်မျှ ဒေါ်စုစုကြွယ်မှာ လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း နှင့် ဦးခါဒင်ဟူစိန်(ခ)ဦးခင်မောင် ကွယ်လွန်ပြီး နောက်ပိုင်းတွင် ကျန်မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအားလုံးအား ဦးခါဒင်ဟူစိန်(ခ)ဦးခင်မောင်၏ ညီအရင်းနှင့် ညီမအရင်းဖြစ်သူ ဦးတင်အောင်၊ ဒေါ်နီနီမြင့်တို့အား တရားဝင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းယုမွန်(အထက်တန်းရှေ့နေ)
စဉ်(၄၀၆၀၁)
အမှတ် (၄၉/စ)၊ (၃)ရပ်ကွက်၊ ဟော်ကုန်းလမ်း၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၆၅၀**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၂၂၂)၊ ဧရိယာ ၀ဒသမ၀၉၀ဧကရှိ ဦးမြဇော် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၈၃/၂၀၂၀)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဒေါ်သဲမျိုးမျိုးထွေး(ဘ)ဦးမျိုးအောင် ၉/ဇဗသ(နိုင်)၀၀၃၉၇၉မှ ဒေါ်စန်းစန်းမြင့် (ဘ)ဦးတင်မောင် ၁/မကန(နိုင်)၀၀၅၆၉၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက် အမှတ်(၁၄၆၄)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဒေါ်ခွေးအမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်ခွေး (ကိုယ်စား) ဒေါ်ကြည်မြင့် (ဘ)ဦးသန်းလေး ၉/ပမန(နိုင်) ၂၂၂၉၃၀မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင် တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၉၃၅/၂၀၂၀) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာမှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေပေးမိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းကုမ္ပဏီများ အခွန်ငွေပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် လက်ရှိကူးစက်ပြန့်ပွားလျက်ရှိသော COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် အီလက်ထရွန်နစ်စနစ်များကို အသုံးပြုကာ လွယ်ကူလျင်မြန်စွာ အခွန်ပေးဆောင်နိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၏ m-Banking, e-Banking i-Banking စနစ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ Mobile Payment စနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် အခွန်ထမ်းများအနေဖြင့် IRD Website (www.ird.gov.mm)၏ Star Your Tax Online Payement မှတစ်ဆင့် Link ဝင်၍ MPU Corporate Debit Card အသုံးပြုကာ Online မှ အခွန်ပေးသွင်းခြင်းအပြင် ပုဂ္ဂလိကဘဏ်များဖြစ်သော သမဝါယမဘဏ်လီမိတက် (CB Bank)၊ ရောဝတီဘဏ်လီမိတက်(AYA Bank)၊ ယူအေဘီဘဏ်လီမိတက်(uab bank)၊ ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank)နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (MAB Bank)တို့၏ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍လည်း အခွန်ပေးဆောင်နေပြီ ဖြစ်ပါသည်။

၃။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN) ရရှိပြီးသော အခွန်ထမ်းများအနေဖြင့် ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်(၂၇)ရက်မှစတင်၍ အာရှစိမ်းလန်း မှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD Bank)၏ တရားဝင်မိတ်ဖက် e-wallet ဖြစ်သော Onepay စနစ်ကို အသုံးပြု၍ ONE-Bills frature ရှိ Tax Payment မှတစ်ဆင့် အခွန်ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၄။ Onepay e-wallet ကို အသုံးပြု၍ အခွန်အောင်မြင်စွာ ပေးဆောင်ပြီးပါက Onepay မှအခွန်ပေးသွင်းမှု အထောက်အထားအဖြစ် အခွန်ထမ်းသို့ e-receipt ထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET မှတစ်ဆင့် အခွန်ငွေ လွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းမှု အထောက်အထားများကို email အသုံးပြုပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အခြားသော ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ငွေပေးဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၇။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် ကြည့်ရှုနိုင်ပြီး သက်ဆိုင် ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ(e-Payment Section၊ ရန်ကုန်) အမှတ် ၅၆၉/၅၇၇၊ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၇၉၀၂၁ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပုံ(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန**

အများသိစေရန် အသိပေးကြေညာခြင်း

ကျောက်မဲမြို့၊ အမှတ် -၂ရပ်ကွက်၊ ပေါက်ကုန်းရပ်၊ အိမ်အမှတ်-၂/၂၇၈၊ ပိတောက်လမ်းနေ ဦးစိုင်းသန်းမောင် တိုင်းရင်းဆေးဆရာမှတ်ပုံတင်အမှတ် တဆ-၀၄၁၂၃မှ ဦးစီးလုပ်ကိုင်လျက်ရှိသော ကျားငါးကောင် တိုင်းရင်းဆေးတိုက်မိသားစုမှ သုံးစွဲသူမိဘ ပြည်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျားငါးကောင် တိုင်းရင်းဆေးတိုက်မိသားစုသည် ကျားငါးကောင် အမှတ်တံဆိပ်ဖြင့် တိုင်းရင်းဆေးဝါးများကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက စတင်ပြီးထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ကျားငါးကောင်း တိုင်းရင်းဆေးတိုက်မိသားစုမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကျားငါးကောင်းအမှတ်တံဆိပ် တိုင်းရင်းဆေးဝါးများသည် သုံးစွဲသူ မိဘပြည်သူများအကြား ကောင်းမွန်သော ဂုဏ်သတင်းရရှိပြီးသည့် တိုင်းရင်းဆေးဝါးတစ်လက်ဖြစ်ကြောင်း သုံးစွဲသူမိဘပြည်သူများ သိရှိပြီးဖြစ်ပါသည်။ ကျားငါးကောင် တိုင်းရင်းဆေးတိုက်မိသားစုမှ ထုတ်လုပ်သည့်ဆေးတစ်မျိုးဖြစ်သော ကျားငါးကောင် အားတိုးဆေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ထုတ်ပေးထားသော တိုင်းရင်းဆေး ဝါးမှတ်ပုံတင်အမှတ် TMR 009948 (0721)ဖြင့် မှတ်ပုံတင်အမှတ်ရယူကာ ထုတ်လုပ်လျက်ရှိသော ဆေးတစ်လက်ဖြစ်ပါသည်။ အဆိုပါ ကျားငါးကောင်အားတိုးဆေးအား ထုတ်လုပ်ဖြန့်ဖြူးရာတွင် ဆေးအားထုပ်ပိုးသည့်ဘူးခွံတွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဖော်ပြရိုက်နှိပ်ရာ၌ TMR 009948(0721) အစား 0721 Y 009948 ဖြင့် မှားယွင်းရိုက်နှိပ်ပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။



(မှတ်ပုံတင်အမှတ် အမှန်ဖြင့် ဘူးခွံ)



(မှတ်ပုံတင်အမှတ်မှားယွင်းပုံနှိပ်မိသောဘူးခွံ)

ထို့ကြောင့် ကျားငါးကောင်အားတိုးဆေး ဘူးခွံတွင် ဖော်ပြထားသော ဆေးဝါးမှတ်ပုံတင်အမှတ် -0721 Y 009948 သည် ပုံနှိပ်စက်မှ မှားယွင်းရိုက်နှိပ်မိသော ချွတ်ယွင်းချက်သာဖြစ်ပါသည်။ ဆေးဘူးတွင်ပါရှိသော ပါဝင်ပစ္စည်းများမှာ မူလဆေးညွှန်းအတိုင်းသာ ထုတ်လုပ်ထားခြင်းဖြစ်ပါ၍ သုံးစွဲသူမိဘပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ ဆက်လက်သုံးစွဲအားပေးနိုင်ပါကြောင်း ကျားငါးကောင်တိုင်းရင်းဆေးတိုက်မိသားစုမှ သုံးစွဲသူမိဘပြည်သူများနှင့် အများသိစေရန် ချစ်ခင်ရင်းနှီးစွာ အသိပေးကြေညာအပ်ပါသည်။

ကျားငါးကောင် တိုင်းရင်းဆေးတိုက်မိသားစု

ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက (၄) တက္ကသိုလ်ဝင်တန်း (စနစ်ဟောင်း) Grade-11 အခန်း (၁၉)မှ မောင်ဖြိုးပိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးဟံငွေ ၉/မခန(နိုင်)၁၆၈၀၇၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဂန့်ဂေါမြို့နယ်၊ မြောက်ခင်ရန်းအထက တက္ကသိုလ်ဝင်တန်းမှ မချောအိခိုင်နှင့် နဝမတန်းမှ မောင်ဖြိုးဝေကျော်တို့၏ ဖခင်အမည်မှန်မှာ ၉/မခန(နိုင်)၂၀၆၅၅၅ အရ ဦးအောင်ကျော်နိုင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက (၄) တက္ကသိုလ်ဝင်တန်း စနစ်ဟောင်း Grade-11 အခန်း (၁၉)မှ မနှင်းဝေဘုန်း၏ ဖခင်အမည်မှန်မှာ ဦးဘုန်းနိုင် ၉/မခန(နိုင်) ၀၄၄၅၈၀ ဖြစ်ပါကြောင်း။

အမည်ပြောင်း
ကျွန်းစုမြို့နယ်၊ အမှတ်(၅၆) စစ်ရေယာဉ်စုမှ ဦးစည်သူအောင် ၆/ကစန(နိုင်)၀၆၇၉၆၁ ကိုယ်ပိုင်အမှတ်-၃၂၄၉၄ တက/၁၃ အား ယနေ့မှစ၍ ဦးဇော်ဇော်နိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **ဦးဇော်ဇော်နိုင်**

ဖခင်အမည်မှန်
ဆိပ်ဖြူမြို့နယ်၊ ကျောင်းရွာအထက(ခွဲ) Grade-11 စနစ်ဟောင်းတက္ကသိုလ်ဝင်တန်းမှ မဇင်မာထွန်းနှင့် မဇင်မာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၈/ဆဖန(နိုင်)၀၃၉၂၀၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်-၈၉၉၊ ဆိပ်ကမ်းသာလမ်းသွယ်၊ ကြက်စာပြင်ရပ်နေ အမက (စောမိညို) ဒုတိယတန်းမှ မသက်သက်အေး၏ ဖခင် ဦးသားငယ်၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးဝင်းစိုး ၆/လလန(နိုင်) ၁၆၅၂၇၈ ဖြစ်ပါကြောင်း။ **ဦးဝင်းစိုး**

ဖခင်အမည်မှန်
ဆိပ်ဖြူမြို့နယ်၊ ကျောင်းရွာအထက(ခွဲ) Grade-10 (စနစ်သစ်) ဒသမတန်းမှ မောင်ဝေယံဖြိုးနှင့် Grade-8 မှ မဇင်မီဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၈/ဆဖန(နိုင်) ၀၅၃၆၁၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်-၈၉၉၊ ဆိပ်ကမ်းသာလမ်းသွယ်၊ ကြက်စာပြင်ရပ်နေ မခင်ပြည့်လျှံ ၏ ဖခင် ဦးအာကာ၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးဝင်းစိုး ၆/လလန(နိုင်) ၁၆၅၂၇၈ ဖြစ်ပါကြောင်း။ **ဦးဝင်းစိုး**

တစ်ဦးတည်းဖြစ်ကြောင်း
ဆိပ်ဖြူမြို့နယ်၊ ကမ္ဘားကြီးကျေးရွာနေ မောင်အာကာမိုး ၈/ဆဖန(နိုင်)၀၉၀၇၈၄ ပထဝီဝင်(ဒု)နှစ် ရေနံချောင်း (ကောလိပ်)၏ဖခင် ဦးပြည့်ဝင်းနှင့် ဦးမိုးကျော် ၈/ဆဖန(နိုင်)၀၆၂၀၆၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြိတ်ခရိုင်၊ ပလောက်မြို့၊ ဆင်ထိုးကြီးကျေးရွာအုပ်စု၊ ဆင်ထိုးငယ်ကျေးရွာ တက္ကသိုလ်ဝင်တန်းမှ နော်ကမ္ဘီးဖော၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ စောရိုးနသာ ၆/ပလန(နိုင်)၀၅၃၇၆၅ ဖြစ်ပါကြောင်း။ **စောရိုးနသာ**

ဖခင်အမည်မှန်
စလင်းမြို့နယ်၊ မြေနုကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသီတာစန်းနှင့် မနှင်းအိခိုင် (ဒုနှစ်-မြန်မာစာ) မြင်းခြံ ကောလိပ်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝမ်းတူး ၈/ဆဖန(နိုင်)၀၅၃၅၀၀ ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ဘိုဘို ၆/သရခ(နိုင်) ၀၅၅၉၅၁ ၏ ဒုတိယတန်းစက်ခန်းအုပ်လက်မှတ်အမှတ် -စမဒ-၂၇၀/၂၀၁၈မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၆၁၃၆၃၂

Jasmines Season Microfinance Company Limited ၏ မတည်ငွေလျှော့ချရန် ရှယ်ယာရှင်များအား အကြောင်းကြားခြင်း
ကျွန်မသည် ယာဉ်အမှတ် EE/၈၃၂၆ ပရိုဘောက်အမျိုးအစား အငှားယာဉ် (အဖြူရောင်) မန္တလေးလိုင်စင်ဝင်ယာဉ်ကို ကျွန်မလက်ရှိဝယ်ယူထားပြီး ယာဉ်နှင့်ပတ်သက်သောအထောက်အထားများနှင့်တကွ လက်ရှိပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ယာဉ်ကို အမည်ပြောင်းလဲခြင်း၊ ရောင်းချခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမျိုးမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မမိုးမိုးခိုင် ၁၂/လကန(နိုင်)၁၀၄၀၄၄
ဖုန်း-၀၉-၄၂၁၁၂၁၀၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ပညာလမ်း၊ မြေကွက်အမှတ်(၉၂၇/က)ဟုခေါ်တွင်သော မြေအလျား×အနံ(၂၀×၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်ကျော်နိုင်** (၁၄/ဝခမ(နိုင်)၁၂၂၅၃၀)ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်မိုးသူဇာငြိမ်း** (၁၂/မဂတ(နိုင်)၀၆၈၄၃၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းသူရဇော် စဥ်-၄၂၀၆၆ LL.B (အထက်တန်းရှေ့နေ)
အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊(၃၃)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၇၃၂၇၇၇၇၃၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၇၈၆၂၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေပွင့် ၁၀/ကမရ(နိုင်)၀၄၅၇၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

အများသိစေရန်ကြေညာချက်

စစ်ကိုင်းခရိုင်တရားရုံး ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂ တွင် စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ နယ်မြေ(၁)၊ အိုးတန်းကလေးလမ်းနေ ဦးအောင်နိုင်ဝင်း (ဘ)ဦးတင်မောင်မှ တရားလိုပြုလုပ်၍ စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ နယ်မြေ(၁)၊ အိုးတန်းကလေးလမ်းတွင် နေထိုင်ကြသူများဖြစ်သော ၁။ ဒေါ်ခင်မျိုးကြည် (ဘ)ဦးဘဖေ၊ ၂။ ဒေါ်ခင်စန်းတင် (ဘ)ဦးတင်မောင်၊ ၃။ ဒေါ်ခင်စန်းဝင်း (ဘ)ဦးတင်မောင်၊ ၄။ ဦးကျော်စိုးဝင်း (ဘ)ဦးတင်မောင်တို့အပေါ် အမွေပစ္စည်းများအား စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ (၁၆-၉-၂၀၁၄) ရက်တွင် စစ်ကိုင်းခရိုင်တရားရုံးမှ ဦးအောင်နိုင်ဝင်း စွဲဆိုသည့်အတိုင်း ကွယ်လွန်သူ ဖခင်ဦးတင်မောင်၏ အမွေပစ္စည်းတွင် ၄၈ ပုံ ၁၄ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့ပြီး (၁၈-၁၀-၂၀၁၆) ရက်တွင် အပြီးသတ်ဒီကရီချမှတ်ခဲ့ပါသည်။ အဆိုပါတရားမကြီးမှုအား ဇာရီမှုဖွင့်လှစ်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅ဖြင့် စစ်ကိုင်းခရိုင်တရားရုံးတော်မှ လက်ခံဆောင်ရွက်ခဲ့ပြီး (၂၈-၄-၂၀၂၀) ရက်တွင် စစ်ကိုင်းခရိုင်တရားရုံးတာဝန်ရှိသူမှ ဦးအောင်နိုင်ဝင်း ရထိုက်ခွင့်ရှိသော အမွေပစ္စည်းများအား လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ (၁၅-၇-၂၀၂၀) ရက်တွင် ဦးအောင်နိုင်ဝင်းမှ အပ်ဝရမ်းအတည်ပြု ဆောင်ရွက်ပြီးဖြစ်၍ အမှုပိတ်သိမ်းခွင့်ပြုပါရန် လျှောက်ထားသောကြောင့် အဆိုပါနေ့တွင် စစ်ကိုင်းခရိုင်တရားရုံးတော်မှ ဦးအောင်နိုင်ဝင်းတောင်းဆိုသော သက်သာခွင့် အပြည့်အဝရရှိပြီးဖြစ်၍ ဇာရီမှုပိတ်ရန် အမိန့်ချမှတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်နိုင်ဝင်းသည် ဖခင်ဖြစ်သူ ဦးတင်မောင်၏ အမွေပစ္စည်းထဲမှ ၎င်းရထိုက်ခွင့်ရှိသော အမွေပုံအား ရရှိပြီးဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးကြည် ပါ-၄ ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြသင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၅၉) (၄-၄-၂၀၁၇)
ဒါးဝယ်ဈေးရပ်၊ စစ်ကိုင်းမြို့၊
ဖုန်း-၀၉-၄၀၀၄၄၃၀၃၅၊ ၀၉-၈၇၄၅၃၈၀၈၂

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၁)၊ ဦးပိုင်အမှတ် (၃၃/ခ)၊ မြေဧရိယာ (၀ ဒသမ ၀၄၇) ဧကရှိ မြေကွက်အား ဒေါ်ကြူဖိန်းအမည်ဖြင့် အမှုတွဲအမှတ် ၁၀၁၄/(၃)(၂၀၀၀-၂၀၀၁) အရ (၆-၈-၂၀၁၅) ရက်အထိ (၁၅) နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား ဒေါ်ခင်ယုမေ (ဒေါ်ကြူဖိန်း၏ SP ရရှိသူ)ထံမှ ဦးဇိန်ထုံးတူးသည် မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ (၁၇-၇-၂၀၁၉) ရက်စွဲပါ စာမှတ်ပုံတင်အမှတ် (၃၇၆/၂၀၁၉) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်အား ဦးဇိန်ထုံးတူး ၁/မမန(နိုင်)၀၀၁၅၉၅ အမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(ဦးပိုင်ခွဲအမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆၈/၃)၊ မြေကွက်အမှတ် (၂၉၃)၊ မြေကွက်တည်နေရာအမှတ် (၂၉၃)၊ (၁၆၈/၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် တပ်ကြပ်သန်းအေး ၁၂/မဂဒ(နိုင်)၀၀၇၈၉၄ အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပါ တပ်ကြပ်သန်းအေးထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ၁၀-၃-၂၀၁၅ ရက်တွင် ဝယ်ယူသူ ဒေါ်တင်တင်ဝင်း ၁၂/တမန(နိုင်)၁၁၁၆၀၁ မှ ပါမစ်မူရင်း (အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းတွင် မြေနေရာချထားပေးခြင်းခံရသူလက်မှတ်မပါပါ) စာချုပ်တို့တင်ပြ၍ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားလာခြင်းဖြစ်ပါသည်။ ပါမစ်မူရင်းတွင်ရှိ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်း/စာရွက်တွင် မြေနေရာချထားပေးခြင်းခံရသူ၏ လက်မှတ်မပါရှိခြင်းအား ရှင်းလင်းတင်ပြရန်အတွက် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ ပါမစ်တွင်ရှိ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်တွင် မြေနေရာချထားပေးခြင်းခံရသူ၏ လက်မှတ်မပါရှိခြင်းအား မသိရှိခဲ့ကြောင်း၊ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းဝင်စာဖြင့် ဝန်ခံကတိပြုတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ပါမစ်အမည်ပါ တပ်ကြပ်သန်းအေးထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်တင်တင်ဝင်းမှ ပါမစ်မူရင်း (အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းတွင် မြေနေရာချထားပေးခြင်းခံရသူလက်မှတ်မပါ)တင်ပြ၍ နှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၃၂၀၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိအေးဝင်း ၁၀/ကမရ(နိုင်)၀၇၁၄၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၂)လမ်း၊ အမှတ်(၁၃)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ RC(၆)ထပ်တိုက်အဆောက်အအုံတွင်ရှိသော အကျယ်အဝန်း အလျား(၅၀)ပေxအနံ(၁၄)ပေရှိသည့် ဒုတိယထပ်(ခြေရင်းခန်း)အား ဦးအောင်ကျော်ကျော်ဦး ၁၂/ဥကတ(နိုင်)၀၈၁၀၆၂ နှင့် ဒေါ်မိုးမိုးလှိုင် ၁၂/မဂဒ(နိုင်)၀၈၅၈၇၀ တို့မှ ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးမျိုးနိုင် ၁၁/တကန(နိုင်)၀၀၁၉၇၈ နှင့် ဒေါ်ပိုပိုမြင့်၁၁/တကန(နိုင်)၀၅၀၆၈၁ တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပါသည်။ သို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး ဝယ်ယူသူမှ တိုက်ခန်းအား လက်ရောက်ယူဆောင်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာလွင် LL.B
အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/8301 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

ကညန
(ရွှာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်9I/7686 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

အမည်မှန်

သန်လျင်မြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်းမှ ပညာသင်ကြားနေသော (ဘ) ဦးခင်မောင်သန်း ၁၂/တတန(နိုင်)၀၀၄၁၂၃ ၏ သား မောင်ဝသာန်ဦး ၁၂/သလန(နိုင်)၁၇၈၉၅၂ ၏အမည်မှန်မှာ မောင်ဝသာန်ဦး ဖြစ်ပါသည်။

မောင်ဝသာန်ဦး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/1365 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7669 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမှားပြင်ဆင်ချက်

၂၄-၈-၂၀၂၀ ထုတ် မြန်မာ့အလင်း သတင်းစာပါ ကွယ်လွန်သူ ဒေါ်နွယ်နီဝင်း တ-၂၄၄၂ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ကချင်ပြည်နယ် တရားလွှတ်တော်၏ ဖခင်အမည်မှန်မှာ ဗိုလ်ကြီးသိန်းဝင်း(ငြိမ်း) ဖြစ်ပါကြောင်း အမှားပြင်ဆင်အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

လုပ်ငန်းအကျိုးတူ ဆောင်ရွက်လိုသည်

မကွေးတိုင်းဒေသကြီး မကွေးမြို့ သီးသန့်ဆိတ်ငြိမ်ရပ်ကွက်တွင် ကိုယ်ပိုင်သင်တန်းကျောင်းဆောက်ရန် (၁၀)နှစ်ဂရန်ရရှိပြီးသော မြေ(၅)ကေရှိသည်။ လျှပ်စစ်မီးအလွယ်တကူ ဆက်သွယ်ရန် လိုင်းအနီးတွင်ရှိသည်။ (၄)လက်မရေတွင်း ပန့်တပ်ဆင်ပြီး၊ မီးခံတိုက်ဂိုဒေါင် အသေး(၁)လုံး ဆောက်ထားပြီး မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းရေးသင်တန်းကျောင်း၊ လက်တွေ့အသုံးချနိုင်သော အင်ဂျင်နီယာသင်တန်းကျောင်း စသည့်အသက်မွေးမှု ပညာသင်ကြားနိုင်သော ကျောင်းဆောက်လုပ်ပြီး အကျိုးတူလုပ်ကိုင်လိုပါသည်။ အခြားပိုမိုကောင်းမွန်သော လုပ်ငန်းရှိပါကလည်း ယင်းမြေပေါ်တွင် အကျိုးတူလုပ်ကိုင်လိုပါသည်။ စိတ်ဝင်စားသူများ ဖုန်း-09-5340983 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဦးဟန်မောင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၄/သ-၃၃)၊ (ဝဒသမဝ၃၁)ကော၊ မြေကွက်တည်နေရာအမှတ်(၂၉၄)၊ မဟာဆွေ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ဒေါ်မြနှစ် အမည်ပေါက် မြေပိုင်မြေ (လ/န-၃၉)မြေအား လှိုင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၆/၂၀၁၈ (၁၂-၁၁-၂၀၁၈) ရက်နေ့ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအမိန့်တို့အရ (၂၅ပေx၅၀ပေ)ရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားလိုဒေါ်အေးမြတ်စု၏ တရားဝင်အမည်ပေါက်ပိုင်ဆိုင်နိုင်ရေးအတွက် တရားပြိုင် ဦးတင်ရှိန်နှင့်ဒေါ်မြနှစ်တို့အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၄/၂၀၁၉ (၃-၆-၂၀၁၉)ရက်စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်တို့အရ ဘိလစ်ခန့်စာရရှိသူ ဒေါ်လွင်လွင်အောင် ၈/ရစက(နိုင်)၀၉၅၂၇၂ က တရားရုံးအမိန့်၊ အရပ်ကတိစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ လှိုင်မြို့နယ်တရားရုံး၏ (၇-၆-၂၀၁၉)ရက်စွဲပါ ဘိလစ်ခန့်စာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊ ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံး
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၆

ဦးစိုးမင်း — နှင့် — ဦးမြင့်စိုး
တရားလို — တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား ၇၁-၇၃လမ်းကြားနေ ဦးမြင့်စိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးမင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၁)၊ယခု (ဘဘ-၁၅)၊ ဦးပိုင်အမှတ် ၁၁၊ ဧရိယာ ဝဒသမဝ၅၅၁ ဧကအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂ရက် (၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်)၊ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ်၊ ဩဂုတ် ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ခင်ဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဋ္ဌဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် - ၈၁

ဦးသန့်ဇင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်စိုး) — နှင့် — ဦးအောင်သန်း
တရားလို — တရားပြိုင်

ဦးလှမောင်၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဟ-၁၂/ ဦးပိုင်-၁၀၊(ဃ) ရပ်ကွက်နေ ဦးအောင်သန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန့်ဇင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်စိုး)က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၆၁၊ ဦးပိုင်အမှတ် ၅၊ ဧရိယာ ဝဒသမဝ၅၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်)၊ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ်၊ ဩဂုတ် ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ နှင်းဆီလမ်းပေါ်ရှိ မြေတိုင်းအမှတ် (င-၁၁)၊ မြေဧရိယာ အလျား ၆၀ပေ x အနံ ၆၀ ပေ မြေကွက်အမှတ် (၃၄၇) မြေကွက်တည်နေရာအမှတ် (င-၁၁/၃၄၇) ဗိုလ်မှူးကြီးဆန်နီအောင် ၁၂/အစန(နိုင်)၁၅၇၃၁၉ နှစ်(၆၀)ဂရန်အမည်ပေါက်မြေအား ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဆန်းလွင် ၁၂/မရက(နိုင်)၀၆၄၂၃၆ မှ ကျွန်တော် ဦးကျော်လှ ၉/ပဘန(နိုင်)၁၅၀၄၇၂ က ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်လှ ၉/ပဘန(နိုင်)၁၅၀၄၇၂
ပြည်သာယာ (၁၂)လမ်း၊ လမ်းမတော်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း
ဖုန်း-၀၉-၆၉၃၃၉၁၈၈၃၊ ၀၉-၉၇၆၁၈၆၀၉၅

ရောင်းချရန်ကြော်ငြာစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံးတော်
၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်-၈

ဦးဝင်းမောင် — နှင့် —
၁။ ဦးမြင့်သန်း
၂။ ဒေါ်တင်တင်ဝင်း
၃။ ဒေါ်ခင်ပြုံးရီ
(ကွယ်လွန်သူ တရားရှုံး ဦးလှမြင့်၏ တရားဝင်ကိုယ်စားလှယ်)
၄။ ဒေါ်တင်တင်လင်း(ခ)ဒေါ်စန်းစန်းဝင်း
၅။ ဦးခင်မောင်ထွေး(ခ)ဦးညီချော
၆။ ဒေါ်စန်းစန်းမော်

ဒီကရီအနိုင်ရသူ — တရားရှုံးများ

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၇၄/၂၀၁၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရတနာပုံ၏အနောက်၊ အကွက်အမှတ် (၅၅၁)၊ ဦးပိုင်(၂၉-ခ)၊ ဧရိယာ ဧက (၀ ဒသမ ၀၂၅၇)ရှိ ဘိုးဘပိုင်မြေကွက်(ဒေါ်စန်းအမည်ပေါက်) မြေနှင့်မြေပေါ်ရှိ (၂ x ၄)ခန်း နံကပ်(၂)ထပ်အဆောက်အအုံ

လေလံကြမ်းခင်းဈေး-ကျပ်သိန်း (၂၅၀၀)
လေလံတင်ရောင်းချမည့်စည်းကမ်းများ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲငြင်းပယ် ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူကငွေကျပ် ၁၀၀ိ/-လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲ ဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ပြည့်နှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ကျော်ကျော်မိုး)
ဒုတိယခရိုင်တရားသူကြီး(၉)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၁)၊ မြေကွက်အမှတ် (၁၅၉၁) ကုမုဒြာလမ်းရှိ (၄၀ပေx၆၀ပေ) ပါမစ်မြေကွက်ကို ဦးမြကြိုင် ၁၂/လကန(နိုင်)၀၁၆၇၉၅ ထံမှ ကျွန်ုပ်မှ ဝယ်ယူရန်အတွက် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းသစ်နွယ် ၁၄/မမန(နိုင်)၁၅၄၆၀၄ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေအတိုင်း ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ရည်မွန်ကျော်
၇/သကန(နိုင်)၀၉၄၀၉၄
ဖုန်း-၀၉-၄၂၀၀၇၃၉၈၆

မော်တော်ယာဉ်လွှဲပြောင်းရောင်းချပြီးစီးခြင်း

ကျွန်တော် ဦးသန်းဇော် ၉/မကန(နိုင်)၁၂၀၈၉၁ ပိုင်ဖြစ်သော ၈ဆ/၃၆၄၅ ကားကို မတ္တရာမြို့နယ် တံငါတောင်ရွာနေ ဦးဖြိုးဖြိုးအောင် ၉/မတရ(နိုင်)၁၈၇၂၀၂ အား အပြီးတိုင်ရောင်းချပြီးပါသဖြင့် ကားနှင့်ပတ်သက်သော ကိစ္စအဝဝမှာ ကျွန်တော် ဦးသန်းဇော်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးပါသည်။

ဦးသန်းဇော်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့၊ ရကအ(၆)နယ်မြေ၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ်(၅၆)နေ ကျွန်မဒေါ်အေးအေးခိုင် ၁၄/ပသန(ဧည့်)၀၀၀၁၅၉၏သား ကိုသန်းတင့်(ခ)ဝကြီး ၁၄/ပသန(ဧည့်)၀၀၁၁၁၈ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး (၁၁-၇-၂၀၂၀) ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် (၂၃-၈-၂၀၂၀) ရက်တွင် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မိခင် ဒေါ်အေးအေးခိုင်
၁၄/ပသန(ဧည့်)၀၀၀၁၅၉

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၅၄ နှင့် ဆက်နွှယ်သည့်
၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၇၇

ဒေါက်တာတင်အောင် — နှင့် — ဦးဝင်းအောင်သောင်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အေးမြတ်မိုး)
ဒီကရီအနိုင်ရသူ — တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆) ရပ်ကွက်၊ ညောင်ရှမ်းလမ်း၊ အမှတ်(၈၇၈)နေ ဦးဝင်းအောင်သောင်း သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၅၄ တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်ဆင့်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၀ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက် ရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဋ္ဌဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၃၈

EHWA METAL CO.,LTD (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ အထွေထွေမန်နေဂျာ ဦးထက်သူအောင်) — နှင့် — MK GLOBAL CO., LTD
တရားလို — တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ၎ဝါလမ်း၊ အမှတ် ၂၁၁နေ တရားပြိုင် MK GLOBAL CO., LTD (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို EHWA METAL CO.,LTD (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ အထွေထွေမန်နေဂျာ ဦးထက်သူအောင်)က ကုန်ပစ္စည်းဖိုးငွေ အမေရိကန်ဒေါ်လာ ၁၀၉၂၇ ဒေါ်လာနှင့်ညီမျှသော မြန်မာငွေကျပ် (၁၅၄၆၆၄၆၂၀ိ/-) ကို နစ်နာကြေးငွေကျပ်သိန်း (၃၀၀)နှင့်တကွ စုစုပေါင်းငွေကျပ်သိန်း (၁၈၄၆၆၄၆၂၀) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၉ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ်၊ ဩဂုတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်းထွဋ်)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊မြေကွက်အမှတ်-၂၄၂/ခ၊ဧရိယာ-၀.၀၂၇၅ဧက၊မြေကွက်တည်နေရာအမှတ်-ခ/၂၄၂၊ပီတောက်လမ်းမလမ်း၊မြို့သစ်(ဂ)ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးချစ်လှိုင်အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးချစ်လှိုင်(I.S.N-၀၅၇၀၁၁)ထံမှဝယ်ယူခဲ့သည့်နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်အရပ်ကတိစာချုပ်၊ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်မှတ်ပုံတင်စာရင်းစာရွက်၊ယင်းရာဇဝင်အကျဉ်းချုပ်စာရွက်သည်ယောင်းနွမ်းပျက်စီးနေပြီးမြေတိုင်းရပ်ကွက်၊မြေကွက်အမှတ်တို့မှာဖတ်၍မရအောင်မထင်မရှားဖြစ်နေသည်မှာမှန်ကန်ကြောင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်၊တရားရုံးကျမ်းကျိန်လွှာတင်ပြပြီးအိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်၊မြေနေရာချထားပေးခြင်းခံရသူများ၏မှီခိုသူများစာရင်းစာရွက်တင်ပြနိုင်ခြင်းမရှိဘဲဦးမြင့်မိုးကျော်(၁၂/အစန(နိုင်)၁၃၉၉၁၄၂)၊ဒေါ်အေးငယ်ငယ်စိုး(၁၂/အစန(နိုင်)၁၃၉၉၁၄၄)တို့မှနှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၄၈၇/၄၈၈)၊ (၆၀×၉၀)ပေခြံမြေပေါ်ရှိ နေအိမ်တိုက်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော (၁၇.၆.၂၀၂၀)ရက်နေ့၌ ကွယ်လွန်သူ ဦးအောင်ကြွယ်ဦး(ခ)ကိုဦး၏ ဇနီး ဒေါ်သင်းသင်းနိုင်(၁၂/လမန(နိုင်)၀၀၀၈၆၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ခြံမြေနှင့်အိမ်တိုက်ကို ဒေါ်သင်းသင်းနိုင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမျှ မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **လမ္ဘတော် ဦးစိန်ဝင်း**
LL.B (Final Year) (1992)
H.G.P (LC-No.12543)/1984
တိုက်အမှတ်-၁/A၊ဉလွှာ(အခန်း(၃၀၁/A)၊ ဒဂုံလွင်လမ်းနှင့်ရန်ကြီးအောင်လမ်းထိပ်၊ မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၄၃၀၆၇၅၈၁၊ ၀၉-၃၁၉၀၆၇၂၈

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)
Executive Director
Jewellery Luck Group Of Companies
အသက်(၇၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မီးဒုံးလမ်း၊ အမှတ်(၁၄၇/ဖ)နေ ဒေါ်ခင်မွေး၏ ခင်ပွန်း ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)၊ Executive Director (Jewellery Luck Group Of Companies)သည် ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်စိန်(ဥက္ကဋ္ဌ)-ဒေါ်အကြူနှင့်
Jewellery Luck Group Of Companies မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)
Managing Director
Top Ten Star Production Company Limited
အသက်(၇၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မီးဒုံးလမ်း၊ အမှတ်(၁၄၇/ဖ)နေ ဒေါ်ခင်မွေး၏ခင်ပွန်း ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)၊ Managing Director(Top Ten Star Production Co.,Ltd)သည် ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Top Ten Star Production Company Limited မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာကျော်စိုး(ခ)စီဘီချတ္တရီ
M.B.,B.S,M.Sc(OG)
သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
အသက်(၈၁)နှစ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ယခင်ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်သပြေလမ်း၊ အိမ်အမှတ်(၂၉)၊ အခန်း(၃၀၁)နေ ဒေါက်တာကျော်စိုး(ခ)စီဘီချတ္တရီသည် ၁၈-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကျန်ရစ်သူမိသားစုနှင့် ဆွေမျိုးသားချင်းများနှင့်အတူ ထပ်တူဝမ်းနည်းပါကြောင်းနှင့် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့ပတ္ထနာပြုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်

ဒေါ်နော်တင်လှ
အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃)တွင် အမှတ် (၅၅၈)နေ၊ ကျိုက်လတ်မြို့နယ်၊ ထရော်ဒေါင်းကျေးရွာနေ စောထွန်းရွှေ၏ညီမ၊ (ဗိုလ်စည်သူစိုး)၊ ဂျဲသီတာစိုး၊ မန်းသန်းထိုက်စိုး-ဂျူမိုးမိုးတို့၏မိခင်၊ စံဇေယျာထိုက်စိုး၊ နန့်သီရိထိုက်တို့၏ အဘွားဘွား၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း)၏ ချစ်လှစွာသော ဇနီးသည် ၂၅-၈-၂၀၂၀ရက် ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဦးတင်ဦး
လေ့ကျင့်ရေးရုပ်ရှင်၊ ကကကျင့်(ငြိမ်း)
မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်(ဥက္ကဋ္ဌ)(ငြိမ်း)
မြန်မာ့သိုင်းသင်တန်းကျောင်း (ကျောင်းအုပ်ကြီး-ငြိမ်း)
အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဓါလမ်း၊ အမှတ်(၅၉၂)နေ ဒေါ်စု၏ခင်ပွန်း၊ ဦးမြင့်ဇော်-ဒေါ်စိန်နှင်းကြည်၊ ဦးလှဦး လ/ထ၊ အား/ကာ(ငြိမ်း)-ဒေါ်ရွှေပြည်စိုး၊ ဗိုလ်ကြီးလှအောင်သိန်း (အားကစားအရာရှိ)-ဒေါ်မြင့်မြင့်ဦး လယ်/အုပ် (ကြာထုံး)၊ ဦးသက်ဦး-ဒေါ်စိန်စိန်အေး၊ ဦးအောင်နိုင်ဦး-(ဒေါ်သန္တာဝင်း)၊ ဦးကျော်ဇေယျ-ဒေါ်လှမျိုးနွယ်၊ ဒေါ်ခင်ပုလဲစု(ဆေး-၁)တို့၏ ဖခင်၊ မြေး (၁၁)ယောက်၊ မြစ် သုံးယောက်တို့၏ အဘိုးသည် ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်ဦး
အသက်(၈၉)နှစ်

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာ့သိုင်းသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး(ငြိမ်း)၊ မြန်မာ့သိုင်းသင်တန်းကျောင်း စတင်တည်ထောင်ခဲ့သူ ဆရာကြီးဦးတင်ဦးသည် ၂၆-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် အမှုဆောင်များ
မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးတင်ဦး
၁၉၉၀ လွှတ်တော်ကိုယ်စားလှယ်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး(ငြိမ်း)
မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြန်အောင်မြို့
အသက် (၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ ရုံးလမ်း၊ အမှတ် (၂၈)နေ ဒေါ်စန်းမြင့် (တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်ခိုင်ယဉ်ယဉ်ထူး၊ ဦးဝင်းလတ်-ဒေါ်နှင်းနှင်းဦး၊ (ဦးဝေဖြိုးဦး)-ဒေါ်လင်းလင်းမြင့်တို့၏ဖခင်၊ မြေးလေး ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ရက် (ကြာသပတေး နေ့) မွန်းလွဲ ၂နာရီတွင် သရက်တစ်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၂၀ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးခင်မောင်ဝင်း
ဝင်းချည်မျှင်နှင့် မြင်းကျားစောင်စက်၊ မုံရွာမြို့
အသက်(၆၇)နှစ်

တောင်ငူမြို့နေ ဦးအောင်မျိုးဟိန်း-ဒေါ်လင်းလင်းဝင်း၊ မန္တလေးမြို့ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာသက်ငွေး(မန္တလေးပြည်သူ့ဆေးရုံကြီး)-ဒေါက်တာ အိအိဝင်း(TMO-ဖောင်းပြင်)၊ မုံရွာမြို့နေ ကိုစေလှိုင်ဝင်း-မဇင်ဝေမွန်၊ (မောင်မင်းသူဝင်း)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မုံရွာမြို့၊ ဘုန်းစိုးရပ်၊ သဇင်လမ်းနေ ဒေါ်ခင်တင့်၏ခင်ပွန်းသည် ၂၅-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၀ရက်တွင် မုံရွာမြို့၊ မြနန္ဒာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂ ဟများအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြင့်ဟန်(ခ)ဟန်လေး
မူလတန်းပြ(ငြိမ်း)၊ အထက(၂)ကြည့်မြင်တိုင်
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၇၊ မြေညီ၊ ယာ)ခန်းနေ (ဦးထွန်းရီ)-ဒေါ်မြဟန် တို့၏သမီး၊ (ဦးကျော်မြင့်)-ဒေါ်သန်းနုတို့၏သမီးချွေးမ၊ ဒေါ်မိုးအေး၊ ဦးမျိုးရီ-ဒေါ်အေးမြင့်၊ ဦးမျိုးကြည်(ခ)ကိုလေး-ဒေါ်နွဲ့နွဲ့တို့၏ညီမ၊ (ဦးအေးကိုကို)-ဒေါ်သင်းသင်း၊ ဦးအောင်အောင်-ဒေါ်အေးအေးသင်း၊ ဦးမောင်မောင်-ဒေါ်ငွေငွေတို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက် တို့၏အဒေါ်၊ မြေး သုံးယောက်တို့၏အဘွား၊ မောင်ဇွဲသူရကျော်-မခင်ခင်ငွေ၊ မောင်အောင်သူရကျော်-မသီရိအေးကိုတို့၏ချစ်လှစွာသော မိခင်၊ ဦးကျော်ဝင်း(လ.ဝ.က-ငြိမ်း) ၏ ချစ်လှစွာသောဇနီးသည် ၂၅-၈-၂၀၂၀ရက် ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝင်းဇံ (စစ်တွေ)
အသက် (၆၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ လမ်းမကြီးနေ(ဦးမောင်စံသာ-ဒေါ်ကြာဇံလှ)တို့၏သမီး၊ [ဦးဦးစောသာ (ခ)တူနီ]-ဒေါ်နုအုံးခင်၊ ဦးကျော်ထွန်းဝေ-ဒေါ်ဦးစိန်နု၊ ဦးထွန်းဇံ-ဒေါ်ခင်ငွေးတို့၏ညီမ၊ [ဦးမျိုးသန့်(ခ)မောင်မောင်]၊ ဦးတေဇာထွန်း၊ (ဦးဇော်ဝင်း)-ဒေါ်ဥမ္မာထွန်း၊ ဒေါ်နန္ဒာထွန်း၊ ဒေါ်နီလာထွန်းတို့၏အစ်မ၊ တူ၊ တူမ(၁၁)ယောက်တို့၏အဒေါ်၊ မြေး နှစ်ယောက်တို့၏ အဘောင်ဝင်းသည် ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ ၂၈-၈-၂၀၂၀ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ [အမှတ် (၆၀၂)၊ ၂၈ ပုဂံလမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။] **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)
တေဇ (၁)
အသက် (၇၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ် (၁)၊ အမှတ် ၁၄၇/ဖနေ (ဦးဘစိုး)-ဒေါ်တင်ခ တို့၏သား၊ ဒေါ်ခင်မွေး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)သည် ၂၅-၈-၂၀၂၀ရက် နံနက် ၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ် ဦးသိန်းအောင်(ငြိမ်း)-ဒေါ်ခင်ငွေးမြင့် မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)
တေဇ (၁)
အသက် (၇၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ် (၁)၊ အမှတ် ၁၄၇/ဖနေ (ဦးဘစိုး)-ဒေါ်တင်ခ တို့၏သား ဒေါ်ခင်မွေး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)သည် ၂၅-၈-၂၀၂၀ရက် နံနက် ၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးချုပ်ဇော်ဟိန်း-ဒေါ်ယမင်းအောင်
ကျောင်းအုပ်ကြီး၊ စစ်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ရှမ်း(တောင်)သတ္တုလုပ်ငန်းရှင်များအသင်း (အသင်းဝင်အမှတ်-၀၀၀၅) "ထိပ်တန်းကြယ် (၁၀)ခုထုတ်လုပ်မှုကုမ္ပဏီလီမိတက်" မန်နေဂျင်းဒါရိုက်တာ ဦးအေးထွန်းရွှေ(ဗိုလ်မှူးကြီး-ငြိမ်း) အသက်(၇၀)သည် (၉၆)ပါးသောရောဂါဖြင့် ၂၅-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ရှမ်း(တောင်)သတ္တုလုပ်ငန်းရှင်များအသင်း

ဒေါ်ဆွေဆွေသန်း
ဟိုတယ်/ခရီး၊ ကရဝိက်ခန်းမ(ငွေစာရင်းဌာန)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၂လမ်း၊ အောက်)၊ အမှတ်(၅၉၉/A)၊ အခန်း(၄)နေ (ဦးအောင်မြင့်)၏ဇနီး၊ ဒေါ်ဝင့်ဝါအောင်၊ ဦးကျော်ကျော်ဝင်း(MSP.CAT)-ဒေါ်လွဲ့ဝါအောင်တို့၏မိခင်၊ မောင်ဘုန်းမြတ်အောင်၏အဘွားသည် ၂၄-၈-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဒေါ်ခင်စန်းရင်
မိုးကုတ်ဝိပဿနာအဖွဲ့ဝင်
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၁)နေ ဦးမြင့်ငွေး၏ဇနီး၊ မောင်တင်အောင်လွင်-မနှင်းအိချို၊ မောင်မင်းသက်ခိုင်တို့၏မိခင်သည် ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမျိုးမင်းသူ
Chief Technical Officer (MCC Group)
အသက်(၄၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား ရပ်ကွက်၊ ပြည်တော်သာတိုက်တန်း၊ တိုက်အမှတ် ၅၆၊ အခန်း ၀၀၃နေ ဦးထွန်းရွှေ-ဒေါ်စန်းစန်းငွေးတို့၏သားကြီး၊ ဒေါက်တာစိမ့်စိမ့်သူ၊ ဦးသူရိန်ထွန်း-ဒေါ်ခင်နှင်းဦး၊ ဦးအောင်ကိုကိုဖြိုး-ဒေါ်ခင်သီရိငွေးတို့၏ အစ်ကို၊ မအိန္ဒြေဆုပြည့်မျိုး၏ဖခင်၊ ဒေါ်ချောအိအိမျိုး၏ခင်ပွန်း ဦးမျိုးမင်းသူ Chief Technical Officer (MCC Group) သည် ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် (၂၅-၈-၂၀၂၀) ရက် (အင်္ဂါနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလပ်ကို ၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၉ ရက် (၂၇-၈-၂၀၂၀) ရက် (ကြာသပတေးနေ့) နံနက် ၁၁:၀၀နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁:၀၀)နာရီ

နံနက် (၈:၀၀) နာရီ ထုတ်ပြန်ခဲ့သော သတင်း၏ နောက်ဆက်တွဲဖြစ်ပါသည်။

၁။ (၂၅-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၃၇၃)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၃၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၅၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၅၆)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၅)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု
- စုစုပေါင်း (၂,၃၀၀)ခု အား စစ်ဆေးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၀) ဦး တွေ့ရှိရပါသည်။(ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀) ဦး တွေ့ရှိကြောင်းအား (၂၅-၈-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီ သတင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။)

၂။ ကျန်ရှိသော ဓာတ်ခွဲအတည်ပြုလူနာ (၇၀) ဦး၏ အချက်အလက်များအား ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ❉

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ်၊ ၉၇/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019-COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာဦးရေ အချိန်တိုကာလအတွင်း တိုးတက်များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန်(အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်းအပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဩဂုတ် ၂၈ ရက် ညတွင် ပွဲစဉ်(၄)အဖြစ် စန္ဒရားကိုခင်လှ၊ စန္ဒရားတင်ကိုကို တေးဂီတအဖွဲ့နှင့် အတူ တေးသံရှင် ထား၊ ရီရီသန့်၊ ခင်စိုးဝင်း၊ စိမ်းလဲ့လဲ့၊ သူဇာအောင်၊ မေသက်ထားဆွေ၊ တင်ဦးလေး၊ သန်းမြတ်စိုး ၊ မောင်သိန်းဝင်း၊ ကျော်ကျော်ဟန်၊ ဝိုင်းလမင်းအောင်၊ စန္ဒရားတင်ကိုကိုတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို ဩဂုတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ်ပြန်လည်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွက် UNICEF က ထောက်ပံ့ကူညီသည့်ပစ္စည်းများ တင်ဆောင်လာသော အထူးကုန်တင်လေယာဉ် ရန်ကုန်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က ထောက်ပံ့ကူညီသည့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးကုန်တင်လေယာဉ်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ (အပေါ်ပုံ)

အဆိုပါ အထူးကုန်တင်လေယာဉ်သည် UNICEF ၏ အစီအစဉ်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈၃၆၅၆၈ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE) နှင့် ဆက်စပ်ပစ္စည်းများကို တင်ဆောင်လာခြင်းဖြစ်သည်။

UNICEF အနေဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းခန့်တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(PPE)နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ကူညီသွားမည်ဖြစ်ရာ ယနေ့ ခရီးစဉ်မှာ

စာမျက်နှာ ၁၇ ကော်လံ ၁ ◆

ကိုဗစ်- ၁၉ ပြန့်ပွားမှုဆိုင်ရာ တားဆီးရေးများကို ဂျပန်ကျွမ်းကျင်အုပ်စုတစ်စုက တင်ပြ

စာမျက်နှာ - ၁၃

ကိုဗစ် - ၁၉ နှင့်အတူ နေထိုင်နိုင်ရေး သင်ယူကြရန် ပြင်သစ်သမ္မတ ပြောကြား

စာမျက်နှာ - ၁၄

ဘာစီလိုနာအသင်းမှ ထွက်ခွာခွင့်တောင်းဆိုလိုက်သည့် မက်ဆီ

စပိန်အင်အားကြီး ဘာစီလိုနာအသင်း၏ အဓိကတိုက်စစ်မှူးဖြစ်သော လီယွန်နယ်မက်ဆီသည် အသင်းမှ ထွက်ခွာခွင့်ပေးရန် တောင်းဆိုလိုက်ကြောင်း သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာသည်။ အသက် ၃၃ နှစ် အရွယ်ရှိ မက်ဆီသည် ယမန်နေ့က ဘာစီလိုနာအသင်းသို့ ဖက်စ်တစ်စောင်ပေးပို့ကာ ၎င်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပေးရန် တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ဩဂုတ် ၁၆ ရက်တွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်၌ ဘိုင်ယန်မြူးနစ်အသင်းကို အံ့အားသင့်ဖွယ် ရှစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက်တွင် မက်ဆီအနေဖြင့် နူးကမ့်၌ ၎င်း၏ အနာဂတ်ကို စဉ်းစားနေခဲ့ခြင်းဖြစ်ပြီး အသင်းမှ ထွက်ခွာရန် ကြိမ်ဖန်များစွာ ပြောဆိုထားသူဖြစ်ကြောင်း အသင်းဥက္ကဋ္ဌဖြစ်သူ ဂျိုးဆက်ဘာတိုမြူက ဘာစီလိုနာတီဗွီသို့ ပြောကြားသည်။

ဘာလွန်းဒီအောဆုကို ခြောက်ကြိမ်ဆွတ်ခူးရရှိထားသော အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် အသက် ၁၃ နှစ်အရွယ်တွင် အာဂျင်တီးနားကလပ် နီဝဲလ်အိုးဘွိုင်းအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ မက်ဆီသည် ၎င်း၏ ဘာစီလိုနာအသင်းနှင့် လိဂ်ပွဲဦးထွက်ပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကစားခဲ့သည်။ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ပြိုင်ပွဲစုံ ၇၃၁ ပွဲ ပါဝင်ကစားထားပြီး ၆၃၄ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဘာစီလိုနာအသင်းသည် မက်ဆီကို စာချုပ်လျော်ကြေး

စာမျက်နှာ ၂၂ ကော်လံ ၅ ○